# ဒီမိုကရက်တစ်မြန်မာ့အသံ
# နိုင်ငံရေးအကျဉ်းသားများသတင်း
# မေ – ၂၀၀၇

ကချင်၌ အဓမ္မပြုကျင့်ခံရမှု တိုင်ကြားမိသူ အမျိုးသမီး (၄) ဦး ထောင်ဒဏ်ချမှတ် ၁ ၊ မေ ၊ ၂၀၀၇

နေအိမ်မှုခံစည်းရိုးမှာ စာကပ်ခဲ့သူ ဦးသိန်းဇံအမှု တရားရုံးမှ တရားသေလွှတ်ပေး ၂ ၊ မေ ၊ ၂၀၀၇

အဓမ္မပြုကျင့် ထောင်ချခံရသူ ကချင်ကျောင်းသူ (၄) ဦး ပြန်လွှတ်ပေးရန် တောင်းဆို ၂ ၊ မေ ၊ ၂၀၀၇

ရန်ကုန်၌ **HIV** ဝေဒနာရှင်တဦး တကိုယ်တော် ဆန္ဒပြ ၄ ၊ မေ ၊ ၂၀၀၇

**HIV** ဝေဒနာရှင် ကိုတင်ကိုနှင့် အဖွဲ့ချုပ် ဆက်စပ်မှုရှိ မရှိ အာဏာပိုင်များ စုံစမ်း ၅ ၊ မေ ၊ ၂၀၀၇

ဗိုလ်ချုပ်မှူးကြီး သန်းရွှေသမီး မင်္ဂလာဆောင်ခွေ ကြည့်သူများကို အာမခံ မပေးသေး ၆ ၊ မေ ၊ ၂၀၀၇

ပြည်မြို့မှ လူငယ်တဦးကို စွမ်းအားရှင်များက ဝိုင်းဝန်း ထိုးကြိတ်ပြီး မတရား ထောင်ချ ၆ ၊ မေ ၊ ၂၀၀၇

ရှေ့နေကျင့်ဝတ် ဖောက်ဖျက်မှုဖြင့် စွပ်စွဲခံရသူ အဖွဲ့ချုပ် ရှေ့နေ တဦး တရားခွင်သွားရောက် ၆ ၊ မေ ၊ ၂၀၀၇

မိတ္ထီလာ၌ စပျစ်သီးရောင်းသူတဦး အာဏာပိုင် မိသားစုဝင်များ ဝိုင်းဝန်း ရိုက်နှက် ၇ ၊ မေ ၊ ၂၀၀၇

(၈၈) ကျောင်းသားများ အဖမ်းခံနေရသည့် ရှမ်းခေါင်းဆောင်များ နေအိမ်သို့ သွားရောက်တွေ့ဆုံ ၈ ၊ မေ ၊ ၂၀၀၇ (၈၈)

ကျူရှင်ဆရာ ဦးအောင်ဖေ အင်းစိန်ဆေးရုံ၌ ခွဲစိတ်ကုသမှုခံယူ ၉ ၊ မေ ၊ ၂၀၀၇

ကိုတင်ကိုကို အမြန်ဆုံး ပြန်လွှတ်ပေးရန် **HIV** ဝေဒနာရှင်များ တောင်းဆို ၉ ၊ မေ ၊ ၂၀၀၇

နစ်ရှည်နိုင်ငံရေး အကျဉ်းသားဖြစ်သူ ဒေါက်တာသန်းငြိမ်း မျက်စိခွဲစိတ်ကုသရန် လိုအပ် ၁၀ ၊ မေ ၊ ၂၀၀၇

ကြံ့ဖွံ့အဖွဲ့၏ ဝိုင်းဝန်း ရိုက်နှက်မှုကြောင့် မန္တလေးမှ လူငယ်တဦး ဆေးရုံရောက် ၁၂ ၊ မေ ၊ ၂၀၀၇

ဆန္ဒပြသည့် မကွေးတိုင်း ကံမမြို့မှ **AIDS** ရောဂါရှင်တဦး ပြန်လည် လွတ်မြောက် ၁၃ ၊ မေ ၊ ၂၀၀၇

စစ်ဆေးစဉ် သေဆုံးသွားသူ ကိုနိုင်ဦးအမှု တရားရုံးတွင် စစ်ဆေးရာ မိသားစုကို အသိမပေး ၁၉ ၊ ဧပြီ ၊ ၂၀၀၇

ဟသ်ာ၁၌ အုပ်စုလိုက်အကြမ်းဖက်မှုကို အာဏာပိုင်များကိုယ်တိုင် ကြီးကြပ်လုပ်ကိုင် ၁၉ ၊ ဧပြီ ၊ ၂၀၀၇

အင်းစိန်ထောင်တွင်း၌ နိုင်ငံရေး အကျဉ်းသား ဦးဝင်းမြင့် ကျန်းမာရေး ဆိုးရွား ၂၀ ၊ ဧပြီ ၊ ၂၀၀၇

ဗိုလ်ချုပ်မှူးကြီးသမီး မင်္ဂလာဆောင်ခွေနှင့် စပ်လျဉ်း၍ ဖမ်းဆီးထားသူနှစ်ဦး စွဲချက်တင် ၂၀ ၊ ဧပြီ ၊ ၂၀၀၇

လူ့အခွင့်အရေး လပ်ြရှားသူများ အကြမ်းဖက်ခံရမှု တလုပ်ထော်ရဲစခန်းတွင် အမှုဖွင့် ၂၀ ၊ ဧပြီ ၊ ၂၀၀၇

ဟသ်ာတ၌ အဖွဲ့ဝင်များ ရိုက်နှက်ခံခဲ့ရခြင်းအပေါ် **HRDB** အဖွဲ့ ကြေညာချက် ထုတ်ပြန် ၂၀ ၊ ဧပြီ ၊ ၂၀၀၇

ဟသ်ာတ၌ လူ့အခွင့်အရေးလှုပ်ရှားသူများ အကြမ်းဖက်မှု ဖော်ထုတ်ရန် **AI** မှပြောဆို ၂၀ ၊ ဧပြီ ၊ ၂၀၀၇

ကမာရွတ်ရှိ နိုင်ငံရေးအကျဉ်းသား တဦးနေအိမ်သို့ ရဲမှ ဝင်ရောက် စစ်ဆေး ၂၂ ၊ ဧပြီ ၊ ၂၀၀၇

ဒုတိယအကြိမ်မြောက် ကုန်ဈေးနှုန်း ကျဆင်းရေး ဆန္ဒပြပွဲတွင် လူ (၇) ဦး ဖမ်းဆီးခံရ ၂၂ ၊ ဧပြီ ၊ ၂၀၀၇

ရန်ကုန်၌ ကုန်ဈေးနှုန်း ကျဆင်းရေး ဆန္ဒပြပွဲသတင်း နအဖ သတင်းစာတွင်ဖော်ပြ ၂၃ ၊ ဧပြီ ၊ ၂၀၀၇

ဟသ်ာတ အကြမ်းဖက်မှု အာဏာပိုင်များမှ စီစဉ်လုပ်ဆောင်ဟု ကိုယ်တိုင်ခံရသူမှ ပြောဆို ၂၄ ၊ ဧပြီ ၊ ၂၀၀၇

သိမ်ကြီးဈေးအနီး၌ ဦးအုန်းသန်း ဒုတိယအကြိမ် တကိုယ်တော် ဆန္ဒပြသဖြင့် ဖမ်းဆီးခံရ ၂၅ ၊ ဧပြီ ၊ ၂၀၀၇

ဟသ်ာတ၌ အာဏာပိုင်းများမှ အကြမ်းဖက် ဝိုင်းဝန်းရိုက်နှက်ခံခဲ့ရသူတဦး ဆေးရုံမှဆင်း ၂၅ ၊ ၀၄၊ ၂၀၀၇

စိန်စီသောညအခွေနှင့် စပ်လျဉ်း၍ ဖမ်းဆီးခံရသူနှစ်ဦး ထောင်ဒဏ် (၂) နှစ်ချမှတ် ၂၅ ၊ ၀၄၊ ၂၀၀၇

ကုန်ဈေးနှုန်းကျရေး ဆန္ဒပြခဲ့သူ ကိုထင်ကျော်နှင့်အဖွဲ့ကို လွှတ်ပေးရန် အိမ်ရှင်မများ တောင်းဆို ၂၅ ၊ ၀၄၊ ၂၀၀၇

အရိုက်ခံရသူ ကိုမြင့်နိုင်ကို အုတ်ပုံရယက ဥက္ကဌမှ ပြန်လည်တရားစွဲဆို ၂၆ ၊ ၀၄၊ ၂၀၀၇

ဟသ်ာတ၌ ရိုက်နှက်ခံရသူ အပါအဝင် ရွာသား (၆) ဦးကို ကြံ့ဖွံ့မှ တရားစွဲဆို ၂၇ ၊ ဧပြီ ၊ ၂၀၀၇

အောင်သပြေစခန်းဆီ အပို့ခံခဲ့ရသူ သဃ်န်းကျွန်း စံပြဈေးရှေ့ ဆန္ဒပြသူများ အခြေအနေ ၂၇ ၊ ဧပြီ ၊ ၂၀၀၇

အဖွဲ့ချုပ် ဒု–ဥက္ကဌဦးတင်ဦး၏ အယူခံလွှာ စစ်အစိုးရ ဝန်ကြီးအဖွဲ့ထံ တင်သွင်း ၂၈ ၊ ၀၄၊ ၂၀၀၇

အကျဉ်းသားများအား ထောက်ပံ့နေသည့် ဘာသာရေးအဖွဲ့ဝင်တဦးကို ဖမ်းဆီးရန်ကြိုးစား ၂၉ ၊ ဧပြီ ၊ ၂၀၀၇

## ကချင်၌ အဓမ္မပြုကျင့်ခံရမှု တိုင်ကြားမိသူ အမျိုးသမီး (၄) ဦး ထောင်ဒဏ်ချမှတ်

*၁ ၊ ဧပြီ ၊ ၂၀၀၇*

နအဖ စစ်တပ်၏ အဓမ္မပြုကျင့်မှုခံရသည်ကို မကျေနပ်၍ တရားရုံးသို့ တိုင်ကြားသူ ကချင်အမျိုးသမီးငယ် (၄) ဦးကို အာဏာပိုင်များမှ ပြန်လည် တရားစွဲဆိုပြီး ပူတာအိုထောင်တွင် အကျဉ်းချလိုက်ကြောင်း သိရပါသည်။ ယခုလ (၂) ရက်နေ့က လူငယ်များ၏ ဝါသနာအရ ပူတာအိုရှိ ဆနင်းကာရာအိုကေ ဆိုင်တွင် သီချင်းဆိုပြီးအပြန် တပ်ရင်း (၁၃၈) ဗိုလ်မှူးစိုးဝင်း၏ အဖွဲ့မှ အဓမ္မပြုကျင့်ခဲ့ခြင်း ဖြစ်သည်ဟု သိရပါသည်။ ၎င်းကိစ္စကို မကျေနပ်၍ ကာယကံရှင်များ၏ မိဘများမှ အမှုဖွင့်တိုင်ကြားခဲ့ရာ အပြစ်ကျူးလွန်သူ စစ်သားများအား အရေးမယူပဲ အဓမ္မကျင့်ခံရသည့် ၎င်း အမျိုးသမီးငယ် (၄) ဦးကို ပြည့်တန်ဆာလုပ်မှု အပါအဝင် အမှုပေါင်း (၁၀) မှုနှင့် တရားစွဲဆိုပြီး ထောင်ချလိုက်ခြင်း ဖြစ်သည်ဟု ၎င်း အမျိုးသမီးငယ်များ၏ နီးစပ်သူတဦးမှ ယခုလို ပြောပြပါသည်။

“အခု ဖြစ်တာက ဆနင်းဆိုင်မှာ ဖြစ်တာ။ အဲဒီမှာ ကာရာအိုကေဆိုရင်းနဲ့ သူတို့က လမ်းကြောင်းတည့်တဲ့ ဒုတ္တန်အထိကို (၂) မိုင်ဝေးတယ်။ အဲဒီကို သွားတာ။ လမ်းမှာ အဲဒီကနေ ခေါ်သွားတာ။ ဒုတ္တန်ရွာနဲ့ စစ်တပ်က (၂) ဖာလုံဝေးတယ်လေ။ အဲဒီမှာ ဖြစ်တာပါ။ ဒီက ကာရာအိုကေဆိုတာက တိုးတက်တဲ့ အနောက်နိုင်ငံကလို ကာရာအိုကေဆိုင်မျိုး မဟုတ်ဘူးလေ။ သူတို့က တီဗွီတလုံးချထာတယ်၊ အောက်စက်တလုံး ချထားတယ်။ အဲဒီမှာ သီချင်းသွားဆိုလိုက်တယ်။ ပြီးတော့ ပြန်လိုက်ရုံပဲ။ ဘာမှ မရှိဘူး၊ မိန်းကလေးလဲ မရှိဘူး၊ ယောကျ်ားလေးလဲ မရှိဘူး။ ကိုယ်က သီချင်းဆိုပြီး ပြန်လိုက်ရုံပဲ။ အဲဒီလိုဟာမျိုး။ မုဒိန်းကျင့်တာက အရာရှိတော့ မပါသေးဘူး။ ဒါပေမဲ့ စိုးဝင်းရဲ့ တပ်ရင်းထဲကပေါ့ ဖြစ်သွားပြီ၊ မုဒိန်းကျင့်ခံရတယ်။ အဲဒါတွေကြောင့် မိဘတွေက တိုင်တယ်။ အခုလ (၉) ရက်နေ့မှာ တော့ အမိန့်တော့ ချပြီးပြီ။ ဒါပေမဲ့ မွန္တလေးထောင် ပို့ဖို့အတွက်ကို လုပ်တော့လုပ်ထားတယ်။ ဒါပေမဲ့ ပို့သလား၊ မပို့ဘူးလား ဆိုတဲ့ သတင်းတော့ အတိအကျ မရဘူး။”

ထောင်ကျခံနေရတဲ့ အမျိုးသမီးငယ်များနှင့် နီးစပ်သူတဦး ပြောပြသွားခြင်းပါ။ ၎င်းအမျိုးသမီးငယ် (၄) ဦးမှာ အသက် (၁၄) နဲ့ (၁၆) နှစ် အကြားရှိ ကချင်မျိုးနွယ်စု လဝမ်တိုင်းရင်းသူဖြစ်ကြပြီး ၎င်းတို့၏ ဤမည်များမှာ လားဝမ်နန်၊ ချမ်တန်နင်လမ်၊ နန်ခီးခေါ်ဒိ၊ ပိုးလမ်တို့ ဖြစ်ပါသည်။ ၎င်းကိစ္စကို မကျေနပ်သည့် ပြည်ပရောက် ကချင်တိုင်း ရင်းသားများကလည်း မနက်ဖြန် တနလာၤနေ့တွင် ကမ္ဘာနဲ့အဝှမ်း ဆန့်ကျင်ဆန္ဒပြပွဲမျာယဒ ပြုလုပ်ရန် စီစဉ်နေကြကြောင်း သိရပါသည်။

**အစသို့**

---

## နေအိမ်မှုခံစည်းရိုးမှာ စာကပ်ခဲ့သူ ဦးသိန်းဇံအမှု တရားရုံးမှ တရားသေလွှတ်ပေး

*၂ ၊ ဧပြီ ၊ ၂၀၀၇*

နေအိမ်ခြံစည်းရိုးတွင် ကုန်ဈေးနှုန်းကိစ္စကို ဟုတ်ပ့ါမလား မောင်ဗ္ဗာလုရယ်လို့ လှောင်ပြောင်ရေးသား စာကပ်ခဲ့သူ ဦးသိန်းဇံ၏ အမှုကို ယနေ့တွင် တရားသေ လွှတ်လိုက်ပြီဖြစ်ကြောင်း သိရပါသည်။ ယနေ့တွင် သက်န်းကျွန်းတရားရုံးမှ ၎င်းကို တရားသေ လွှတ်လိုက်သည့်အပေါ် ဦးသိန်းဇံကိုယ်တိုင်က ယခုလို ပြောပြပါသည်။

“ကျနော့်ကို အာမခံလုပ်ပေးတဲ့လူတွေက မနက် (၈) နာရီလောက်ကတည်းက အိမ်လာခေါ်တယ်။ ကျနော်ရယ်၊ ကျနော့်ဇနီးရယ်၊ သားနှစ်ယောက်ရယ်။ လင့်အိုဗာကားနဲ့ လာခေါ်သွားတာ။ တရားရုံးကို ဝင်လာပြီးတော့ သူတို့က

မျက်နှာသွားပြလိုက်တယ်။ သတင်းပို့လိုက်ပါတဲ့ တရားသူကြီးရှေ့မှာ ကျနော်က သတင်းပို့လိုက်တယ်။ ကျနော့်ရှေ့နေ မရောက်သေးဘူး၊ ကျနော်ခဏ စောင့်အုံးမယ်လို့ ပြောပြီးတော့ အပြင်မှာ အဖွဲ့အစည်းက ပုဂ္ဂိုလ်တွေနဲ့ ဆက်ပြီးတော့ စကားပြောဆိုနေတယ်။ (၁၀) နာရီခွဲလောက်ကျတော့ သူတို့အဖွဲ့အစည်းထဲက ကျနော့်ကို အတင်းလာခေါ်တယ်။ လိုက်သွားရတယ်၊ လိုက်သွားပြီး ရှေ့မှာ မတ်တပ်ရပ်၊ ဦးသိန်းဇံကို တရားသေ လွှတ်လိုက်ပါပြီဆိုပြီး ပြောပြီးတော့ ကျနော်တို့ အဖွဲ့အစည်းက လူတွေကလဲ လက်ခုတ်လက်ဝါး တီးပြီးတော့ ပြန်ထွက်လာကြတာပဲ။”

ယခုလိုမျိုး ပြန်လည် လွတ်မြောက်လာသည့်အပေါ် ဇနီးသည်ဒေါ်မမလေး၊ သမီးမခင်အေးသန့်နှင့် သားဖြစ်သူ ကိုကျော်ခိုင်လင်းတို့ကလည်း – – –

“ရှေ့နေကြီးဦးအောင်သိန်းနဲ့ တကွ မျိုးဆက်သစ် ကျောင်းသားများ၊ အပေါင်းအသင်းများ၊ ဆွေမျိုးသားချင်းမကျန် အကုန်လုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။”

“အရမ်းဝမ်းသာပါတယ်။ အတိုင်းမသိ သမီးတို့ အရမ်းဝမ်းသာပါတယ်။”

“ကျနော့်အဖေရဲ့ လုပ်ရပ်က မှန်ကန်တဲ့ လုပ်ရပ်လို့ ကျနော်က ထင်ပါတယ်။ ဘာလို့လဲဆို ကျနော်အဖေက အခု လက်ရှိ ဖြစ်ပေါ်နေတဲ့ ခံစားချက်တွေကို တင်ပြတယ်ဆိုတော့ ဒါက မှန်ကန်တဲ့ လုပ်ရပ်လို့ ကျနော်တို့က ထင်ပါတယ်။”

တဆက်ထဲမှာပင် (၈၈) မျိုးဆက် ကျောင်းသားများ ဖြစ်ကြသည့် ကိုလှမျိုးနောင်၊ ကိုမင်းဇေယျာနှင့် ကိုဒွေးကြွယ်တို့ကလဲ ယခုလို သုံးသပ်ခဲ့ကြပါသည်။

“ဦးသိန်းဇံလိုမျိုးပဲ ကျနော်တို့ဆီမှာ ခံစားနေရတဲ့ ကိစ္စတွေကို ကျနော်တို့ ပြောခွင့်ရှိတယ်၊ တင်ပြခွင့် ရှိတယ်ဆိုတဲ့ အသိရတယ်။”

“တနည်းအားဖြင့်ပေါ့ ပြည်သူတွေရဲ့ နစ်နာမှုတွေ၊ ပြည်သူတွေရဲ့ မတရား ခံစားရမှုတွေကို ပြည်သူတယောက် အနေနဲ့ လွတ်လပ်စွာ တင်ပြခွင့် ရှိတယ်ဆိုတာကို တရားဥပဒေကနေ ခွင့်ပြုလိုက်တယ်လို့ ကျနော် ခံစားရတယ်။”

“အောက်ခြေရဲ့ မှားယွင်းမှုပေါ့။ အခုပြန်လည်သုံးသပ်ပြီးတော့ တရားသေ လွှတ်တယ်ဆိုတဲ့ဟာကို ကျနော်တို့ ကြိုဆိုပါတယ်။ ဒီလိုမျိုးပဲ ကျနော်တို့ ပြည်သူဟာ ကိုယ့်ရဲ့ အခွင့်အရေးဟာ ဘာလဲဆိုတာ သိဖို့ လိုအပ်ပါတယ်။”

လူ့အခွင့်အရေး လှုပ်ရှားသူ မစုစုနွေးမှ – – –

“ဦးသိန်းဇံလိုမျိုး မိမိဆန္ဒကို မိမိထုတ်ဖော်တဲ့လူတွေ များများ ပေါ်ပေါက်ပါစေလို့ ကျမက ဆုတောင်းပါတယ်။ အဲဒီလို ပေါ်ပေါက်လာလို့ အာဏာပိုင်တွေနဲ့ တရားဥပဒေအရ ရင်ဆိုင်တဲ့အခါမှာလဲ ကျမတို့ကနေပြီးနေတော့ ဦးသိန်းဇံဘက်က ရပ်တည်ခဲ့သလိုမျိုး ရပ်တည်အားပေးမှာ ဖြစ်ပါတယ်လို့။”

ကျောင်းသားခေါင်းဆောင် ကိုကိုကြီးကလည်း –– – –

“ဘာပဲပြောပြော ဒီလို အမှုမျိုးက နဂိုကတည်းက ဖမ်းသင့်တဲ့အမှု မဟုတ်ဘူး။ ပြည်သူတိုင်းမှာ သူတို့ရဲ့ ဆန္ဒကို လွတ်လပ်စွာ ဖော်ထုတ်ခွင့်ဟာ မွေးရာပါ အခွင့်အရေးပါ။ ပြန်လွတ်လာတယ် ဆိုတာကတော့ ဒါဟာ အမှန်တရားရဲ့ အောင်ပွဲလို့ ပြောရမှာပါ။ တရားမျှတမှု ဘက်ကနေ ဆောင်ရွက်ပေးတဲ့ ရှေ့နေကြီး ဦးအောင်သိန်းရော၊ အဖွဲ့အစည်း အသီးသီး၊ လူပုဂ္ဂိုလ် အသီးသီး၊ မီဒီယာတွေ အခန်းကဏ္ဍနဲ့ အားပေးတဲ့သူတွေ အားလုံးကို ကျေးဇူးတင်ပါတယ်လို့ ကျနော်တို့ ပြောချင်ပါတယ်။”

ဦးသိန်းဇံကိုယ်တိုင်ကလည်း သူ့လိုပဲ သာမန် ပြည်သူများမှ မိမိတို့ အခွင့်ရေး တွေကို သတ္တိရှိရှိ တောင်းဆိုကြပါလို့ ယခုလို တိုက်တွန်းသွားခဲ့ကြောင်းပါ။

“ပြည်သူတွေ အနေနဲ့ကတော့ ကိုယ့်ရင်ထဲမှာရှိတဲ့ ခံစားချက်ကိုတော့ တင်ပြသင့်တယ်လို့ ကျနော် ယူဆပါတယ်။ ကျနော်တို့လို အသက် (၆၀) ကျော် ပုဂ္ဂိုလ်ကြီးတောင်မှ မနေဘဲနဲ့ တင်ပြသေးတာပဲ။ ကျန်တဲ့လူတွေကလဲ တင်ပြသင့်တယ်။ စားနေရတဲ့ ကုန်ဈေးနှုန်းက သိပ်မြင့်နေတယ်။ ဆင်းရဲသား လူတန်းစားက အင်မတန် အခက်အခဲ တွေ့နေတယ်။ အဲဒီလို အခက်အခဲတွေ့နေတော့ ဆင်းရဲသား လူတန်းစား စားနိုင်တဲ့ ကုန်ဈေးနှုန်းဖြစ်အောင် ဆောင်ရွက်ပေးဖို့ပဲ။ ပြည်သူလူထုထဲကို သေချာလေ့လာပြီးတော့ ပြည်သူလူထုတွေ ဘယ်လို ဒုက္ခရောက်ပြီး စားသောက်နေထိုင်တယ် ဆိုတာကို သေချာလေ့လာပြီးတော့ ဆောင်ရွက်ပေးဖို့ သင့်တယ်လို့ ကျနော် ယူဆတယ်။ ”

အစသို့

## အဓမ္မပြုကျင့် ထောင်ချခံရသူ ကချင်ကျောင်းသူ (၄) ဦး ပြန်လွှတ်ပေးရန် တောင်းဆို

*၂ ၊ မေ ၊ ၂၀၀၇*

နအဖစစ်တပ်မှ အဓမ္မပြုကျင့်ပြီး ဖမ်းဆီးထားသည့် ကချင်ကျောင်းသူ (၄) ဦးကို အမြန်ပြန်လွှတ်ပေးရန် ပြည်ပရောက် ကချင်တိုင်းရင်းသားများမှ နအဖကို ယနေ့ တိုက်တွန်းတောင်းဆို လိုက်ပါသည်။ ကချင်ပြည်နယ် ပူတာအိုမြို့နယ် ဒုတ်တန်ကျေးရွာမှ အထက်တန်းကျောင်းသူ (၄) ဦးကို ခလရ စစ်တပ် (၁၃၈) မှ ဗိုလ်မှူးဇော်မင်းထက် အပါအဝင် အရာရှိ (၃) ဦးနှင့် တပ်သား (၄) ဦးတို့မှ ဖေဖေါ်ဝါရီလ (၂) ရက်နေ့တွင် အဓမ္မပြုကျင့်ခဲ့ရကြောင်း သိရပါသည်။ အဓမ္မပြုကျင့်ခံရသည့် ကျောင်းသူလေးများမှာ အသက် (၁၄) နှစ်နှင့် (၁၆) နှစ်အရွယ် ရဝမ်ကချင် လူမျိုးနွယ်တွေဖြစ်ပြီး သတင်းပေါက်ကြားသွားသည့် အတွက် ၎င်းတို့အား ပြည့်တန်ဆာမှုနှင့် ဖမ်းဆီးထားကြောင်း ဆိုပါသည်။ ထို့ကြောင့် ၎င်းတို့ လွတ်မြောက်ရေးအတွက် ဗြိတိန်၊ အမေရိကန်နှင့် ဂျပန်ရောက် ကချင်တိုင်းရင်းသားများမှ ယနေ့ တပြိုင်တည်း ဆန္ဒပြတောင်းဆိုခဲ့ကြပါသည်။ ပထမဆုံး လန်ဒန် နအဖသံရုံးရှေ့မှ ဆန္ဒပြပွဲအကြောင်း တင်ပြပေးလိုပါသည်။ ၎င်းဆန္ဒပြပွဲကို ဦးဆောင်သည့် ကချင်အမျိုး သားအစည်းအရုံး အတွင်းရေးမှူး ကိုဂွန်းတောင်မှ အဓမ္မပြုကျင့်ခံရသည့် ကျောင်းသူလေးများ၏ နောက်ဆုံး အခြေအနေကို ဆန္ဒပွဲအတွင်းမှ ယခုလို ပြောပြပါသည်။

"ဖြစ်ပွားပုံက ကျောင်းသူလေး နှစ်ယောက်ကို ဗိုလ်မှူးဇော်မင်းထက်နဲ့ အဖွဲ့က ကာရာအိုကေကို ခေါ်သွားတယ်။ ခေါ်သွားပြီး ကာရာအိုကေကနေတဆင့် တခါ ပြန်ပြီး စစ်တပ်ထဲကို ခေါ်သွားပြီးမှ အတင်းအဓမ္မ ပြုကျင့်ခဲ့တယ်။ ပြုကျင့်ပြီးမှ သူတို့က ပထမပိုင်းမှာ ကချင်ထုံးစံနဲ့အညီ ငွေကြေးလျော်ကြေး ပေးမယ်ပြောတယ်။ ဒါပေမဲ့ တကယ်တမ်းကျတော့ သူတို့က ကျပ် (၃) သိန်းကိုပဲ (၄) ယောက်ခွဲပေးဖို့ ပြောပြီးမှ ဒီသတင်းက မထင်မှတ်ဘဲနဲ့ ပြင်ပမီဒီယာတွေကို ပေါက်ကြားသွားတယ်။ ဒီလို ပေါက်ကြားသွားတာနဲ့ တချိန်ထဲမှာ ဒီလို အမျိုးသမီး (၄) ယောက်ကို တခါပြန်ပြီးတော့မှ ထိန်းချုပ်ထားတယ်။ အခု ဒီအမျိုးသမီး (၄) ဦးကို တခြားသော ပြစ်မှုတွေနဲ့ အမျိုးမျိုး စွဲချက် တင်ပြီးတော့မှ စွဲဆိုချက် (၁၀) ချက်နဲ့ တရားရုံးက ထောင်ချတယ်လို့ ကျနော်တို့ ကြားရပါတယ်။"

KNO အတွင်းရေးမှူး ကိုဂွန်းတောင် ဖြစ်ပါသည်။ ၎င်းဆန္ဒပြပွဲကနေ တောင်းဆိုသည့် အချက်များကိုလလည်း ၎င်းမှပင် ဆက်ပြောပြထားပါသည်။

"မိန်းကလေးတွေက ငယ်ငယ်ရွယ်ရွယ်နဲ့ အရက်တကွဲ မုဒိန်းကျင့်ခံရတယ်။ ပြီးတော့တခါ ပြန်ပြီးတော့ ဖမ်းဆီးထောင်ချခံ ရတယ်ဆိုတော့ ဒီမိန်းကလေးတွေကိုလဲ ချက်ချင်းလွှတ်ပေးဖို့ တောင်းဆိုတယ်။ နောက် ကျူးလွန်တဲ့ ဗိုလ်မှူးနဲ့ ဗိုလ်ကြီးနှစ်ယောက်နဲ့ သူ့ရဲ့စစ်သားတွေကို အပြစ်ပေးဖို့လဲ တောင်းဆိုတယ်။ နောက် တချိန်ထဲမှာပဲ တပ်မတော်သာလျှင်အမိ၊ တပ်မတော်သာလျှင်အဖလို့ ပြောနေတဲ့ ဗိုလ်ချုပ်ကြီးများကို အမိအဖဆိုတဲ့ ရာထူးဂုဏ်ကို လိုချင်ရင် အမိအဖရဲ့ ချစ်ချင်းမေတ္တာ အမိအဖတွေရဲ့ စိတ်ရှည်မှု အမိအဖတွေ့ရဲ့ သားသမီးအပေါ်ကို ကြင်နာမှုနဲ့ မိဘဂုဏ်သိက္ခာအတိုင်း ကျင့်ကြံဖို့ ကျနော်တို့ တိုက်တွန်းပါတယ်။"

လန်ဒန်မြို့မှ ဆန္ဒပြပွဲကို အခြား ဒီမိုကရေစီ အင်အားစုများနှင့် မြန်မာ့အရေး လှုပ်ရှားနေသည့် ဘားမားကန်ပိန်း ယူကေအဖွဲ့ကလည်း ပူးပေါင်းပါဝင်ခဲ့ကြောင်း သိရပါသည်။ အလားတူ ဆန္ဒပြပွဲကို ဂျပန်နိုင်ငံ တိုကျိုမြို့မှ နအဖသံရုံးရှေ့တွင်လည်း ပြုလုပ်ခဲ့ကြောင်း့ သိရပါသည်။ ဂျပန်မှာ ပြုလုပ်သည့် ဆန္ဒပြပွဲကိုမူ DKL လို့ခေါ်သည့် ကချင်အမျိုးသားများ ဒီမိုကရက်အဖွဲ့မှ ဦးဆောင်ပြီး ဂျပန်မှာ အခြေစိုက်သည့် အဖွဲ့အစည်းများနှင့်အတူ ညနေ (၃) နာရီမှာ ကျင်းပခဲ့ခြင်းဖြစ်ပြီး ကျင်းပရသည့် ရည်ရွယ်ချက်ကိုမူ ဆန္ဒပြပွဲ တာဝန်ခံတဦးမျ ယခုလို ပြောပြပါသည်။

"ဒီဆန္ဒပြပွဲရဲ့ အဓိက ရည်ရွယ်ချက်ကတော့ သားသမီးများအား ဆုံးမရမည့် အရွယ် မုဒိန်းကျင့်တယ်ဆိုတာ တော်တော်တော့ နအဖရဲ့ အာဏာရှင်တွေက တမင်သက်သက် လုပ်ဆောင်သလားဆိုတာ ကျနော်တို့ နားမလည်ဘူး။ အမြဲတမ်း သူတို့ ကြေညာနေပါတယ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအဓိက၊ တိုင်းပြည်ငြိမ်းချမ်းရေး အဓိကလို့ ပြောတာနဲ့ လုပ်တာနဲ့ တခြားစီပါ။ အဓိက ရည်ရွယ်ချက်ကတော့ အဲဒီ အမျိုးသမီးငယ်လေးတွေကို ပြန်လွှတ်ပေးဖို့နဲ့ တရားခံတွေဖြစ်တဲ့ စစ်ဗိုလ်တွေကို စစ်မှန်တဲ့နည်းနဲ့ လုပ်ဆောင်ပေးဖို့ နအဖကို တောင်းဆိုရခြင်း ဖြစ်ပါတယ်။ ဒါကြောင့် အခုလို သံရုံးရှေ့မှာ ဆန္ဒလာပြရခြင်း ဖြစ်ပါတယ်။"

၎င်းတို့က ယခု ကိစ္စကို အဖြစ်မှန်ဖော်ထုတ်ပေးရန် တောင်းဆိုခဲ့သော်လည်း (၂၀၀၆) ခုနှစ် အစောပိုင်းက KIO အုပ်ချုပ်သည့် ရှမ်းပြည်နယ် မူဆယ်အနီး နအဖက အကြောင်းမဲ့ ပစ်ခတ်သည့်အတွက် သေဆုံးသွားရသည့် ကချင်စစ်သား (၆) ဦးကိစ္စသည် အခုချိန်တွင် ပျောက်ကွယ်လုနီးပါး ဖြစ်နေခဲ့ရပြီး ၎င်းအဖြစ်ပျက်တွေနှင့် ပတ်သက်ပြီးတော့ ဆန္ဒပြပွဲ တာဝန်ခံကပဲ နအဖ အပါအဝင် KIO အဖွဲ့ကိုပါ ယခုလို တောင်းဆိုခဲ့ပါသည်။

"အုပ်ချုပ်တဲ့ နယ်မှာ ရှိနေတဲ့ ကျနော်တို့ရဲ့ ဒေသဆိုင်ရာ လူကြီးတွေကို ဒီလို ရုတ်တရက် ဝင်ရောက်ပြီးတော့ သတ်ဖြတ်သွားတယ်ဆိုတာ ငြိမ်းချမ်းရေးကို စော်ကားရာ ကျပါတယ်။ အခုထိ ဘာမှလဲ မလာဘူး၊ ဘာလို့ သတ်တာလဲ ထုတ်ပြန်ချက်လဲ မရှိဘူး။ အကောင်အထည်လဲ ဖော်မပေးဘူး၊ တုံ့ပြန်ချက်လဲ မရှိဘူး။ ဒါကတော့ မတရားဘူးလို့ ကျနော် မြင်ပါတယ်။ ဒီကိစ္စကို မဖြေရှင်းပေးဘူးဆိုရင် နောက်ဆက်တွဲလေးတွေ ဖြစ်ပေါ်လာနိုင်တဲ့အတွက်ကြောင့် လစ်လျူမရှုသင့်ဘူးလို့ ထင်ပါတယ်။ အဲဒါကြောင့် ဒီကိစ္စကို တောင်းဆိုရခြင်း ဖြစ်ပါတယ်။"

ကိုထင်အောင်၏ သတင်းပေးပို့ချက် ဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့တွင်လည်း အလားတူ ဆန္ဒပြပွဲ ယနေ့ ပြုလုပ်ရန် ရှိတယ်ကြောင်း သိရပါသည်။ ယခုအခါ ပူတာအိုမြို့ အဝင်အထွက်ကို အာဏာပိုင်များမှ အထူးသတိထား စောင့်ကြည့်နေသည့်အတွက် ဖမ်းဆီးခံနေရသည့် ကချင်ကျောင်းသူလေးများ၏ အခြေအနေ ဘယ်လိုမှ စုံစမ်းလို့မရ ဖြစ်နေကြောင်းကိုလည်း ကချင်အမျိုးသားအစည်းအရုံး KNO မှ ဒီဗွီဘီကို ပြောပြသွားခဲ့ပါသည်။

**အစသို့**

---

## ရန်ကုန်၌ HIV ဝေဒနာရှင်တဦး တကိုယ်တော် ဆန္ဒပြ

*၄ ၊ ဧပြီ ၊ ၂၀၀၇*

ကိုတင်ကိုလို့ အမည်ရသည့် HIV ကူးစက်ခံနေရသူတဦး ယနေ့ နေ့လည်ပိုင်းတွင် ရန်ကုန်မြို့၌ တကိုယ်တော် ဆန္ဒပြခဲ့သည်ဟု သိရပါသည်။ HIV ဝေဒနာရှင် တဦးဖြစ်၏ ပခုက္ကူမြို့ ကံမတိုက်နယ်နေ ကိုတင်ကိုဟာ ယနေ့ ညနေ (၃) နာရီတွင် ရန်ကုန်မြို့ ဒဂုံစင်တာရှေ့ တကိုယ်တော် ဆန္ဒပြခဲ့သည်ဟု သိရပါသည်။ ကိုတင်ကို ဆန္ဒပြသည်ကို ကိုယ်တိုင်မြင်တွေ့ခဲ့ရသူ တဦးမှ ယခုလို ပြောပြပါသည်။

"သူကိုယ်တိုင် ရေးထားတဲ့ စာရွက်တွေကို ဝေလိုက်တယ်။ ဝေပြီးကာမှ ဒဂုန် စင်တာရှေ့မှာ နောက် လက်ကမ်းစာစောင်တွေ တခါ ထပ်ဝေတယ်။ နောက်ပြီးတော့ သူ အဆင်သင့်ယူလာတဲ့ ပိုစတာတွေကို ခေါင်းပေါ်ရွက်၊ အော်ပြီး ဆန္ဒပြတယ်။ (၃) နာရီ (၂၅) မိနစ်ကျမှ သူ့ကို ဖမ်းသွားတယ်။ မိနစ် (၃၀) လောက်တော့ ကြာတာပေါ့။"

ကိုတင်ကို နှင့် စကားပြောခဲ့ရသည့်အတွက် ကိုတင်ကို ဘာလို့ ဆန္ဒပြတယ် ဆိုတာကိုလည်း ၄င်းမှယခုလို ဆက်ပြောပြပါသည်။

"သူကတော့ အခြား HIV/AIDS လူနာတွေကို ရန်ကုန်ကို တက်ကုဖို့ဆိုတာ မလွယ်ဘူးပေ့ါ။ နေရေး၊ ထိုင်ရေး၊ လမ်းစရိတ်၊ သွားရေး၊ လာရေးတွေ တကယ်မလွယ်တဲ့ ကိစ္စပါ။ ဝေဒနာသည်တွေရှိတဲ့ မြို့မှာရှိတဲ့ ဆေးရုံမှာပဲ ကုတဲ့ အနေအထားမျိုး၊ ARV ဆေးရှိတဲ့ အနေအထားမျိုးကို သူက လိုချင်တာတဲ့။ အဲဒါအတွက်ကို သူက ဆန္ဒပြရတာ ဖြစ်တယ်တဲ့။"

ယခုလို ဆန္ဒပြနေတုန်းမှာပင် သက်ဆိုင်ရာ အာဏာပိုင်များမှ ကိုတင်ကိုအား ဖမ်းဆီးခေါ်ဆောင် သွားသည်ဟု ယခုလို ဆိုပါသည်။

"အရပ်ဝတ် နှစ်ယောက်ရယ်၊ ယူနီဖောင်း အပြည့်အစုံနဲ့ ရဲတယောက်ရယ်၊ လာမေးတယ်။ သူ့ကို မေးနေတာ (၅) မိနစ်လောက် ကြာတယ်။ ဝန်ထမ်းတွေကလဲ အထက်ကို တင်ပြပုံရတယ်။ (၃) နာရီလောက်ကနေ (၃) နာရီ (၂၅) မိနစ်အထိ တယောက်ထဲ ဆန္ဒပြနေတာ။ နောက်မှ သူ့ကို ဖမ်းသွားတယ်။"

၄င်းအကြောင်းနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ စမ်းချောင်းမြို့နယ် ရဲစခန်းကို ဆက်သွယ် မေးမြန်းရာတွင် တာဝန်ကျ ရဲဝန်ထမ်းတဦးမှ ယခုလို ဖြေကြားပါသည်။

"မဟုတ်ပါဘူး။ ကိုတင်ကို ဆန္ဒ မပြပါဘူး။ မဖမ်ပါဘူး။ မေးတာပါ၊ စစ်မေးတာပါ။"

ဒီဗွီဘီ ။ ။ ဘာတွေ စစ်မေးတာလဲ။ ဘယ်မှာ ဖမ်းထားတာလဲ။

"မရှိတော့ဘူး။ ဒီစခန်းကို ရောက်မလာပါဘူး။"

အသက် (၃၃) နှစ်အရွယ် ကိုတင်ကိုသည် (၃) နှစ်အရွယ် ကလေးငယ် တဦးရှိပြီး မိသားစု (၃) ဦးစလုံး HIV Positive ဖြစ်နေပါသည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီလ (၁၀) ရက်နေ့ကလည်း ကံမမြို့ဈေးရှေ့တွင် HIV/AIDS ပညာပေး စာဖတ်ဝိုင်းကို ပြုလုပ်ခဲ့ပြီး (၃) ရက်အကြာတွင် အာဏာပိုင်များ၏ ပိတ်ပင်တားမြစ်ခြင်းကိုလဲ ခံခဲ့ရသူတဦးလည်း ဖြစ်ပါသည်။ ကိုတင်ကိုသည် လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်ရှိပြီး ၄င်းကို ဖမ်းဆီးခြင်းသည် လူ့အခွင့်အရေး ချိုးဖောက်ခြင်း ဖြစ်သည်ဟု လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူ ဦးမြင့်အေးက ယခုလို ပြောဆိုလိုက်ပါသည်။

"သူက HIV ဝေဒနာရှင်ပါ။ သူပြောတဲ့ အကြောင်းအရာတွေကလဲ သူက ဆေးကုသခွင့် မရဘူး။ ဆေးကုသခွင့် မလွှတ်လပ်ဘူး၊ အဲဒီလို ကျနော်ကြားတယ်။ ကြားတော့ အဲဒါကို သူဆန္ဒပြတယ်။ တကယ်လို့များ ကိုတင်ကိုလို ဝေဒနာရှင် တယောက်ကို ရုံးတင်မယ်၊ တရားစွဲမယ်ဆိုရင် အဲဒါဆိုရင်တော့ လူ့အခွင့်အရေး ချိုးဖောက်တယ်လို့ ကျနော် ယူဆပါတယ်။"

ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ WHO ၏ ပြီးခဲ့သည့် ဒီဇင်ဘာလတွင် ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံတွင် HIV/AIDS ရောဂါ ခံစားနေရသူပေါင်း အနည်းဆုံး (၃) သိန်း (၄) သောင်းရှိကြောင်းသိရပါသည်။ ၄င်းထဲက ဝေဒနာရှင် အနည်းစုကိုသာ HIV/AIDS ဆေးဖြစ်တဲ့ ARV ဆေးကုသခွင့် ရရှိနေခြင်းဖြစ်ပြီး နယ်စည်းမခြား ဆရာဝန်များအသင်း၏ ဒက်ချ်ရုံးခွဲမှ ဖွင့်လှစ်ထားသည် AZG ဆေးခန်းနှင့် ရန်ကုန်မြို့မြောက်ဥက္ကလာပ ဝေဘာဂီ ကူးစက်ရောဂါကု ဆေးရုံများကသာရန်ကုန်မြို့တွင် အဓိက ပေးအပ်နေကြောင်းကို လည်း သိရပါသည်။

**အစသို့**

---

## HIV ဝေဒနာရှင် ကိုတင်ကိုနှင့် အဖွဲ့ချုပ် ဆက်စပ်မှုရှိ မရှိ အာဏာပိုင်များ စုံစမ်း

*၅ ၊ ဧပြီ ၊ ၂၀၀၇*

မနေ့က ရန်ကုန်မြို့လယ်တွင် ဆန္ဒပြပြီး ဖမ်းဆီးထိန်းသိမ်းခြင်း ခံနေရသည့် HIV ဝေဒနာသည် ကိုတင်ကိုသည် အဖွဲ့ချုပ် နှင့် ဆက်စပ်မှု ရှိ မရှိ အာဏာပိုင်များမှ လိုက်လံ စုံစမ်းနေကြောင်း သိရပါသည်။ မနေ့က ဒဂုန်စင်တာရှေ့တွင် ဆန္ဒပြပြီး ဖမ်းဆီးထိန်းသိမ်းခြင်း ခံခဲ့ရသည် HIV ဝေဒနာရှင် ကိုတင်ကိုသည် NLD နှင့် ပတ်သက်မှု ရှိ မရှိ ပခုက္ကူမြို့ အထူးသတင်းတပ်ဖွဲ့ တာဝန်ခံ ဦးရဲမြင့်မှ ယနေ့ မနက်ပိုင်းတွင် ပခုက္ကူ NLD အဖွဲ့ စည်းရုံးရေး တာဝန်ခံ ဦးပိုက်ကိုဆီသို့ လာရောက်မေးမြန်းခဲ့ခြင်း ဖြစ်ပါသည်။ ၄င်းအကြောင်းနှင့် ပတ်သက်ပြီး ဦးပိုက်ကိုမှ ပြောပြရာမှာတော့ – – – –

"သူမေးတဲ့ အဓိက အချက်ကတော့ ကျနော်တို့ အဖွဲ့ဝင် ဟုတ်သလား၊ နောက်တခုက ဒီကိစ္စကို ကျနော်တို့ ခိုင်းသလားဆိုတာကို လာမေးတာပါ။ လာမေးတော့ သူတို့ အဖွဲ့အစည်းတွေ ရယကတို့၊ ကြံ့ဖွံ့တို့၊ နယ်ထိန်းရဲတို့က ကိုတင်ကိုဟာ ကျနော်တို့ NLD အဖွဲ့ဝင် ဖြစ်တယ်ဆိုတာကို ပြောတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ ကျနော်လဲ ရှင်းပြလိုက်တယ်လေ။ အရင်တခါလဲ ကျနော် ပြောပြီးပါပြီလို့၊ ကိုတင်ကိုဟာ NLD အဖွဲ့ဝင် မဟုတ်ဘူးလို့။ ဒါပေမဲ့ NLD လိုလားသူ ဖြစ်ချင်ဖြစ်မှာပေါ့လို့။"

တဆက်ထဲမှာပင် ကိုတင်ကို ပြန်လွှတ်ပြီဟု ရဲအထူးသတင်းတပ်ဖွဲ့မှ ၄င်းကို ပြောကြောင်း ဦးပိုက်ကိုမှ–––––

"ပြန်လွှတ်လိုက်ပါပြီလို့ အဲဒီလို ဆိုတာပဲလေ။ တဆက်ထဲပဲ အထက်က သူ့ကို ညွှန်ကြားသလား မသိဘူး။ ချက်ချင်းပဲ ကျနော်ဆီက ထသွားပြီး ကံမကို လိုက်သွားတယ်။"

၄င်းကိစ္စနှင့်ပတ်သက်ပြီး ပခုက္ကူမြို့ ရဲအထူးသတင်း တပ်ဖွဲ့ရုံးကို ဆက်သွယ် မေးမြန်းရာမှာတော့ ယခုလို ငြင်းဆိုခဲ့ပါသည်။

"ဟလို အမိန့်ရှိပါ။"

ဒီဗွီဘီ ။ ။ ဦးရဲမြင့်နဲ့ စကား ပြောချင်လို့ပါ။

"ဘယ်ကပါလဲ။"

ဒီဗွီဘီ ။ ။ ဒီဗွီဘီ အသံလွှင့် ဌာနက ခေါ်တာပါ။

"ဟုတ်ကဲ့ မရှိပါဘူး။ ခရီးထွက်သွားတယ်။ ကံမနဲ့ မဆက်စပ်ဘူး။ ဘယ်မှ မသွားဘူး။ အဲဒီဘက်ကို သွားတာ မဟုတ်ဘူး။ ဒီပြင့်နေရာကိုသွားတာ ကျနော်တို့ဆီက အဲဒီကိစ္စနဲ့ ပတ်သက်ပြီးတော့လဲ ဘာမှမသိဘူး။"

ကိုတင်ကိုဇနီး မကြည်ကြည်ဝေကတော့ ခင်ပွန်းသည် ဆန္ဒပြခြင်းကို သူဘာမှ မသိကြောင်းနှင့် အမြန်ဆုံး ပြန်လွှတ်စေချင် တယ်လို့ ယခုလို ပြောပြသွားပါသည်။

"သူက မကျွေးလို့ ပြောသွားတာ။ ကျမ အဲဒီကိစ္စလဲ ဘာမှ မသိရဘူး။ ဖမ်းသွားတာလဲ မသိဘူး။ သူတို့ လက်ထဲမှာ ရှိတာဆိုတော့ သူတို့လိုသလို ဖြစ်တာပေါ့။ ကိုယ်က ဘာတတ်နိုင်မှာလဲ။ ဘာမှ မတတ်နိုင်ပါဘူး။ အမြန်ဆုံး ပြန်လွှတ်စေချင်တာပါပဲ။"

**အစသို့**

---

## ဗိုလ်ချုပ်မှူးကြီး သန်းရွှေသမီး မင်္ဂလာဆောင်ခွေ ကြည့်သူများကို အာမခံ မပေးသေး

၆ ၊ ဧပြီ ၊ ၂၀၀၇

ဗိုလ်ချုပ်မှူးကြီး သန်းရွှေသမီး မင်္ဂလာဆောင်ခွေနှင့် ပတ်သက်၍ တရားစွဲ ခံထားရသည့် ညောင်တုန်းမြို့နယ်က ကိုသန်းထွန်းနှင့် ကိုတင်ဌေးတို့ (၂) ဦးကို အခုထိ အာမခံ မပေးသေးကြောင်း သိရပါသည်။ မင်္ဂလာဆောင်ခွေနှင့် ပတ်သက်ပြီး ညောင်တုန်းမြို့နယ် တရားရုံးတွင် တရားလိုပြ သက်သေများကို မနေ့မှ ယနေ့အထိ နှစ်ရက်ဆက်တိုက် စစ်ဆေးခဲ့ပါသည်။ ယနေ့ ရုံးချိန်းတွင် အာမခံ လျှောက်ခဲ့သော်လည်း မရခဲ့သည့်အကြောင်း ကိုတင်ဌေး၏ ဇနီးသည် မလွင်လွင်မာမှ ယခုလို ပြောပြပါသည်။

"သူတို့က တရားလိုပြ သက်သေတွေပဲ စစ်တုန်းပဲ။ အာမခံ လျှောက်ကြည့်တော့ မပေးဘူးတဲ့။ ဒီပုဒ်မက ပေးလို့ မရဘူးတဲ့။ ဦးသိန်းဇံလို မျိုးတောင်မှ အာမခံ ရသေးတာဆိုတော့ ကိုယ်လူကိုတော့ ကိုယ်ကလဲ ရစေချင်တာပေါ့။ (၉) ရက်နေ့မှာ တရားလိုပြ သက်သေကို စစ်မယ်။ ကျမတို့ဘက်က သက်သေတွေ တောင်းအုံးမလား မသိဘူး။ တောင်းရင်းတော့ စစ်မှာပါပဲ။"

နအဖ ဥက္ကဋ္ဌ သမီး မင်္ဂလာဆောင် အခွေကိစ္စနှင့် ကိုသန်းထွန်းနှင့် ကိုတင်ဌေးတို့နှစ်ဦးတွဲကို နိုင်ငံတော် အကြီးအကဲများအား အကြည်ညိုပျက်အောင် လုပ်မှု၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်အောင် ဖန်တီးမှုဆိုသည့် ပုဒ်မ (၅၀၅/ခ) နဲ့ တရားစွဲထားခြင်း ဖြစ်ပါသည်။ ဗီဒီယိုတိတ်ခွေ လက်ဝယ်တွေ့သူ ကိုသန်းထွန်းကိုတော့ ဗီဒီယို အက်ဥပဒေနှင့်ပါ တရားစွဲထားပါသည်။ တရားလိုမှာ ညောင်တုန်းမြို့နယ်ရဲစခန်းမှူး ဖြစ်ကြောင်းလည်းသိရပါသည်။ စိန်စီသောညှ ဗီဒီယိုအခွေသည် ဒေါ်လာသန်းချီတန်သည့် စိန်များ ဝတ်ဆင်ထားသည့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ သမီး မင်္ဂလာဆောင် အခမ်းအနားနှင့် ပြည်သူလူထု ခံစားရင်ဆိုင်နေရသည့် အခက်အခဲများ နှိုင်းယှဉ်တင်ဆက် ထားသည့်အခွေ ဖြစ်ပါသည်။

**အစသို့**

## ပြည်မြို့မှ လူငယ်တဦးကို စွမ်းအားရှင်များက ဝိုင်းဝန်း ထိုးကြိတ်ပြီး မတရား ထောင်ချ

၆ ၊ ဧပြီ ၊ ၂၀၀၇

ပြီးခဲ့သည့် မတ်လ (၃၀) ရက်နေ့တွင် ပဲခူးတိုင်း ပြည်မြို့ စည်တော်မင်္ဂလာရပ်ကွက်တွင် နေထိုင်သည့် မောင်အောင်ကြီး ဆိုသည့် လူငယ်တဦးကို စွမ်းအားရှင် အဖွဲ့ဝင်များမှ ဝိုင်းဝန်း ထိုးကြိတ်ခဲ့ကြပြီး၊ မတရား ထောင်ချခဲ့ကြောင်း သိရပါသည်။ အသက် (၁၈) နှစ်အရွယ် မောင်အောင်ကြီးဆိုသူကို စွမ်းအားရှင် အဖွဲ့ခေါင်းဆောင် ဦးလှမြင့်နှင့်အဖွဲ့တို့က ဝိုင်းဝန်းထိုးကြိတ် ရိုက်နှက်ခဲ့ကြပြီး၊ နောက်တနေ့မှာတော့ မူးယစ်ရမ်းကားတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ထောင် (၃) ရက် ချမှတ်ခဲ့ကြောင်း ပြန်လည်လွတ်မြောက်လာသူ ကာယကံရှင် မောင်အောင်ကြီးက အခုလို ပြောပြပါတယ်။ "ကိုဝင်းမောင်က ကျနော့်ကို မီးခြစ်ငှားတယ်၊ ကျနော့်မှာ မီးခြစ်မပါဘူးလို့ အကိုမှာ ဆေးလိပ်ပါရင် ဆေးလိပ်မီး တို့ပေးမယ်လို့ ပြောတာ။ အဲဒါ ကျနော့်ကို ငါရိုးမသား ဘာညာနဲ့ ဆဲပြီး ထွက်သွားတယ်။ ပြီးတော့ စွမ်းအားရှင်အဖွဲ့ ခေါင်းဆောင် ဦးလှမြင့်ကို ခေါ်လာပြီး ကျနော့်ကို နှစ်ယောက်က ချုပ်ပေးပြီးတော့ တယောက်က ထိုးတယ်။ ငါကစွမ်းအားရှင် အဖွဲ့ခေါင်းဆောင်ကွ မင်းတို့လို ကောင်မျိုးကို သတ်ပစ်လိုက်လို့ရတယ်၊ နိုင်ငံတော်က ငါ့ကို အာဏာပေးထားတာတဲ့။ ကလေကချေ အဖွဲ့အစည်း မဟုတ်ဘူးလို့ ကျနော့်ကို အဲဒီလိုပြောပြီး ကျနော့်ကိုထိုးတာ။ ကျနော့်နာမည်ရယ်၊ ကျနော့်အဖေ နာမည်ရယ် မေးပြီးတော့ ပုဒ်မ (၄၇) နဲ့ဆိုပြီး ကျနော့်ကို ထောင် (၃) ရက် ချလိုက်တယ်။" ဒီလို ထိုးကြိတ်ရိုက်နှက်ခဲ့တဲ့အတွက် မောင်အောင်ကြီးရဲ့ မျက်နှာမှာ ဖူးယောင်ဒဏ်ရာတွေ ရခဲ့သလို ဒရွတ်တိုက် ဆွဲခေါ်ခဲ့တဲ့အတွက် ခြေထောက်နဲ့ လက်တွေ ပေါက်ပြဲကုန်တယ်လို့လဲ ကာယကံရှင် မောင်အောင်ကြီးက ပြောပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ ပြည်မြို့ အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီရုံးကို ဆက်သွယ်မေးမြန်းတဲ့အခါမှာ တာဝန်ကျ ဝန်ထမ်းတဦးက အခုလို ပြန်လည် ဖြေကြားပါတယ်။ "အဲဒါ ကျနော်တို့ဆီမှာ မရှိဘူး။ လုပ်ရင်တော့ မှုခင်းဖြစ်ပွားမှု သတင်းနဲ့ တိုင်မယ်လေ။ ဒီသတင်းလဲ မရှိဘူး။ နောက်တခုက ဖြစ်စဉ်လဲ မဖြစ်ခဲ့ဖူးဘူး။ အဲဒီဖြစ်စဉ်လဲ ကျနော်တို့ဆီမှာ မရှိဘူး။" အလားတူ ပြီးခဲ့တဲ့ မတ်လထဲမှာပဲ မကွေးမြို့ အောင်ဇေယျာ ရပ်ကွက်အတွင်းမှာလဲ မူးယစ်ရမ်းကားတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ဒေသခံပြည်သူတဦးကို စွမ်းအားရှင် ဖိုးကျော်ဆိုသူက မဆီမဆိုင် ဝင်ရောက် ထိုးကြိတ်ခဲ့ကြောင်း မကွေးမြို့ခံတဦးက အခုလို ပြောပြခဲ့ပါသေးတယ်။ "အောင်ဇေယျာရပ် (၄) လမ်းထဲကို ကိုသန်းဌေးဆိုတဲ့လူက မူးပြီးတော့ ရမ်းတယ်လို့ သူတို့က ပြောတာပေါ့နော်။ အဲဒါနဲ့ ခေါ်ပြီးတော့ စစ်ကျတဲ့ အချိန်မှာ ယာအိမ်မှူး နှစ်ယောက်ရှိတယ်။ ဦးမောင်ငြိမ်းရယ်၊ ဦးခင်မောင်ညွန့်ရယ် နှစ်ယောက်ရှေ့မှာ ခေါ်ပြီးတော့ စစ်တာပေါ့။ အဲဒီမှာ စစ်နေတဲ့ အချိန်မှာ သူတို့ဘေးမှာ စွမ်းအားရှင် ဖိုးကျော်ဆိုတဲ့လူက သူတို့ စစ်နေတဲ့ ကြားထဲမှာ ဝင်ပြီးတော့ ကိုသန်းဌေးကို ထိုးကြိတ်တယ်။ ဘာမှမဆိုင်တဲ့ စွမ်းအားရှင်ဆိုတဲ့

လူက ဒီလူကြီးတွေ ဆုံးမနေတဲ့ ကြားထဲကနေ သူက ဘာလို့ ဝင်ပြီးတော့လုပ်ရမှာလဲ ဆိုပြီး ဦးလေးတို့က အရေးဆာသနားကာ မကျေနပ်တာပေါ့လေ။"

---

## ရှေ့နေကျင့်ဝတ် ဖောက်ဖျက်မှုဖြင့် စွပ်စွဲခံရသူ အဖွဲ့ချုပ် ရှေ့နေ တဦး တရားခွင်သွားရောက်

*၆ ၊ ဧပြီ ၊ ၂၀၀၇*

တရားရုံးချုပ် ရှေ့နေ တဦးဖြစ်သည့် အဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ် တဦးဖြစ်သည့် ဦးသိန်းညွန့်ကို ရှေ့နေကျင့်ဝတ် ဖောက်ဖျက်သည်ဆိုပြီး နိုင်ငံတော် တရားရုံးချုပ်မှ ဆင့်ခေါ်ခဲ့ခြင်းကြောင့် ယနေ့ တရားခွင်ကို သွားရောက်ခဲ့ကြောင်း သိရပါသည်။ ၄င်းအမှု အခြေအနေ အသေးစိတ် သိနိုင်ရန်အတွက် ဦးသိန်းညွန့်ကို ဆက်သွယ်မေးသည့်အခါ ယခုလို ရှင်းပြထားပါသည်။

"အဲဒီ ရုံးမှာ ကျနော့်ကို တရားရုံးချုပ်က ဧပြီလ (၆) ရက်နေ့မှာ တရားရုံးချုပ်ကို လာရမယ်ဆိုတဲ့ ချိန်းတဲ့ဟာကို ကျနော်က လာပါပြီခင်ဗျာလို့ သွားပြောရတာပေါ့။ ကျနော်ကိုယ်တိုင် ခုခံမလား၊ ရှေ့နေငှားမလား ဆိုတော့၊ ကျနော်ကိုယ်တိုင်ပဲ ခုခံမှာပေါ့။ အဲဒါကို ပြောလိုက်တော့ ရောက်ရှိကြောင်း သတင်းပို့တာပေါ့။ ပို့တော့ သူတို့ကလဲ ကျနော့်ကို ဘယ်အချက်၊ ဘယ်အချက်ပေါ်မှာ တရားစွဲတယ်ဆိုတဲ့ အဲဒါ တရားစွဲဆိုစာတွေ ဘာတွေ ဘာမှ ကျနော့်ကို မိတ္တူပေးစရာလဲ မရှိဘူးလေ၊ အဲတော့ ခုန ကျနော်ပြောတဲ့ အမှုတွဲမှတ်တမ်းကို ကျနော် ဖတ်ကြည့်တော့ တရားရုံးချုပ် တရားသူကြီးများ အစည်းအဝေး (၁/၂၀၀၇) အရ၊ ကျနော့်ကို ခုန တရားရုံးချုပ် ရှေ့နေများကောင်စီ အက်ဥပဒေပုဒ်မ (၁၀/၁) အရ အရေးယူသင့် မသင့် အဆုံးအဖြတ်ယူဖို့ အတွက် တရားခွင်ရှေ့မှောက် တင်ပြမယ်ဆိုတော့ တရားခွင်ရှေ့မှောက်မှာ ကျနော်က စကားပြောရမှာ"

၄င်းနေနှင့် နိုင်ငံတော် ရှေ့နေများကောင်စီမှ ပြဋ္ဌာန်းထားသည့် ပုဒ်မ (၁၀/၁) ကို ချိုးဖောက်တာမျိုး မရှိကြောင်း၊ ကိုယ်တိုင် လျှောက်လဲသွားမည်ဟု ဦးသိန်းညွန့်မှ ယခုလို ရှင်းပြပါသည်။

"ပုဒ်မ (၁၀/၁) ဆိုတာ ဘာလဲဆိုတော့ ဘားကောင်စီအက်ပေါ့၊ (၁၉၂၉) က ပြဋ္ဌာန်းတာ အဲဒီမှာ (၁၉၂၉) အင်္ဂလိပ်ခေတ်က ပြဋ္ဌာန်းတဲ့ ဥပဒေမှာ တရားလွှတ်တော်က ဗဟိုတရားရုံး ရှေ့နေတဦးတယောက်ရဲ့၊ ရှေ့နေ အသက်မွေးဝမ်းကျောင်းမှုနဲ့ အပြစ်တွေ့ရှိရင်သော်၎င်း၊ သို့တည်းမဟုတ် အခြားသော မကောင်းသော အပြုအမူ၊ အကျင့်သိက္ခာများ ပေါ်ပေါက်ကြောင်း သိရှိလျှင် ပြစ်တင် ဆုံးမခြင်းသော်၎င်း၊ သို့တည်းမဟုတ် ရှေ့နေအဖြစ်မှ ရပ်ဆိုင်းခြင်း၊ သို့မဟုတ် ထုတ်ပယ်ခြင်း ပြုနိုင်တယ် ဆိုပြီးတော့ ပြဋ္ဌာန်းထားတာကိုး၊ အဲဒီတော့ ကျနော်က ကျနော့် ရှေ့နေသက်တမ်း ကာလမှာ ရှေ့နေ အသက်မွေးဝမ်းကျောင်းနဲ့ ပတ်သက်ပြီးတော့ အပြစ်ကြီးလဲ ကျနော့်မှာ မရှိဘူး၊ အခြားမကောင်းတဲ့ အပြုအမူ အကျင့်သိက္ခာလဲ ကျနော် မကျူးလွန်ခဲ့ဘူး။ အဲတော့ ကျနော့်ကို ခုန အဲဒီအမှုမှာ စွပ်စွဲထားတဲ့ ကိစ္စကတော့ တရားဝန်ကြီး ဦးသိမ်းမောင်ရဲ့ အဆိုအမိန့်ကို အမှုပြီးဆုံးတဲ့ တပတ်ကျော်လောက်ကြာမှ အဲဒီတရားရုံးမှာ လျှောက်လဲချက်အတိုင်း ပြောလိုက်တဲ့ အချက်အလက်ပေါ့။ တရားဝန်ကြီး ဦးသိမ်းမောင်ရဲ့ ပြောကြားချက်က သက်သေခံ ပုဒ်မ (၈၄) အရလဲ၊ အစိုးရပုံနှိပ်တိုက်က ထုတ်ဝေတဲ့အတွက် ဒါမှန်ကန်တယ်ဆိုတဲ့ အချက်အနေနဲ့ မှတ်ယူရမှာ ပုဒ်မ (၁၀/၁) နဲ့ကျနော်က မငြိစွန်းဘူး၊ ဒါကြောင့် ကျနော့်ကို အရေးမယူသင့်ဘူး ဆိုတာတော့ အမှုခေါ်တဲ့နေ့မှာတော့ တရားရုံးချုပ်ရဲ့ တရားခွင်မှာ ကျနော်တင်ရမှာပေါ့။"

သူ့၏အမှုကို သကြိန်အပြီးတွင် ဆက်လက်စစ်ဆေးရန်ရှိကြောင်းလည်း ဦးသိန်းညွန့်မှ ပြောပါသည်။ ဦးသိန်းညွန့်သည် (၂၀၀၅) ခုနှစ်က ဖြစ်ပွားသည့် အမှုတခုတွင် အစိုးရတရားရုံး၏ မတရားသည့် စီရင်မှုကို ဝေဖန်ခဲ့ခြင်းကြောင့် ၎ခုလို အမှုရင်ဆိုင်နေရကြောင်းသိရှိရပါသည်။

**အစသို့**

---

## မိတ္ထီလာ၌ စပျစ်သီးရောင်းသူတဦး အာဏာပိုင် မိသားစုဝင်များ ဝိုင်းဝန်း ရိုက်နှက်

*၇ ၊ ဧပြီ ၊ ၂၀၀၇*

ပြီးခဲ့သည့်လ (၂၇) ရက်နေ့တွင် မိတ္ထီလာမြို့ အောင်ဆန်းနယ်မြေ စက်တန်းရပ်ကွက်တွင် စပျစ်သီးရောင်းသည့် (၈) တန်းကျောင်းသူတဦးကို အာဏာပိုင် မိသားစုဝင်များမှ ဝိုင်းဝန်း ရိုက်နှက်ခဲ့ခြင်းကြောင့် ဆေးကုသခံယူနေရကြောင်း သိရပါတယ်။

အရိုက်ခံရသူမှာ အသက် (၁၉) နှစ်အရွယ် (၈) တန်း ကျောင်းသူ မမေစုလှိုင် ဖြစ်ပြီး၊ ညောင်ဦး၊ ကျောက်ပန်းတောင်း၊ မကွေးသွားမည့် ကားဂိတ်တွင် စပျစ်သီးရောင်းရန် ပြေးလွှားသွားစဉ် တခြား စပျစ်သီးသည် မခင်သန်းအေးမှ ၎င်းကို တိုက်မိတယ်ဆိုပြီး စကားများ ရန်ဖြစ်ကြခြင်း ဖြစ်ပါသည်။ သို့ပေမဲ့ မခင်သန်းအေး၏အကို ရယကအဖွဲ့ဝင် ဦးသန်းရွှေမှ ရန်မဖြစ်ကြရန် လာရောက်ပြောဆိုချိန်တွင် ဦးသန်းရွှေ၏ညီ၊ ဦးကျော်ကျော် ဆိုသူက မမေစုလှိုင်ရဲ့ပါးကို ဝင်ရိုက်ခဲ့သည်ဟု့ သိရပါတယ်။ ယခုလို မဆိုင်သူတဦးကနေ ဝင်ရိုက်တာကို မကျေနပ်သည့် မမေစုလှိုင်၏အမေ ဒေါ်စန်းစန်းဌေးမှ ရဲစခန်းကို သွားရောက်တိုင်ကြားရန် ပြင်နေစဉ် ရယကအဖွဲ့ဝင် ဦးသန်းရွှေနှင့် မောင်နှမ (၅) ဦးက ဒေါ်စန်းစန်းဌေးတို့ သားအမိကို ထပ်မံ ရိုက်နှက်ခဲ့ကြောင်း ဒေါ်စန်းစန်းဌေးမျ ယခုလို ပြောပါသည်။

"နောက်ကို ရန်မဖြစ်ဖို့၊ စကားမများဖို့ ပြောနေတဲ့ အချိန်မှာ ရယက ဦးသန်းရွှေက မေစုလှိုင်ရဲ့ ပါးကိုရိုက်တယ်။ အဲဒီအချိန်မှာ သာရေးနာရေးဥက္ကဌ ဦးအောင်သန်းလဲ ရှိတယ်။ အမျိုးသမီးရေးရာက တာဝန်ကျနေတဲ့ တာဝန်ခံလဲ ပါလာတယ်။ အာလုံးလဲ မြင်တယ်။ အဲဒါကို ဦးသန်းရွှေ ကျမတိုင်မယ်ဆိုတော့ သွားတိုင်တဲ့။ တိုင်ချင်တဲ့နေရာ သွားတိုင်ချေပါတဲ့။ ကျမသမီးကို မေစုလှိုင်ကို သွားတိုင်ခိုင်းလိုက်တာ။ တိုင်ခိုင်းလိုက်တဲ့ အချိန်မှာ သူညီက လက်သီးနဲ့ လိုက်ထိုးပြီး နောက်က သူ့ညီမတွေကပါ ဝိုင်းရိုက်ကြတာပါ။ ဝိုင်းရိုက်တဲ့လူက အမျိုးသမီးက နှစ်ယောက် ဦးသန်းရွှေကတော့ မရိုက်ဘဲနဲ့ ရင်ဘတ်ပေါ်ကို နင်းထားတာ၊ မေစုလှိုင်ရဲ့ ရင်ဘတ်ပေါ်ကို။ နှစ်ယောက်က ရယက လူကြီး ဦးသန်းရွှေရယ်၊ ဦးကျော်ကျော်ရယ်၊ ကျန်တဲ့ (၃) ယောက်က အမျိုးသမီး ဒေါ်ခင်သန်းအေးရယ်၊ ဒေါ်ခင်ဆွေဝင်းရယ်၊ ဒေါ်ခင်အုန်းမြင့်ရယ်၊ ရွှေစင်ရယ်။ အကုန်လုံး (၆) ယောက်ပေ့ါ။"

အရိုက်ခံရသူ မမေစုလှိုင်၏ အမေ ဒေါ်စန်းစန်းဌေး ဖြစ်ပါတယ်။ ၎င်းကို တိုက်မိပါတယ်ဆိုပြီး စွပ်စွဲသည့် မခင်သန်းအေး သည် အမျိုးသမီးရေးရာ အဖွဲ့ဝင်ဖြစ်သလို၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အဖွဲ့ဝင်လည်း ဖြစ်တယ်ကြောင်း သိရပါသည်။ ယခုလို မတရား ရိုက်နှက်မှုကြောင့် ဒေါ်စန်းစန်းဌေး ခေါင်းကွဲပြီး ငါးချက်ချုပ်ရသလို၊ သမီးဖြစ်သူ မမေစုလှိုင်လည်း သတိမေ့မျောသည်အထိ ဖြစ်ခဲ့သည်ဟု ဒေါ်စန်းစန်းဌေးမှ ပြောပါသည်။ ထို့အပြင် ၎င်းတို့ သားအမိကို သနားသည့် ဆေးရုံမှ ဆရာဝန်မှ အခမဲ့ ဆေးကုပေးခဲ့သည်ဟု သိရပါသည်။ သို့သော် ဖြစ်ဖြစ်ခြင်းညတွင် ဒေါ်စန်းစန်းဌေးမျ ရဲစခန်းဆီ အမှုဖွင့် တိုင်ကြားခဲ့သော်လည်း တာဝန်ကျ ရဲဝန်ထမ်းများမှ ၎င်းတို့ကို အရေးမစိုက်ပဲ အိမ်ကို အတင်းပြန်ခိုင်းခဲ့ကြောင်းသိရပါသည်။ ယခုလို အာဏာပိုင်မိသားစုဝင်များမှ မတရား ရိုက်နှက်ခြင်းကို ဘာလို့ အမှုဖွင့် မပေးတာလဲလို့ မိတ္ထီလာအမှတ် (၁) ရဲစခန်းကို မေးသည့် တာဝန်ကျ ရဲဝန်ထမ်းတဦးမှ ယခုလို ဖြေကြားသွားခဲ့ပါသည်။

"ကျနော်က မသိဘူး။ ကျနော်တို့ တာဝန်မှူး မရှိဘူး။ ကျနော်က ဒီနေ့မှ ဝင်တာလေ။ အရင်တာဝန်မှူးတွေကို ကျနော်က မေးကြည့်ရအုံးမှာကိုး။ ကျနော်ဘေးမှာတော့ ဖိုင်ထားတာ မရှိဘူးလေ။ တခုတော့ ရှိတာပေ့ါ။ သူတို့ ဒဏ်ရာရလို့ သူတို့က ဆေးရုံနဲ့ ဆေးစာနဲ့ ပို့ထားရင်တော့ ဆေးရုံက ဆေးစာပြမှ တာဝန်ရှိတဲ့ လူတွေက ဆက်ဖွင့်ပေးမယ်လို့ မှာလိုက်လို့လား မသိဘူး။ သူ့ကို ဒီကို လွှတ်လိုက်ပါ။ မဆိုင်ပါဘူး။ အမျိုးသမီးရေးရာက အမျိုးသမီးရေးရာ သတ်သတ်ပါ။ ရိုက်ရင်ရိုက်တယ်ပေ့ါ၊ မဆိုင်ပါဘူး။ လက်ခံပါတယ်၊ ရပါတယ်။"

မိတ္ထီလာအမှတ် (၁) ရဲစခန်းမှ တာဝန်ကျ ရဲဝန်ထမ်းတဦး ဖြေကြားသွားခဲ့ခြင်း ဖြစ်ပါသည်။ ယခုအခါ မမေစုလှိုင်သည် ဆင်းရုံမှ ဆင်းရပြီဆိုသော်လည်း လာမည့် တနင်္လာနေ့တွင် ဆရာဝန်က ဆေးစစ်ရန် ပြန်ခေါ်ထားကြောင်း အရိုက်ခံရသူ မမေစုလှိုင်၏အမေ ဒေါ်စန်းစန်းဌေးမှ ဒီဗွီဘီကို ပြောပြသွားခဲ့ပါသည်။

**အစသို့**

## (၈၈) ကျောင်းသားများ အဖမ်းခံနေရသည့် ရှမ်းခေါင်းဆောင်များ နေအိမ်သို့ သွားရောက်တွေ့ဆုံ

*၈ ၊ ဧပြီ ၊ ၂၀၀၇ (၈၈)*

မျိုးဆက် ကျောင်းသားများ၏ အဖြူရောင် တနင်္ဂနွေ လှုပ်ရှားမှုကို ယနေ့တွင် ပဥ္စမပတ်မြောက် အဖြစ် ဆက်လက် လှုပ်ရှားခဲ့ပြီး ရှမ်းတိုင်းရင်းသား ခေါင်းဆောင် နိုင်ငံရေး အကျဉ်းသားများ ဖြစ်ကြသည့် ခွန်ထွန်းဦးနှင့် စိုင်းညွန့်လွင်တို့၏ နေအိမ်များမသို့ သွားရောက် ခဲ့ကြောင်းသိရှိရပါသည်။ မရမ်းကုန်း မြို့နယ်ထဲရှိ ၎င်းအိမ်များကို ရောက်ရှိသွားသည့် အခါတွင် ပရိတ်သတ် အင်အား (၁၀၀) နီးပါးအထိ ရှိလာခဲ့ကြောင်း ကျောင်းသားများမှ ပြောပါသည်။ ၎င်းတို့၏အဖွဲ့ကို ခွန်ထွန်းဦးနှင့် စိုင်းညွန့်လွင်တို့၏ မိသားစုများမှ ဝမ်းပမ်းတသာ ကြိုဆိုခဲ့ကြပြီး ဒါဟာ တိုင်းရင်းသား နိုင်ငံရေး အကျဉ်းသားများနှင့် ပထမဆုံး တွေ့ဆုံခြင်း ဖြစ်ပါသည်။ ခွန်ထွန်းဦးနှင့် စိုင်းညွန့်လွင်အပါဝင် ရှမ်းခေါင်းဆောင်များအား နှစ် (၁၀၀) ကျော်အထိ ထောင်ချပြီး

ဝေးလံခေါင်းဖျားသည့် အကျဉ်းထောင်များသို့ ပို့လွှတ်ထားသည့်အပေါ် ကျောင်းသားခေါင်းဆောင်များမှ ဝေဖန်ခဲ့ပြီး၊ ၎င်းသည် စစ်အစိုးရမှ ကြွေးကြော်နေသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ဆိုင်းဘုတ်နှင့် ကွဲလွဲနေကြောင်း ထောက်ပြခဲ့ကြပါသည်။

**အစသို့**

---

## ကျူရှင်ဆရာ ဦးအောင်ဖေ အင်းစိန်ဆေးရုံ၌ ခွဲစိတ်ကုသမှုခံယူ

*၉ ၊ ဧပြီ ၊ ၂၀၀၇*

ဗိုလ်ချုပ်အောင်ဆန်း ဓါတ်ပုံကို အလေးပြု၍ ထောင်ချခံထားရသည့် ကျူရှင်ဆရာ ဦးအောင်ဖေ ပြီးခဲ့တဲ့အပတ်က အင်းစိန်ဆေးရုံတွင် ခွဲစိတ်ကုသမှု ခံယူခဲ့ရကြောင်း သိရပါသည်။ ၎င်းကိစ္စနှင့်ပတ်သက်ပြီး ယခုလ (၆) ရက်နေ့တွင် ထောင်ဝင်စာ သွားတွေ့ခဲ့သူ ဦးအောင်ဖေ၏ အကိုဖြစ်သူမှ ယခုလို ပြောပြပါသည်။

"မတ်လ (၇) ရက်နေ့က တခါသွားတွေ့တုန်းက သူကပြောပြတယ်။ သူ့ကို ထောင်က အာဏာပိုင်တွေ ကနေတဆင့် အင်းစိန်ဆေးရုံကနေတဆင့် ဆရာဝန်ကြီး ဦးဌေးနိုင်က သူ့ကို ခေါ်တွေ့တယ်တဲ့။ သူ့ရောဂါ အခြေအနေကို ခွဲစိတ်ကုသမယ်လို့ အဲဒီလို ပြောတယ်။ ဆရာဝန်ကြီးကသူ့ကို ပြောတယ်တဲ့ အဆင်ပြေအောင် နားလည်မှု ယူရမယ်လို့ ပြောတယ်။ သူက အဲဒီလို နားလည်မှု ယူရမယ်ဆိုရင် အဆင်ပြေအောင် လုပ်ရမယ် ဆိုရင်တော့ မခွဲတော့ဘူး၊ ဆေးကုသမှု မလုပ်နိုင်ဘူးဆို အဲဒီလို ပြောပြီး ပြန်လာတယ်လို့ ကျနော့်ကို (၇) ရက်နေ့က ပြောတယ်။ နောက်တခေါက်က ဒီလ (၈) ရက်နေ့က သွားတွေ့တော့ (၈) ရက်နေ့မှာပဲ ထောင်အာဏာပိုင်တွေက သူ့ကို တွေ့ပြီးတော့ အခြေအနေကို ပြန်စစ်ဆေးပြီးတော့ မတ်လ (၁၂) ရက်နေ့က ဆေးရုံတင်လိုက်တယ်တဲ့။ အင်းစိန်ဆေးရုံ တင်ပြီးတော့ လိုအပ်တာလေးတွေကို စစ်ဆေးတာတွေ လုပ်ပြီးတော့ (၁၅) ရက်နေ့မှာ ခွဲလိုက်တယ်တဲ့။ သူ့ကို အူကျတဲ့ရောဂါဆိုတော့ ဘယ်လို ဖြစ်လဲဆိုတော့ ဝမ်းကိုက်တဲ့ ညာဘက်ကနေ ခွဲလိုက်တာ။ အပြင်ထွက်နေတဲ့ အူကို နံရိုးကြားထဲကနေ အပေါ်ကို ပြန်ဆွဲတင်ရတယ်။ (၅) ချက်ချုပ်ရတယ်။ သေသေချာလေးတော့ ခွဲစိတ်ကုသပေးပါတယ်တဲ့။ အဖိုးအခလဲ ဘာမှ မပေးရဘူး ပြောပါတယ်။"

ဦးအောင်ဖေ၏ လက်ရှိကျန်းမာရေး အခြေအနေနှင့် ထောင်ဝင်စာတွေ့ရသည့် အခက်အခဲကိုလည်း အကိုဖြစ်သူမှ ယခုလို ဆက်ပြောပြပါသည်။

"လက်ရှိ ကျန်းမာရေး အခြေအနေကတော့ တန်းတွေဘာတွေတော့ သိပ်မစီနိုင်သေးဘူး။ စီနိုင်တဲ့အခါတော့ ဝင်စီတယ်ပေါ့။ လမ်းကောင်းကောင်း မလျှောက် နိုင်သေးဘူး။ လာရောက်ကြည့်ရှုတာတို့ အဲဒါတွေ လုပ်နေတယ်လို့ ပြောပါတယ်။ ထူးခြားတာက သူက ဆေးရုံတက်တုန်းက ထောင်ကမလွှတ်သေးတဲ့ အတွက်ကြောင့်ပေါ့နော် အပြင်က ကျွေးတဲ့အစားအစာတို့၊ မုန့်ဟင်းခါးတို့၊ ရေခဲမုန့်တို့ကို ပြင်ပက စားချင်စရာ အစားအစာတွေကိုတဲ့ သူက ထောင်က မလွှတ်သေးတဲ့အတွက်ကြောင့် စားချင်ပေမဲ့ လုံးဝ မစားခဲ့ရဘူးတဲ့။ အဲဒါမျိုးပြောတယ်။ သူ ထောင်ကျနေတဲ့ အတောအတွင်းမှာ သူ့ခံယူချက်နဲ့ မစားဘူးပေါ့နော်။ လွှတ်မှပဲ စားမယ်ဆိုပြီးတော့ မစားခဲ့ဘူးပေါ့။ ထောင်ဝင်စာကလဲ တွေ့ရတာက မလွယ်ဘူး။ ထောင်ဝန်ထမ်းတွေကလဲ တယောက်နဲ့ တယောက်က မတူကြဘူးလေ။ ဒီအပတ်ဆိုရင် ကျနော်ကို ညီအကိုတော်ကြောင်း ထောက်ခံစာပေးရမယ်တဲ့ ကျနော်တို့ ညီအကိုနှစ်ယောက် ညီအကိုတော်တယ်ဆိုတာကို ဘယ်သူက ထောက်ခံပေးရမှာလဲ။ ကျနော်တို့ကလွဲလို့ ဘယ်သူက သိမှာလဲ။ ကျနော်ကလဲ ညီအကို မတော်ရင် အဝေးကနေ ရှမ်းပြည်ကနေ မလာပါဘူး။ ဆရာသစ္စာနီ ပြောသလို ကျနော်သည် ကျနော်ဖြစ်ကြောင်း သက်သေခံရာမှာ ကျနော်နဲ့ မလုံလောက်ကြောင်း ကျနော် သိ၍သွားပါသည်လို့ အဲဒီလို ဖြစ်နေပြီ။ ကျနော်က အကိုအရင်းပါလို့ ပြောတာကို မရဘူး။ အဲဒီမှာ ဦးအေးသင်းတဲ့ တပွင့်နဲ့ သူက အဝေးကနေလာတာပါကွာတဲ့ ခွင့်ပြုလိုက်ပါလို့ ပြောလို့။ လူအတော်များများက အဲဒီကိစ္စတွေမှာ ဒုက္ခပဲ ထောင်ဝင်စာတွေ့ရတာက။"

ဦးအောင်ဖေ၏ အကိုဖြစ်သူ ပြောပြသွားခြင်းပါ။ သူဟာ ရှမ်းပြည်နယ် မိုးမိတ် မြို့နယ်ကနေ အင်းစိန်ထောင်အထိ ဦးအောင်ဖေကို ခက်ခက်ခဲခဲ ထောင်ဝင်စာ လာတွေ့ရသည်ဟု ပြောပြပါသည်။ ဦးအောင်ဖေသည် ရန်ကုန်တိုင်း တွံတေးမြို့မှ အင်္ဂလိပ်စာ ကျူရှင်ဆရာတဦး ဖြစ်ပါသည်။ (၂၀၀၅) ခုနှစ် ဖေဖော်ဝါရီလ (၁၃) ရက် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့တွင် သူ့ကျူရှင်မှ တပည့်များအား ဗိုလ်ချုပ်၏ ဂုဏ်ကျေးဇူးအကြောင်း ပြောပြပြီး ဗိုလ်ချုပ်၏ ဓါတ်ပုံကို အလေးပြုခဲ့ခြင်းကြောင့် ထောင် (၃) နှစ်ချမှတ်ခံထားရခြင်း ဖြစ်ပါသည်။

**အစသို့**

---

## ကိုတင်ကိုကို အမြန်ဆုံး ပြန်လွှတ်ပေးရန် HIV ဝေဒနာရှင်များ တောင်းဆို

၄ ၊ မေ ၊ ၂၀၀၇

မကြာခင်က ရန်ကုန် ဒဂုံစင်တာရှေ့တွင် ဆန္ဒပြမှုနှင့် ထိမ်းသိမ်းထားခံရသည့် HIV ဝေဒနာရှင် ကိုတင်ကိုကို ပြန်လွှတ်ပေးရန် HIV ရောဂါရှင်များမှ နအဖ ဥက္ကဋ္ဌထံ စာရေးတောင်းဆိုရန် ပြင်ဆင်နေပြီဖြစ်ကြောင်း သိရပါသည်။ ဆန္ဒပြမှုနှင့် ဖမ်းဆီးခံခဲ့သည့် HIV ဝေဒနာရှင် ကိုတင်ကို သည် စမ်းချောင်းမြို့နယ် မယကရုံးတွင် တရက်တာ ထိန်းသိမ်းခြင်းခံခဲ့ရပြီး ယခု ဝေဘာဂီ ကူးစက်ရောဂါကု ဆေးရုံကို အာဏာပိုင်များမှ ပို့ထားခြင်း ဖြစ်ပါသည်။ ၄င်းတို့ လိုအပ်သည့် ဆေးကုသမှုများပေးေ နသော်လည်း ပေးနေပေမယ့် ဆက်လက် ထိမ်းသိမ်းထားဆဲဖြစ်သည့် အကြောင်းကိုတော့ သက်ဆိုင်ရာ ရဲဝန်ထမ်းတဦးမှ ယခုလို ပြောပြပါသည်။

“သူ့ကို စမ်းချောင်းရဲစခန်းမှာ မထားဘူး။ စမ်းချောင်းမြို့နယ် မယကရုံးမှာ တညသိပ်ပြီး (၄) ရက်နေ့ည သိပ်ပြီးခါမှ (၅) ရက်နေ့မှာ သူ့ကို ဝေဘာဂီဆေးရုံကို တင်ထားတယ်။ တင်ထားပြီး အထွေထွေဆေးစစ်ပေးမှုလုပ်တယ်။ အာထရာဆောင်းပါ သူ့ကို ရိုက်ပေးတယ်။ ထွက်လာတဲ့ အဖြေအားလုံးကို ကြပ်ပြေးကို ပို့ထားတယ်။ လွှတ်ဖို့ ဆက်ထိန်းသိမ်းဖို့ ဆိုတာကို အမိန့်ပေးမထားဘူး။ ဘာမှ အမိန့်မပေးဘူး။ ဒါပေမဲ့ အခုလောလောဆယ်မှာ သူ့ကို ဖမ်းဆီးထိန်းသိမ်းထားတဲ့ ပုံစံမျိုး မရောက်အောင် နေ့ခင်းဆိုရင် အရပ်ဝတ်နဲ့ လုံခြုံရေးတယောက်၊ ညဆိုရင်လဲ အရပ်ဝတ်နဲ့နှစ်ယောက် အဲဒီလို ယူထားတယ်။”

ကိုတင်ကို၏ ဆေးစစ်ချက်ကို နေပြည်တော်သို့ ပို့ဆောင်ထားပြီး နေပြည်တော်မှ အမိန့်စာလာမှသာ ပြန်လွှတ်သင့်မလွှတ်သင့်ကို စဉ်းစားဆုံးဖြတ်မည် ဖြစ်ကြောင်း ၄င်းမှ ပြောပြသွားခဲ့ပါသေးသည်။ ကိုတင်ကို၏ ကျန်းမာရေးအခြေအနေ ဆေးစစ်ချက်နှင့် ပတ်သက်၍ ဝေဘာဂီဆေးရုံအုပ် ဒေါက်တာအောင်ကျော်ဦးကို မေးမြန်းခဲ့ပါသည်။

“မကျန်းမာလို့ သူ ဆေးရုံမှာ လာပြတယ်။”

ဒီဗွီဘီ ။ ။ သူ့ကို အစောင့်အရှောက်တွေနဲ့ ထားထားတာလားဆရာ။

“အဲဒါတော့ ကျနော်နဲ့ မဆိုင်ဘူး။ ကျနော်တို့ဆီမှာတော့ လူနာစောင့် သူမှာ မပါလို့ ပေးထားတာပေ့ါ။”

ဒီဗွီဘီ ။ ။ သူ့ကို ဆေးရုံမှာ မိသားစုရော လာတွေ့ခွင့် ရှိလား။

“မိသားစုကတော့ လာလို့ ရတာပေ့ါ။ လူနာပဲဟာ။”

ကိုတင်ကိုသည် ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့ ညနေ (၃) နာရီ ဒဂုံစင်တာရှေ့တွင် HIV/AIDS ဝေဒနာရှင်များကိုယ်စား ရန်ကုန်မှာသာမက နယ်မြို့အသီးသီးမှာ လိုအပ်သည့် ဆေးဝါးကုသမှု ရရှိရန်အတွက် ဆန္ဒပြတောင်းဆိုခဲ့ခြင်း ဖြစ်ပါသည်။ အဲဒီအပေါ် အာဏာပိုင်များဖက်မှ ခေါ်ယူထိမ်းသိမ်းခဲ့ခြင်းလည်း ဖြစ်ပါသည်။ ယခု နှစ်ဆန်းပိုင်းကစပြီး HIV/AID ရောဂါသည်များအနေနှင့် ဆေးဝါးကုသမှု အခြေအနေကို လုံလောက်စွာ မရသည့်အပြင် နယ်မြို့များမှ ဆေးကုသရန် လာသည့် ဝေဒနာရှင်များကလည်း ဆေးဝါးမရဘဲ ပြန်သွားခဲ့ခြင်းများ အများကြီးရှိနေကြောင်း HIV/ AIDS ရောဂါဝေဒနာရှင်များအား ကူညီဆောင်ရွက်ပေးနေသည့် အဖွဲ့ချုပ်အဖွဲ့ဝင် မဖြူဖြူသင်းမှ ပြောပြပါသည်။

“တချို့ဆိုရင် နယ်ကနေ တက်လာကြတယ်။ အခု လောလောဆယ်မှာကိုပဲ ရန်ကုန်မှာ ဆေးရဖို့ လုံးဝမျှော်လင့်ချက်က မရှိဘူး။ ကျမတို့ဆိုရင်လဲ တတ်နိုင်သလောက်ပဲ ကူညီနိုင်တယ်။ ဆေးဝါးအနေနဲ့ မထောက်ပံ့နိုင်ဘူး။ ရန်ကုန်ကို ရောက်လာတဲ့ တချို့ဆိုရင် စိတ်ဓါတ်ကျပြီး ပြန်သွားတယ်။ တချို့ဆိုရင် အခုလက်ရှိမှာဆို အများကြီးပဲ။”

နယ်မြို့များမှ ရန်ကုန်တွင် ဆေးဝါးကုသမှုခံနေရသည့် HIV/AIDS ဝေဒနာရှင် အချို့မှကိုတင်ကိုအား အမြန်ဆုံး ပြန်လွှတ်ပေးဖို့နှင့် ARV ဆေးဝါး အလုံအလောက် ရရှိရန် တောင်းဆိုထားခြင်းကို စုပေါင်း လက်မှတ်ထိုးပြီး မနက်ဖြန်တွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပေးပို့မယ်ဟု သိရပါသည်။ လက်မှတ် ရေးထိုးသူများထဲမှ တဦးဖြစ်သည့် ကျောက်ပန်းတောင်းမြို့နယ်မှ ကိုရဲကျော်က အခုလို ပြောသွားပါသည်။

“အယောက် (၂၀) ကျော်ကျော် ရှိပါတယ်။ နယ်အသီးသီးကပါ။ အားလုံးလဲ ံ၍ဋ လူနာတွေပေ့ါနော်။ စိတ်မကောင်း ဖြစ်နေကြတယ်။ ကျနော်တို့လဲပဲ သူဒီလို ဖြစ်နေတာကို စိတ်မကောင်းပါဘူး။ အဲဒီအတွက် အားလုံး စုစည်းပြီးတော့ ညီညီညွတ်ညွတ်နဲ့ လက်မှတ်ထိုးပြီး တင်မှာပါ။ ဒီ ဆေးဝါး လိုအပ်တဲ့ လူနာတွေအတွက် အမြန်ဆုံး ဆေးဝါး ရရှိဖို့အတွက် ပြောချင်ပါတယ်။ နောက်တခုက ကိုတင်ကိုကိုလဲ အမြန်ဆုံး လွှတ်ပေးဖို့ ပေးဆိုချင်ပါတယ်။”

**အစသို့**

## နစ်ရှည်နိုင်ငံရေး အကျဉ်းသားဖြစ်သူ ဒေါက်တာသန်းငြိမ်း မျက်စိခွဲစိတ်ကုသရန် လိုအပ်

၁၁ ၊ မေ ၊ ၂၀၀၇

နှစ်ရှည်နိုင်ငံရေး အကျဉ်းသားဖြစ်သူ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းငြိမ်း မျက်စိခွဲစိတ်ရန် အရေးပေါ် လိုအပ်နေသော်လည်း အာဏာပိုင်များမှ ခွင့်မပြုခြင်းကြောင့် အခက်အခဲ ဖြစ်နေသည်ဟု သိရပါသည်။ ယခုလောလောဆယ် ပြည်ထောင်တွင် ဖမ်းဆီးခံနေရသူ အသက် (၆၉) နှစ် ရှိနေပြီဖြစ်သည့် ဒေါက်တာသန်းငြိမ်းသည် အသည်း၊ အစာအိမ်၊ ဆီးကျိတ်နှင့် မျက်စိဝေဒနာများ ခံစားနေရပြီး စစ်ဆေးရမည်ဖြစ်ကြောင်း ဆရာဝန် မှ ညွှန်ကြားထားသော်လည်း၊ ယခုလို စစ်ဆေးခွင့် မရခြင်း (၂) နှစ်နီးပါး ရှိနေပြီဟု မနေ့မှ ထောင်ဝင်စာ တွေ့ပြန်လာသူ ဇနီးသည် ဒေါ်ခင်အေးမှ ပြောပါသည်။ မျက်စိမှ ဘယ်လိုဖြစ်လို့ ခွဲစိတ်ကုသခွင့် မရတာလဲလို့ မေးသည့်အခါတွင် ဒေါ်ခင်အေးမှ ယခုလို ရှင်းပြထားပါသည်။

"အန်ကယ်က မျက်စိခွဲရမယ်တဲ့ ပြီးခဲ့တဲ့ လကုန်လောက်က စမ်းသပ်တော့။ ခွဲရမယ်ဆိုတော့လဲ ဟိုမှာကျတော့ သူက ခွဲပြီးတာနဲ့ ထောင်ထဲကို ပြန်ဝင်ရမယ်လေ။ အဲဒီအခါကျတော့ သူ့စားရေးသောက်ရေး လုပ်ဖို့ဆိုတာက သူ့ကို လုပ်ပေးမဲ့လူ မရှိဘူးလေ။ အဲဒီမှာ သူက မခွဲချင်ဘူးလေ။ ရန်ကုန်လိုနေရာမျိုးမှာ လာပြီးတော့ ဥပမာဆိုပါတော့၊ ဂတ်ဝပ်လို နေရာမျိုးမှာဆိုရင် တော်သေးတာပေ့ါ။ သူတို့လဲ သိနေတာပဲလေ၊ အန်ကယ်ကတော့ ဟိုမှာတော့ မလုပ်ဘူးလို့ ပြောထားတယ်။"

၄င်း၏ ဘယ်ဘက်မျက်စိတွင် တိမ်စွဲနေခြင်းဖြစ်ပြီး၊ ၄င်းကိုခွဲမယ်ဆိုလျှင် ရန်ကုန်မှာခွဲမယ် ပြည်ထောင်တွင် မလုပ်နိုင်ကြောင်း ဒေါက်တာသန်းငြိမ်းဘက်မှ ငြင်းဆိုနေခြင်း ဖြစ်ပါသည်။ မိသားစုနှင့်နီး၊ ဆေးဝါးလဲ ပြည့်စုံသည့် ရန်ကုန်ဆေးရုံကြီး အချုပ်ထောင်တွင် ခွဲခွင့်ရအောင် အာဏာပိုင်များထံသို့ တင်ပြ၍ မရဘူးကြောင်းမေးကြည့်သည့်အခါတွင် ဒေါ်ခင်အေးမှ ယခုလို ဖြေကြားသွားပါသည်။

"လူသားချင်း စာနာတဲ့အနေနဲ့ ရန်ကုန်ကို ပြန်ပြောင်းပေးပြီးတော့ မျက်စိကို အမြန်ဆုံး ခွဲပေးပါလို့ပဲ အန်တီက ပြောချင်တယ်။ တကယ်လို့ ဒီတဖက် မခွဲဘဲနဲ့ နောက်တဖက်ကို ခွဲသွားမယ်ဆိုရင် နှစ်ဖက်စလုံး ဒုက္ခရောက်တော့မှာပေ့ါ။"

အသက် (၆၉) နှစ်ရှိနေပြီဖြစ်သည့် ဒေါက်တာသန်းငြိမ်းကို (၁၉၉၇) ခုနှစ် အောက်တိုဘာလ (၂၈) ရက်နေ့တွင် စတင်ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး၊ စွဲချက်တင်သည့် အမှုမှာ ဒေါ်အောင်ဆန်းစုကြည်နှင့် လူငယ်များ အစည်းအဝေး လုပ်ဖြစ်အောင် စီစဉ်ပေးမှု ဖြစ်ပါသည်။ သူနှင့်အတူ မရမ်းကုန်း လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်မေဝင်းမြင့်လည်း အတူတူ အဖမ်းခံနေရခြင်းဖြစ်ပြီး ထောင်ဒဏ် (၇) နှစ်စီ အပြစ်ပေးခဲ့ပါသည်။ ၄င်း (၇) နှစ် ပြည့်သည့် အခါတွင် ပုဒ်မ (၁၀/က) နှင့် တနှစ်စီ ထပ်တိုးသည်မှာ ယခု (၁၀) နှစ် ပြည့်တော့မည် ဖြစ်သည်ဟု ဒေါ်ခင်အေးမှ ပြောကြားသွားပါသည်။

**အစသို့**

---

## ကြံ့ဖွံ့အဖွဲ့၏ ဝိုင်းဝန်း ရိုက်နှက်မှုကြောင့် မန္တလေးမှ လူငယ်တဦး ဆေးရုံရောက်

၁၂ ၊ မေ ၊ ၂၀၀၇

ပြီးခဲ့သည့် စနေနေ့က ယာဉ်ထိန်းရဲအပါအဝင် ကြံ့ဖွံ့အဖွဲ့၏ မင်းမဲ့ဆန်ဆန် ရိုက်နှက်မှုကြောင့် မန္တလေး အောင်မြေသာဇံမြို့နယ်မှ လူငယ်တဦး အပြင်းအထန် ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံတက် ကုသမှု ခံယူနေရကြောင်း သိရပါသည်။ မန္တလေးမြို့ အောင်မြေသာဇံရပ်နေ အသက် (၂၄) နှစ်အရွယ် ကိုမင်းသိုက်အား ပြီးခဲ့သည့် စနေ့ညတွင် ဆိုင်ကယ်လမ်းပြောင်းပြန်မောင်းသည့်အတွက် အထူးယာဉ်စစ်အဖွဲ့ဝင် ကြံ့ဖွံ့အဖွဲ့ဝင်တဦးမှ ဝိုင်းဝန်းရိုက်နှက်ခဲ့တယ်ကြောင်းသိရပါသည်။ ကိုယ်တိုင်တွေ့ခဲ့သည့် ဒေသခံတဦးမှ ၄င်းအခြေအနေကို ယခုလို ပြောပြပါသည်။

"သူက (၂၄) လမ်းကို တလမ်းမောင်းကို သူက ပြောင်းပြန်မောင်းလာတယ်။ သူက တားတာ။ တားတာ သူတို့အုပ် (၅၀) လောက် ထွက်လာကြတယ်။ သူက ကြောက်အားလန့်အားနဲ့ မောင်းပြေးလာတယ်။ နောက်သူက ညကြီး အချိန်မတော် ကိုယ့်ရိုက်လုမဲ့သူလား၊ သတ်မဲ့လူလားဆို ကိုယ့်ဟာကိုယ် ကြောက်စိတ်ဝင်သွားတာပေ့ါ။ (၈၆) လမ်း ဈေးချိုပလာဇာ ထိပ်လဲရောက်ရော ဟိုဘက်က စစ်သားနဲ့ ညှပ်ပြီးတော့ နံပါတ်တုတ်နဲ့ ရိုက်တယ်တဲ့။ မျက်နှာကို ရိုက်လိုက်တာ။ ဆိုင်ကယ်ရော လူရော တခြားဆီ ဖြစ်သွားတာ။ မှောက်ပြီဟဆိုပြီး ကျနော်တို့လဲ ဝင်လာရော ဘယ်လိုဖြစ်လဲဆိုတော့ စွမ်းအားတကောင်ကနေ ဒီနားလာပြီးတော့ မကပ်နဲ့ဆိုပြီးတော့ သူပြောပြီးလို့ ကျနော်တို့က စစ်သားကို ကြည့်လိုက်တော့ စစ်သားကလဲ သေနက်မောင်းကို ထိုးလိုက်တာပေ့ါ။ အခု ဒီနေ့ သိရသလောက်ကတော့ ကိုမင်းသိုက်ဆိုတာက ဘယ်ဘက်ခြေထောက်က ကျိုးသွားတယ်။ နှုတ်ခမ်းက ကွဲသွားပြီးတော့ သွားက နှစ်ချောင်းကျိုးသွားတယ်။ နောက် ဘယ်ဘက်ခြေထောက်က ထက်ပိုင်း ကျိုးသွားတာ။"

၄င်းကိစ္စနှင့် ပတ်သက်ပြီး အောင်မြေသာဇံမြို့နယ် ယာဉ်ထိန်းရဲစခန်းကို ဆက်သွယ်၍ မရခြင်းကြောင့် မြို့နယ်ရဲစခန်းကို ဆက်သွယ်မေးမြန်းရာတွင် တာဝန်ကျရဲမှူးမှ ယခုလို ဖြေဆိုပါသည်။

“ညဘက်မှာ ဒီလိုပဲ ပူးပေါင်းအစစ်မှာ သူက ဆိုင်ကယ်နဲ့ ထွက်ပြေးတယ် ထင်ပါတယ်။”

ဒီဗွီဘီ ။ ။ ကြံ့ဖွံ့က ရိုက်တယ်လို့ ကြားတယ်။

“ဝိုင်းဖမ်းတာ နေမှာပေ့ါ။ ဝိုင်းဖမ်းလို့ လဲသွားတာ နေမှာပေ့ါ။”

ကိုမင်းသိုက်၏ ကျန်းမာရေး အခြေအနေနှင့် ပတ်သက်ပြီး မိခင်ဖြစ်သူမှ ယခုလို ပြောပြပါသည်။

“သတိတော့ ရပါပြီ။ ခြေထောက်ကျိုးတာတို့၊ ပါးစပ်ကွဲတာတို့၊ သွားကျိုးတာတို့ ဖြစ်တာပေ့ါနော်။ အရင်ရက်က ကောင်းကောင်း သတိမရဘူးပေ့ါနော်။ စိတ်တော့ မကောင်းဘူးပေ့ါနော်။ ကျမကလဲ ကျန်းမာရေးကလဲ မကောင်း။ ကျမတို့လဲ အခု ဆေးရုံမှာပဲ။”

၄င်းကိစ္စနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ အာဏာပိုင်များအား အမှုမှန် ပေါ်ပေါက်ရန်အတွက် တိုင်ကြားရန် အစီအစဉ်ရှိသလားလို့ မေးမြန်းရာတွင် – – – – –

“ဘာမှတော့ အဲဒီလိုဟာတွေ မစဉ်းစားနိုင်ဘူးပေ့ါနော်။ ကလေးက ဒီနေ့မှ ကောင်းကောင်းလေး သတိလေးလည်တာ။ ကျန်းမာရေးအတွက်ပဲ မဲတင်းနေရတယ်။”

မျက်မြင်တွေ့ခဲ့သူ ဒေသခံက အာဏာပိုင်များအနေနှင့် စည်းကမ်း ဖောက်ဖျက်ရင် အရေးယူပိုင်ခွင့်ရှိကြောင်း သို့သော် ယခုလို တရားလက်လွတ် လုပ်မှုတွေကို မကျေနပ်ကြောင်း ခုလို ပြောပြသွားခဲ့ပါတယ်ရှင် – – – –

“ဆိုင်ကယ်ကိုတောင်မှ မနက်ဖြန်မှာ ထုတ်ပေးမယ်လို့ပြောပြီး တသိန်းခွဲတောင် သူတို့က တောင်းတာ။ ပြောမယ်ဆိုရင်တော့ သူက တလမ်းမောင်းလာတယ်။ ဆိုင်ကယ်ဦးထုပ် မပါရင်လဲ ထားပါတော့။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအတိုင်း အရေးယူပေ့ါ။ အခုက တရားလက်လွတ်ကြီး မျက်နှာကို တုတ်နဲ့ဆီးရိုက်ပြီး ဖမ်းတယ်ဆိုတော့ အခု သေနတ်တွေပါ ပါတယ်ဆိုတော့ သူတို့ ဖမ်းတဲ့အချိန်မှာ လွတ်သွားရင်တော့ သေနတ်နဲ့ ပစ်မယ်ဆိုတဲ့ သဘောတွေပေ့ါ။”

**အစသို့**

---

## ဆန္ဒပြသည့် မကွေးတိုင်း ကံမမြို့မှ **AIDS** ရောဂါရှင်တဦး ပြန်လည် လွတ်မြောက်

*၁၃ ၊ မေ ၊ ၂၀၀၇*

ARV ဆေး ရရှိရေး ဆန္ဒပြ၍ ဖမ်းဆီးခံထားရသည့် မကွေးတိုင်း ကံမမြို့မှ AIDS ရောဂါရှင် ကိုတင်ကို မနေ့တွင် ပြန်လွှတ်ပေးလိုက်ပြီဟု သိရပါသည်။ AIDS ရောဂါ ခံစားနေရသည့် ကိုတင်ကိုသည် ဆေးဝါးအလုံအလောက် မရရှိခြင်းကို မကျေနပ်သည့်အတွက် ယခုလ (၄) ရက်နေ့တွင် ရန်ကုန်မြို့၌ တကိုယ်တော် ဆန္ဒပြခဲ့ ခြင်းကြောင့် ဖမ်းဆီး ခံခဲ့ရပါသည်။ ၄င်းနောက် အာဏာပိုင်များမှ ၄င်းအား ရောဂါပိုးရှိမရှိ စစ်ဆေးပြီး မြောက်ဥက္ကလာပ ဝေဘာဂီဆေးရုံကြီးတွင် ရဲအစောင့်အကြပ်နှင့် (၁၀) ရက်နီးပါး ဖမ်းဆီးထားခြင်းဖြစ်ပါတယ်။ မနေ့မှ ကိုတင်ကို အား အာဏာပိုင်များမှ ရန်ကုန် အဝေးပြေးကားဂိတ်ဆီ ခေါ်သွားပြီး မကွေးတိုင်း ကံမမြို့သို့ တန်းပြန်ရန် ဖိအားပေးခဲ့ခြင်းကြောင့် သူ၏နေရပ် ကံမမြို့ဆီ ပြန်သွားပြီ ဖြစ်သည့်အကြောင်း ကိုတင်ကို၏ မိတ်ဆွေအချို့ အပြောအရ သိရပါသည်။

**အစသို့**

---

## စစ်ဆေးစဉ် သေဆုံးသွားသူ ကိုနိုင်ဦးအမှု တရားရုံးတွင် စစ်ဆေးရာ မိသားစုကို အသိမပေး

*၁၉ ၊ မေ ၊ ၂၀၀၇*

အာဏာပိုင်များ၏ ခေါ်ဆောင်ခြင်းကို ခံခဲ့ရပြီး သေဆုံးသွားခဲ့သည့် မြောက်ဥက္ကလာပ ရုံးအတွင်းတွင် သေဆုံးသွားခဲ့ရသည့် ကိုနိုင်ဦး (ခေါ်) ကိုရဲနိုင်ဦး၏အမှု တရားရုံးတွင် စတင်စစ်ဆေးနေပြီဖြစ်ကြောင်း သိရပါသည်။ သို့ပေမဲ့ သက်ဆိုင်ရာ အာဏာပိုင်များမှ ကိုနိုင်ဦး၏ မိသားစုများကို လုံးဝ အသိမပေး အကြောင်းကြားခြင်း မရှိခဲ့ကြောင်း သိရပါသည်။ ရပ်ကွက်အာဏာပိုင်များ ဖမ်းဆီး ထိမ်းသိမ်းထားစဉ် သေဆုံးသွားသည့် ကိုနိုင်ဦး အမှုနဲ့ပတ်သက်ပြီး မြောက်ဥက္ကလာပ တရားရုံးတွင် အမှုစတင် စစ်ဆေးနေခြင်း ဖြစ်ပါသည်။ ယခုလိုအမှု စတင်စစ်ဆေးနေပေမယ့် မိသားစုကိုတော့ အသိပေး အကြောင်းကြားခြင်း မရှိသည့်အကြောင်းကို မိခင်ဖြစ်သူ ဒေါ်စန်းရီမှ ယခုလို ပြောပြပါသည်။

“တရားရုံးကို ဒီအမှုတွဲ ရောက်နေတယ်တဲ့။ ရုံးချိန်း နှစ်ပတ်ရှိပြီတဲ့။ သင်္ကြန်မတိုင်ခင် (၁၁) ရက်နေ့က တခါ၊ အခု (၂၆) ရက်နေ့ကို တခါလို့ ကျမ ကြားထားတယ်။ လူတယောက်က ကျမကို လာလာပြီးတော့ ပြောပြတာ။ ပြောပြလို့ ကျမ ဒီအကြောင်းကို သိရတာ။ ရုံးချိန်းတယ်ပေ့ါ၊ သူတို့ သွားလာနေရတယ် ဆိုတဲ့ အကြောင်းကို။”

ကိုနိုင်ဦး၏ညီ ကိုမင်းဆန်းက ၄င်းအမှုကိစ္စနှင့် ပတ်သက်ပြီး သက်သေများကို စစ်ဆေးနေရာတွင် ကိုနိုင်ဦးသေဆုံးစဉ်က မျက်မြင်တွေ့ရှိခဲ့သည့် သက်သေများကို စစ်ဆေးသင့်ကြောင်းယခုလို ထောက်ပြပြောဆိုပါသည်။

“တကယ်တမ်း ဖြစ်သင့်တာက ဥပဒေလမ်းကြောင်းက ပြောမယ်ဆို တရားရုံးက မျက်မြင်သက်သေတွေ ဖြစ်တဲ့ ကိုဇော်ဝင်းတို့၊ ကိုကျော်ကျော်တို့ကို တရားရုံးကနေ ခေါ်စစ်ရမှာ။ မျက်မြင်သက်တွေ၊ ဘာဒဏ်ရာတွေ တွေ့ခဲ့သလဲ၊ ဘယ်လိုပုံစံမျိုးနဲ့ သေဆုံးခဲ့တာလဲ၊ ဘယ်လိုတွေ့တယ်ဆိုတာကို အလောင်းသယ်တဲ့ လူတွေကို မေးရမှာပေ့ါ။ အခု ဘယ်လို လူမျိုးတွေကို ခေါ်စစ်နေတာလဲ ကျနော်တို့ကတော့ လုံးဝ မကျေနပ်ဘူး။”

ကိုနိုင်ဦးအမှု တရားရုံးတွင် စစ်ဆေးနေခြင်းနှင့် ပတ်သက်ပြီး ဘာမှမသိခဲ့ရသည့်အပေါ် မကျေမနပ်ဖြစ်ရသည် အကြောင်းကိုလည်း မိခင်ဖြစ်သူ ဒေါ်စန်းရီက – – – – –

“ကျမက ဘယ်ကျေနပ်မလဲ တရားရုံးမှာ စစ်တယ်ဆိုရင်လဲ ကျမတို့ကိုလဲ သဗ္ဗန်စာ ဆင့်ပေ့ါ၊ ရင်ဆိုင်ရမယ်ပေ့ါ။ လက်ရှိ သက်တွေ မပါဘူးဆိုတော့ ဒီအမှုက သူတို့ သာမန်ကာလျှံကာ စစ်ဆေးနေလို့ ကျမတော့ ထင်မိတယ်။ သားလေး အမှုမှန် ပေါ်ပေါက်ရေးအတွက် ကျမကတော့ ကြေကွဲလဲ၊ ကြေကွဲတယ်၊ ဝမ်းလည်းဝမ်းနည်းတယ်။”

အသေးစိတ်သိရှိနိုင်ရန် မြောက်ဥက္ကလာပ တရားရုံးကို ဆက်သွယ်၍ မရခြင်းကြောင့် သေမှုသေခင်းဖွင့်ထားသည် မြောက်ဥက္ကလာပ ရဲစခန်းကို မေးမြန်းခဲ့ရာ တာဝန်ကျ အရာရှိတဦးမှ ယခုလို ဖြေဆိုပါသည်။

“စခန်းမှူးက အပြင်ခဏ ထွက်သွားတယ်။ ကျနော်တို့က အဲဒါကျတော့ သုံးသပ်လို့ မရဘူး။ မရဘူးဆိုတာက စခန်းမှာ အမှုတွဲတည်ဆောက်တဲ့ ဆေးစာတို့ကလဲ ဒါတွေ မဟုတ်ပါဘူးဆိုတဲ့ အထောက်အထားတွေနဲ့ စခန်းကလဲ အားလုံး တင်ပြီး ဖြစ်နေတဲ့အတွက် ကျနော်တို့ ဒီက သုံးသပ်လို့ မရဘူး။”

ကိုနိုင်ဦးသည် မြောက်ဥက္ကလာပ (၂) ရပ်ကွက် နိဗ္ဗာန်လမ်းတွင် နေထိုင်ပြီး ပြီးခဲ့သည့် မတ်လ (၁၈) ရက်နေ့ညတွင် လင်မယားအချင်းစကားများသည့် ကိစ္စနှင့်ပတ်သက်ပြီး အာဏာပိုင်များ၏ ခေါ်ယူထိန်းသိမ်းခြင်း ခံခဲ့ရခြင်းပါ။ ၄င်းနောက် (၁၉) ရက်နေ့ မနက်မှာတွင် မြောက်ဥက္ကလာပ ရယကရုံတွင် သေဆုံးခဲ့ခြင်း ဖြစ်ပါသည်။ ကိုနိုင်ဦး သေဆုံးမှုအတွက် ရဲစခန်း အာဏာပိုင်များကိုယ်တိုင် ဥပဒေနဲ့အညီ မှန်မှန်ကန်ကန် စစ်ဆေးရန် တာဝန်ရှိကြောင်း ရန်ကုန်မြို့ တရားရုံးချုပ် ရှေ့နေ ဦးအောင်သိန်းမှ ယခုလို ပြောဆိုလိုက်ပါသည်။

“ရဲစခန်းကနေ သေမှုသေခင်း ဖွင့်တဲ့အခါမှာ သူတို့ဟာသူတို့ စုံစမ်းစစ်ဆေးပြီးတော့ တရားရုံးကို သွားတင်တယ်။ ဆရာဝန် ဆေးစာကို စောင့်တယ်။ ဆရာဝန် ဆေးစာမှာ သေရခြင်း အကြောင်းတရားက ရောဂါတစုံတခုနဲ့ သေဆုံးတယ်လို့ပဲ မှတ်ချက်ပေးလို့ရင် ဒီသေမှုသေခင်းက နောက်ပိတ်သိမ်းလိုက်တာပဲ။ အဲဒီလို အခြေအနေမျိုးမှာ တကယ် ပကတိ ဖြစ်ပေါ်နေတဲ့ ကိစ္စမှာ ဒဏ်ရာဒဏ်ချက်တွေ ဘာကြောင့်ရှိသလဲ။ ဒီ ဒဏ်ရာဒဏ်ချက်တွေက ဘာကြောင့် ရသလဲဆိုတာ ရဲစခန်းအာဏာပိုင်တွေ ကိုယ်၌က မှန်မှန်ကန်ကန်နဲ့ ပြည့်ပြည့်စုံစုံ စစ်ဆေးဖို့ လုပ်ရမဲ့ တာဝန်ရှိတယ်ပေ့ါ။”

ကိုနိုင်ဦး သေဆုံးမှုအပေါ် အမှန်အတိုင်း တရားစီရင်ပေးရန် မကြာခင်တွင် အထက် အာဏာပိုင်များထံသို့ တိုင်စာပို့ရန် စီစဉ်နေကြောင်းလည်း ဒေါ်စန်းရီမှ ပြောပြ သွားခဲ့ပါသည်။

**အစသို့**

---

## ဟသ်ာ၌ အုပ်စုလိုက်အကြမ်းဖက်မှုကို အာဏာပိုင်များကိုယ်တိုင် ကြီးကြပ်လုပ်ကိုင်

*၁၉ / ဧပြီ / ၂၀၀၇*

ဧရာဝတီတိုင်း ဟသ်ာတမြို့နယ်တွင် လူ့အခွင့်အရေး မြှင့်တင်သူများကို ဝိုင်းရိုက်ခံခဲ့ခြင်းသည် အာဏာပိုင်များ၏ လက်ချက် ဖြစ်သည်ဟု အရိုက်ခံရများ ကိုယ်တိုင်က အခိုင်အမာ ပြောဆိုလိုက်ပါသည်။ ၄င်းဖြစ်စဉ်မှာ မယက ဥက္ကဌ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ကြံ့ဖွံ့အတွင်းရေးမှူးတို့ ပါဝင်ပတ်သက် နေသည်ဟု ၄င်းတို့မှ ပြောပါသည်။ ရိုက်နှက်ခံရသူနှစ်ဦးပါ လူ့အခွင့်အရေးအုပ်စု၏ ပြောခွင့်ရသူ တဦးဖြစ်သည့် ဦးမြင့်အေးမှ မနေ့တွင် ဖြစ်ပွားခဲ့သည့် အုပ်စုလိုက် ရိုက်နှက်ခံရမှုကို ဟသ်ာတကြံ့ဖွံ့ အတွင်းရေးမှူး ဦးညွန့်ဦးကိုယ်တိုင် အမိန့်ပေး စေခိုင်းခြင်း ပြောဆိုပါသည်။

“ဟသ်ာတမြို့နယ် အတွင်းရေးမှူး ဦးညွန့်ဦးဆိုတဲ့လူက သူ့လက်ထဲမှာ စက်တလုံး ရှိတယ်။ စက်နဲ့ စကားပြောတာ ချဟော့၊ ဟေး ဟား ချဟော့၊ ဘာညာနဲ့ လူအုပ်ကြီးနဲ့ ညာသံပေးပြီး ဝိုက်ရိုက်ကြတယ်။ ၄င်းကိစ္စ၏ အဓိက တရားခံဟာ သူတို့ပဲ။ သူတို့ အမိန့်ပေးလို့ပဲ မယက ဥက္ကဋ္ဌတို့၊ ရဲစခန်းမှူးတို့က ဒီမှာ ရှိနေကြတာပဲ။ အဲဒီရဲ့ ရှေ့မှောက်မှာ ဖြစ်တဲ့ကိစ္စဟာ တကယ့် ဥပဒေပြင်ပကနေ ကျူးလွန်တဲ့ကိစ္စပဲ။ ဒါက အကြမ်းဖက်တာပဲ။”

ဖြစ်ပွားမှု အသေးစိတ်ကို ဦးမြင့်အေးမှ ယခုလို ဆက်လက်ရှင်းပြပါသည်။

“ကျနော်က ဆိုင်ကယ်တစီးနဲ့ ရှေ့က မောင်းတဲ့လူကတော့ ကျနော်တို့ HRDP ထဲကပဲ ကျနော်တို့ အဲဒီလမ်းက ထွက်လာတဲ့ အခါမှာ သစ်ပင်ရိပ်တွေမှာ၊ ဝါးရုံပင် ခြေရင်းတွေမှာ အုပ်စု၊ အုပ်စုတော့ တွေ့တယ်။ ကျနော်တို့က သူတို့ စောင့်ကြည့် နေတာပဲလို့ နောက်ပြီးတော့ အမိန့်မလာတာလဲ ပါတယ်။ ကျနော်တို့က လွတ်ထွက် လာတယ်။ (၁၅) မိနစ်လောက် ခြားပြီးတော့ လိုက်မောင်းလာတဲ့ တလုပ်ထော် အခြေခံက လူတယောက်က မောင်းလာတယ် နောက်က စီးလာတဲ့လူတွေကို အခု အရိုက်ခံရတဲ့ မောင်မောင်လေးနဲ့ ကိုမြင့်နိုင် စီးလာတယ်။ သူတို့ အဲဒီနား ရောက်တဲ့ အခါကျတော့ ကိုမြင့်နိုင်က ညာကွေ့၊ ညာကွေ့လို့ ပြောနေတာ။ အဲဒီမှာ လူအုပ်ကြီးတွေက ညာသံပေးပြီး ဝိုင်းရိုက်ကြတယ်။”

ဒဏ်ရာရသူ နှစ်ဦးကို မနေ့က ဟသ်ာတဆေးရုံတွင် တင်ထားရာမှ မနေ့ ညနေပိုင်းတွင် ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောဌာနသို့ မိသားစုဝင်များမှ သယ်ဆောင် လာခဲ့ကြပါသည်။ အရိုက်ခံရသူ နှစ်ဦးအနက် ကိုမြင့်နိုင်မှာ ယနေ့ မနက် တနာရီကျမှ သတိရလာသည်ဟု သိရပြီး ကုတင်ပေါ်တွင် မဆင်းနိုင်သေးပါ။ ကိုမောင်မောင်လေးမှာ နည်းနည်းပါးပါး လမ်းလျှောက်လို့ရပြီဟု သိရပါသည်။ ၄င်းတို့ ရရှိသည့် ဒဏ်ရာ အခြေအနေကို ဦးမြင့်အေးမှ ––––––

“ကျနော် တလုပ်ထော်မှာ တွေ့တဲ့ အခါကျတော့ ကိုမြင့်နိုင်က စကား မပြောနိုင်ပါဘူး။ ကျနော် မေးတာတောင် မဖြေပါဘူး။ ကိုမောင်မောင်လေးဆိုရင် ရိုက်ထားတဲ့ ဒဏ်ရာတွေနဲ့ အသက်ရှူရင် နာတယ်၊ နာတယ်လို့ ပြောနေပါတယ်။ ဦးခေါင်းမှာ ဖူးယောင်တယ်၊ ကျောမှာ တုတ်ဒဏ်ရာတွေ ကန့်လန့်၊ ကန့်လန့်တွေနဲ့ အညိုအမဲတွေကို ကျနော် တလုပ်ထော်မှာကတည်းက လှန်ကြည့်လိုက်တယ်။ ရဲလဲမြင်တယ်။ နောက် လောက်စာလုံးနဲ့ ပစ်၊ အကွက်အကွက်တွေနဲ့ အဲဒါကိုလဲ ခန္ဓာ အနှံ့အပြားမှာရှိတယ်။ ထူးဆန်းတာက ခြေသလုံးရိုးမှာ ပြတ်ရှဒဏ်ရာ (၄) လက်မခန့် ဓါးကြောင့်လား၊ တုတ်ကြောင့်လားဆိုတာ ကျနော် မသိပါဘူး။”

မျက်မြင်တွေ့များမှ ယခုလို ပြောကြသော်လည်း မနေ့က ဟသ်ာတ ရဲစခန်းမှ ဖူးယောင်ဒဏ်ရာ အနည်းငယ်သာ ရရှိခဲ့သည့်အကြောင်းနှင့် ရိုက်နှက်သူ (၁၅) ဦးခန့် ရှိကြောင်း ဖြေကြားခဲ့ပါသည်။ အခင်းဖြစ်ပွားရာအရပ်တွင် မြို့နယ် ရဲတပ်ဖွဲ့မှူးကိုယ်တိုင် ရှိနေတယ်ဆိုသည့် သတင်းအပေါ် ဘယ်လို တုန့်ပြန်ချင်ပါသလဲဟု ဟသ်ာရဲစခန်းကို ဆက်သွယ်မေးမြန်းရာတွင် တာဝန်ကျတဦးမှ – – –

“မဖြစ်နိုင်ပါဘူး။ မနေ့က ဒီမှာ ကျနော်တို့ အကုန်လုံးရှိတယ်။ ကျနော်တို့ရဲမှူး မနေ့က တနေ့လုံး ရုံးထိုင်နေတာ။”

၄င်းကိစ္စကို ဦးစီးအမိန့်ပေးသည်ဆိုသည့် ကြံ့ဖွံ့အတွင်းရေးမှူး ဦးညွန့်ဦးကို ဆက်သွယ်မေး မြန်းရန် ကြိုးစားရာတွင် ကြံ့ဖွံ့ရုံး တာဝန်ကျသူ တဦးမှ ယခုလို ဖြေဆိုပါသည်။

“ဦးညွန့်ဦး အပြင်သွားပါတယ်။ မရှိပါဘူး။”

ဒီဗွီဘီ ။ ။ အရိုက်ခံရတဲ့လူတွေက ဦးညွန့်ဦး အရိုက်ခိုင်းတာလို့ ပြောလို့လေ။

“မသိပါဘူး။ ကျနော်တို့က ဝန်ထမ်းတွေဆိုတော့။ ဘာမှ မသိပါဘူး။”

ဒီဗွီဘီ ။ ။ ဘယ်အချိန်လောက် ပြန်လာမလဲ။

“မပြောတတ်ဘူး။ မနက်ကတည်းက ထွက်သွားကြတာ။ အခု ရုံးမှာတော့ ဝန်ထမ်းတွေချည်းပဲရှိတာ လူကြီးတွေကလဲ အပြင်သွားကြတော့ ရုံးပိတ်ထားတယ်။”

ဦးမြင့်အေးမှ ယခုဖြစ်ရပ်ကို တရားဥပဒေအရ အရေးယူ ဆောင်ရွက်ရန် အာဏာပိုင်များကို တောင်းဆိုပါသည်။

“အာဏာပိုင် အဖွဲ့အစည်းကနေ ကျူးလွန်တဲ့ ဥပဒေလက်လွတ် ကိစ္စတွေပဲ၊ အကြမ်းဖက်တဲ့ ကိစ္စတွေပဲ၊ အင်အားသုံးတဲ့ ကိစ္စတွေပဲ၊ အဲဒါတွေ ကြီးထွားလာတယ် ဆိုတာကတော့ မြန်မာပြည်အတွက် မကောင်းဘူးပေါ့။”

ယခုလိုအကြမ်းဖက် ရိုက်နှက်မှုနှင့် ပတ်သက်၍ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ ကန့်ကွက်ရှုတ်ချလိုက်ပြီး ယခုလို လုပ်ရပ်များအား ရပ်တန်းကရပ်ရန် တောင်းဆိုပါသည်။ အဖွဲ့ချုပ် ဗဟိုပြန်ကြားရေးအဖွဲ့ဝင် ဦးမြင့်သိန်းမှ – – –

“ဒီကိစ္စက အကြမ်းဖက်မှုပဲ ဖြစ်ပါတယ်။ ဒီအကြမ်းဖက်မှုကို ဥပဒေကို စောင့်ရှောက်ထိန်းသိမ်းနေရတဲ့ လူတွေက ကြိုတင်ကြံစည်တယ်ဆိုတဲ့ သတင်းဟာ မှန်နေတယ်လို့လဲ သိရတယ်။ အလွန် ရှက်စရာကောင်းတဲ့ လုပ်ရပ်လို့

ပြောချင်တယ်။ အထူးသဖြင့်တော့ ဒီပဲယင်း အကြမ်းဖက်မှုကို ကိုယ်တိုင်ခံခဲ့ရတဲ့ အဖွဲ့ချုပ်အနေနဲ့ နောက်နောင် ဒီလို ဖြစ်ရပ်မျိုး မဖြစ်ပါစေနဲ့တော့လို့ ကျနော် သတိပေးချင်ပါတယ်။”

**အစသို့**

---

## အင်းစိန်ထောင်တွင်း၌ နိုင်ငံရေး အကျဉ်းသား ဦးဝင်းမြင့် ကျန်းမာရေး ဆိုးရွား

*၂၀ ၊ ဧပြီ ၊ ၂၀၀၇*

ရန်ကုန် အင်းစိန်ထောင်တွင် ထောင် (၁၇) နှစ် ကျခံနေရသည့် နိုင်ငံရေး အကျဉ်းသား ဦးဝင်းမြင့် ကျန်းမာရေး အခြေအနေ ဆိုးရွားနေသည်ဟုသိရှိရပါသည်။ ၄င်းအတွက် လိုအပ်သည့် ဆေးဝါးဝယ်ယူပေးပို့ရာတွင်လည်း ထောင်အာဏာပိုင်များမှ တားမြစ်ကန့်သတ်မှုများ ပြုလုပ်နေသည်ဟု ဆိုပါသည်။ အင်းစိန်ထောင်တွင် အရေးပေါ် စီမံမှု အက်ဥပဒေ ပုဒ်မ (၅/ည) အပါအဝင် ပုဒ်မ (၃) ခုနှင့် နှစ်ရှည်ထောင် အကျဉ်းကျနေသည့် ပဲခူးမြို့တွင် ဦးဝင်းမြင့် ထောင်တွင်းတွင် သွေးတိုးရောဂါကြောင့် ကိုယ်လက်ထုံကျင်နေသည်ဟု သိရပါသည်။ ဦးဝင်းမြင့် ကျန်းမာရေး အခြေအနေ အသေးစိတ်ကို သားဖြစ်သူ ကိုဇင်ဘိုဝင်းမှ ယခုလို ပြောပြပါသည်။

“ကျန်းမာရေး အခြေအနေကတော့ သွေးတိုးအတွက်နဲ့ သူခြေလက်ထုံကျင်တာ နည်းနည်း ဖြစ်နေတယ်။ သွေးတိုးတယ်ဆိုတာ သူက အရင်တုန်းကလဲ သွေးတိုးရောဂါ အခံရှိတာကိုး။ ကျန်းမာရေး စောင့်ရှောက်မှုကတော့ သွေးပေါင်ချိန် တာကတော့ သူတို့ ပုံမှန်လာချိန်ပေးတယ်။ ဒါပေမယ့် ဆေးဝါးကတော့ ကိုယ်ဖာသာကိုယ်ဝယ်ပြီး အပြင်ကနေ သွင်းပေးရတာပါပဲ။ တခါတလေကျရင် သူတို့က ဂိတ်ပေါက်တင် အတွင်းကို ပေးမသွင်းဘဲနဲ့ သူတို့ သက်သာဆိုင်မှာ ဝယ်ခိုင်းတယ်။ အာရုံကြောတွေ ယောင်တာ၊ ဘာညာဖြစ်တယ်။ အာရုံဆေးက နှစ်လလောက်တော့ ပုံမှန် သောက်ရတာပေါ့။ သွေးကျဆေးနှစ်မျိုးရယ်၊ နောက် ယူရိုဘီယံဆိုတာ အာရုံကြောဆေးပေါ့။ အကိုက်အခဲပျောက်ဆေးနဲ့ နောက် ဗမာဆေးတချို့ လေဆေးတို့၊ အစာကြေဆေးတို့ အဲဒါမျိုးတွေ ပေးနေရတယ်။” လွန်ခဲ့တဲ့ (၂၀၀၅) ခုနှစ် ဇူလိုင်လအတွင်းမှာ ILO ကို သတင်းပေးမှု၊ FTUB စတဲ့ ပြည်ပရောက် အဖွဲ့အစည်းတွေနဲ့ ဆက်သွယ်တယ်လို့ စွပ်စွဲ ခံခဲ့ရပြီး ဦးဝင်းမြင့်ဟာ အခြား အမှုတွဲ (၁၀) ခုနဲ့အတူ အဖမ်းခံခဲ့ရတာပါ။ အဲဒီထဲက တဦးဟာ စစ်ကြောရေး ကာလမှာပဲ ဆုံးပါးသွားခဲ့တယ်လို့လဲ သိရပါတယ်။ အဲဒီနောက်ပိုင်း ဦးဝင်းမြင့်ဟာ ထောင် (၁၇) နှစ် ချမှတ် ခံခဲ့ရတာ ဖြစ်ပါတယ်။ ”

၄င်းကိစ္စနှင့် ပတ်သက်ပြီး ဦးဝင်းမြင့်နှင့်အတူ အင်းစိန်ထောင်တွင်း အကျဉ်းကျနေသည့် ဦးမြင့်လွင်လည်း ကျန်းမာရေး ဆိုးရွားနေပြီး လွန်ခဲ့သည့် တလလောက်တွင် ထောင်ဆေးရုံ တက်ခဲ့ရကြောင်းကိုလည်း ကိုဇင်ဘိုဝင်းမှ ပြောပြသွားခဲ့ပါသည်။ နိုင်ငံရေး အကျဉ်းသားများ ထောင်တွင်း ကျန်းမာရေး ဆိုးရွားနေခြင်းနှင့် ပတ်သက်ပြီး ထိုင်း–မြန်မာ နယ်စပ်အခြေစိုက် နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ပြောခွင့်ရသူ ကိုတင်လှိုင်ကလလည်း ယခုလို ပြောဆိုပါသည်။

“မကြာသေးခင်လဲ ဒေါက်တာသန်းငြိမ်း သူလဲ ခွဲစိပ်ကုသဖို့ ကြိုးစားတယ်။ ရန်ကုန်မှာရှိတဲ့ သမားတော်ကြီးတွေနဲ့ ကုသဖို့ ပြောတယ်။ အဲဒါကို သူတို့က အဲဒါကို လက်မခံဘူး။ ပြည်မှာပဲ ကုမယ်ဆိုတော့ ဒေါက်တာသန်းငြိမ်းကတော့ ဆေးကုသဖို့ ငြင်းလိုက်တယ်ပေ့ါနော်။ နောက် ဗကသ သမိုင်းပြုစုလို့ ထောင်ကျနေတဲ့ ကိုအောင်ထွန်းဆိုရင် သူလဲ ဆီးချို ဖြစ်နေတယ်။ အခြား အလားတူပဲ ကျန်းမာရေး ဆိုးရွားတဲ့ အကျဉ်းသားတွေ အများကြီးပဲ ရှိပါတယ်။ ထောင်ဆေးရုံမှာက ဆေးရုံနဲ့ ဆရာဝန်ပဲရှိတာ၊ ဆေးဝါးက လုံလောက်မှု မရှိဘူးလေ။ သူတို့ တကယ် စေတနာ မှန်တယ်ဆိုရင်တော့ နိုင်ငံရေး အကျဉ်းသားတွေ ကျန်းမာရေး ကုသပေးဖို့ လိုတာပေ့ါနော်။ ”

မြန်မာနိုင်ငံအတွင်းတွင် အကျဉ်းထောင်ပေါင်း (၄၀) ကျော် ရှိနေပြီး နိုင်ငံရေး အကျဉ်းသား (၁၀၀၀) ကျော် ရှိနေဆဲ ဖြစ်ပါသည်။

**အစသို့**

---

## ဗိုလ်ချုပ်မှူးကြီးသမီး မင်္ဂလာဆောင်ခွေနှင့် စပ်လျဉ်း၍ ဖမ်းဆီးထားသူနှစ်ဦး စွဲချက်တင်

*၂၀ ၊ ဧပြီ ၊ ၂၀၀၇*

ပိုလ်ချုပ်မှူးကြီးသန်းရွှေ၏သမီး သန္တာရွှေ၏ မင်္ဂလာဆောင်အခွေနှင့် ပတ်သက်ပြီး ဖမ်းဆီးခံထားရသူ (၂) ဦးကို ယခုလ (၁၀) ရက်နေ့က ပုဒ်မ (၅၀၅/ခ) နှင့် စွဲချက် တင်လိုက်ပြီဟု သိရပါသည်။ ၄င်းကိစ္စနှင့်ပတ်သက်ပြီး ဖမ်းဆီးခံထားရသူ ကိုတင်ဌေးနှင့်သန်းထွန်းတို့ (၂) ဦးရ၏ရှေ့နေ ဦးခင်မောင်ရှိန်မှယခုလို ပြောပြပါသည်။

"ကိုတင်ဌေးနဲ့ ကိုသန်းထွန်းလေ။ (၁) တရားခံက ကိုသန်းထွန်း၊ (၂) တရားခံက ကိုတင်ဌေး။ နှစ်ယောက်စလုံးကို စွဲချက်တင်လိုက်တယ်လေ။ ဗိုလ်ချုပ်အောင်ဆန်း ဓါတ်ပုံနဲ့ ပတ်သက်တာကတော့ သူက သက်သေခံ အနေနဲ့ ရုံးကို သူက (၁) တရားခံ ကိုသန်းထွန်း အိမ်ကတွေ့တာ။ တွေ့တာမှာ (၁၄) လက်မခွဲ၊ (၁၂) လက်မခွဲ ဗိုလ်ချုပ်အောင်ဆန်းရဲ့ တပိုင်းပုံ၊ နောက်တခုက ဒေါ်စုရဲ့ ရောင်စုံတပိုင်းပုံ၊ နောက်တခုက ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံခြားသား (၃) ဦး တွဲရိုက်ထားတဲ့ပုံ၊ သံတမန်တွေနဲ့ တွဲရိုက်ထားတဲ့ပုံ၊ နောက်တခုက အလျား (၆) လက်မ၊ အနံ (၄) လက်မ ရှိတဲ့ ဗိုလ်ချုပ် မိသားစုပုံ။ ဒေါ်စုတို့ ငယ်ငယ်က မိသားစု ရိုက်ထားတဲ့ပုံ။ ဒီ (၄) ပုံကို တရားရုံးမှာ သိမ်းဆည်းပြီးတော့ သက်သေခံပစ္စည်းအဖြစ် တင်လာတယ်။ ဒီ ဗိုလ်ချုပ်ပုံတို့ ဘာတို့ ဆိုတာကတော့ ရှာဖွေပုံစံနဲ့ သိမ်းရမဲ့ အနေအထား မဟုတ်ဘူးလို့ အန်ကယ်တို့က တက်တယ်လေ။"

အကျိုးဆောင်ရှေ့နေ ဦးခင်မောင်ရှိန် ပြောပြသွားခြင်း ဖြစ်ပါသည်။ စွဲချက်အတင်ခံ ထားရသူတဦးဖြစ်သည့် ကိုတင်ဌေး၏ဇနီးကလည်း ယခုစွဲမှုတွင် ကိုတင်ဌေး အနေနှင့် ဘယ်လိုမှ ပါဝင်ပတ်သက်မှု မရှိဘူးကြောင်း ဆိုပါသည်။

"တနင်္လာနေ့ ရုံးချိန်းလေ။ ကိုတင်ဌေး အမှုလမ်းကြောင်းကတော့ ရှင်းနေတာပဲလေ။ သက်သေ ခိုင်ခိုင်လုံလုံလဲ ဘာမှ မရှိဘူး။ ပါးစပ်ပြောတာ၊ အဲဒီလို အပြောခံရတာပဲ ရှိတယ်။"

ဗီစီဒီခွေ လက်ဝယ်တွေ့ရှိတယ်ဆိုပြီး စွဲချက်အတင်ခံထားရသည့် ကိုတင်ဌေး၏ သမီးငယ်ကတော့ ဖခင်ဖြစ်သူကို အမြန်ဆုံး ပြန်လွှတ်စေချင်ကြောင်း ယခုလို ပြောကြား သွားပါသည်။

"သမီးကလေ သမီးရဲ့ အဖေကို အမြန်ဆုံး လွှတ်စေချင်ပါတယ်။ အဖေက ကျန်းမာရေးက သိပ်မကောင်းဘူး။ သမီးတို့ မိသားစုမှာက (၄) ယောက်ပဲ ရှိပါတယ်။ သမီးတို့က အဖေ့အပေါ်မှာပဲ မှီခိုနေရတာပါ။ ပြီးတော့ ဒီအခွေကလဲ သူများက ရန်ကုန်က ခွေဝယ်ရင်းနဲ့ လက်ဆောင် ထည့်ပေးလိုက်တဲ့ အခွေပါ။ သမီးတို့လဲ ဘာအခွေမှန်း မသိဘူးပေါ့နော်။ မသိလို့ ပစ်ထားလိုက်တာပါ။ အဲဒီ အခွေက။ သမီးတို့က အဖေမရှိတော့ ကိုယ်ဖာသာကိုယ် မော်တော်လေးကိုပဲ ဦးစီးပြီးတော့ လုပ်နေရတယ်ပေါ့။ သိပ်ပြီးတော့လဲ အဆင်ပြေလှတယ်လို့လဲ မဟုတ်ပါဘူး။"

ကိုတင်ဌေး၏သမီးငယ် ပြောပြသွားခြင်း ဖြစ်ပါသည်။ ၄င်းတို့ (၂) ဦး၏အမှုကို လာမည့် တနင်္လာနေ့တွင် ထပ်မံစစ်ဆေးရန် ရှိသည်ဟုသိရှိရပါသည်။

**အစသို့**

---

## လူ့အခွင့်အရေး လပ်ပြရှားသူများ အကြမ်းဖက်ခံရမှု တလုပ်ထော်ရဲစခန်းတွင် အမှုဖွင့်

*၂၁ ၊ ဧပြီ ၊ ၂၀၀၇*

ယခုလို အုပ်စုလိုက် ဝိုင်းရိုက်ခံရမှုကို ပြီးခဲ့သည့် ကြာသာပတေးနေ့တွင် ဟင်္သာတမြို့နယ် တလုပ်ထော် ရဲစခန်းတွင် အမှုဖွင့်လိုက်ပြီဟု သိရပါသည်။ လွန်ခဲ့သည့် (၃) ရက်တွင် ဟင်္သာတမြို့နယ် အုတ်ပုံကျေးရွာကအထွက်တွင် ဝိုင်းရိုက်ခံရစဉ်က ရိုက်ခံခဲ့ရသည့် မော်တော်ဆိုင်ကယ်ကို မောင်းပြီး လွတ်မြောက်သွားသည့် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူ သောင်းစိန်မှ တလုပ်ထော်ကျေးရွာ ရဲစခန်းတွင် အမှုဖွင့် တိုင်ကြားလိုက်ခြင်း ဖြစ်ပါသည်။ ကိုသောင်းစိန်မှ ယခုလို ပြောပြပါသည်။

"ကျနော်တို့ ဖြစ်စဉ်မှန်လေးတွေကို တခုမကျန် အကုန်လုံး တိုင်တန်း အမှုဖွင့် ထားပါတယ်။ ဖြစ်စဉ်က ကျနော်တို့ အုတ်ပုံကနေ အလှူရေစက်ချ တရားနာပြီးတော့ ဦးကိုဝင်း ဒေါ်အုန်းသန်းတို့အိမ်ကို ကျနော်တယောက်ထဲ သွားတယ်။ အဲဒီမှာ တအောင့်လောက် ထိုင်ပြီးတဲ့ အချိန်မှာ ကိုမြင့်နိုင် နဲ့ ကိုမောင်မောင်လေးကတော့ လိုက်လာပြီးတော့ ပြန်ကြမယ်ဆိုပြီး ကျနော့်ကို ပြောတယ်။ ပြောတော့ ကျနော့်ဆိုင်ကို ကိုမောင်လေးက အလယ်က၊ ကိုမြင့်နိုင်က နောက်ပိတ်ဆုံးကပေါ့။ ထိုင်စီးတယ်။ ထိုင်စီးပြီးတော့ စာသင်ကျောင်းနောက် အုတ်ပုံလယ်ကွင်းတွေ ဘက်ကျတော့ သူတို့ လူစု (၅၀) လောက်ကို တွေ့ရတယ်။ သူတို့ကလဲ ကိုယ့်ကို ဒီလို လုပ်မယ်လို့ မထင်ဘူးပေါ့နော်။ ဆိုင်ကယ် ဆက်မောင်းတယ်။ (၁၄/၁၅) လံလောက်မှာ သူတို့က လိုက်ကွ၊ ဆွဲချ၊ ကန်ချကွ ဆို လုပ်ပြီးတော့။ ဆိုင်ကယ်ပေါ်က နှစ်ယောက်စလုံး ပြုတ်ကျသလား၊ ကန်ချသလား၊ ဆွဲချသလားတော့ ကျနော်လဲ မသိဘူး။ လူက အများကြီးပေါ့။ ဘယ်သူဘယ်သူဆိုတာ မသဲကွဲဘူး။ ဦးညွှန့်ဦးတယောက် အော်တဲ့အသံကိုတော့

ကျနော် သဲသဲကွဲကွဲ ကြားရပါတယ်။ ဘာလူ့အခွင့်အရေးလဲ ဆိုပြောတာ။ အဲဒီမှာ လူစုတွေက ဝုန်းဝုန်းနဲ့ ထလိုက်တာ။ ကျနော်လဲ ဆိုင်ကယ် မောင်းပြေးတာ ကျနော့် တင်ပါးတောင် လောက်လေးနဲ့ မှန်ပါသေးတယ်။"

သို့သော် ယခုကိစ္စကို ကြံ့ဖွံ့အတွင်းရေးမှူး ဦးညွန့်ဦးမှ အမိန့်ပေး စေခိုင်းတယ်ဆိုသည့် ၎င်း၏ ပြောကြားချက်ကိုတော့ အမှုဖွင့်သည့်အထဲတွင် ရဲများ ထည့်မရေးပေးဘူးလို့ သူ ပြောပါသည်။

"ကျနော်က ပြောတယ်။ သူက အရေးမခံဘူး။ ဟိုကျမှ ရှင်းပါတဲ့။ ပါးစပ်နဲ့ ပြောတာ ပိုကောင်းပါတယ်တဲ့။ ရဲက ရေးမပေးဘူး။ ဖြစ်စဉ်လေးပဲ ရေးပေးတယ်။ အဲဒါကို ထည့်ပြောတာ ရေးမပေးဘူး။"

တလုပ်ထော် ရဲစခန်းမှ စခန်းမှူးနှင့် ဒုရဲအုပ်၊ ရဲတပ်သားများအပြင် မယကဥက္ကဌ ကိုယ်တိုင် ၎င်းအခင်းဖြစ်ပွားသည့် နေရာတွင် ၎င်းအချိန်၌ ရှိနေသည်ဟု ရိုက်ပွဲ မဖြစ်ခင် (၁၅) မိနစ်စောပြီး တလုပ်ထော်ကျေးရွာကို ဆိုင်ကယ်နဲ့ ထွက်ခွာလာတဲ့ လူ့အခွင့်အရေး မြှင့်တင်သူ ကိုကျော်လွင်မှ ယခုလို ပြောပြပါသည်။

"SB ကနေလင်းစိုးဆို ကျနော် သိလိုက်တာပဲ၊ စခန်းမှူး ဒုရဲအုပ် ဦးသန်းထိုက်၊ ဦးတင်ဝင်း ဒီပုဂ္ဂိုလ်တွေကိုလဲ တွေ့လိုက်တာပဲ။ သူတို့မှန်း ကျနော်တို့ သိတာပဲ။ အဲဒီမှာ ရှိနေတဲ့အချိန်မှာ။ နောက် မယကဥက္ကဌဆိုလဲ သိလိုက်တာပဲ။ ဦးညွန့်ဦးဆိုလဲ ကျနော်တို့ သိလိုက်တာပဲ။"

၎င်းအကြမ်းဖက်မှုကို ပြည်ပမှ လူ့အခွင့်အရေး အဖွဲ့အစည်းများမှ ပြစ်တင်ရှုတ်ချ ခဲ့ကြပါသည်။ အာရှလူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေး အဖွဲ့မှ မြန်မာနိုင်ငံဆိုင်ရာ အကြံပေးပုဂ္ဂိုလ် မစ္စတာဒေးဗစ် မှ .......

"သတင်းတွေမှာ ဖော်ပြသလို တကယ်ပဲ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေး အသင်းဟာ ဒီဖြစ်ရပ်မှာ ပတ်သက်တယ် ဒေသခံ လူ့အခွင့်အရေး ကာကွယ်မြှင့်တင် သူတွေအပေါ် ဒီတိုက်ခိုက်မှုကို ကြံ့ခိုင်ရေးအတွင်းရေးမှူးကိုယ်တိုင် ဦးဆောင်ခဲ့တယ် ဆိုရင်တော့ အရမ်းကို စိုးရိမ်စရာ ဖြစ်ပါတယ်။ ကျနော်တို့ လူ့အခွင့်အရေး လေ့လာစောင့်ကြည့်တဲ့ အဖွဲ့အနေနဲ့ ဒီလုပ်ရပ်ကို ကန့်ကွက်ရှုတ်ချပါတယ်။ ဒီဖြစ်ရပ်ကို စုံစမ်းဖော်ထုတ်ပေးဖို့နဲ့ ပါဝင်ပတ်သက်သူတွေကို အပြစ်ပေးအရေးယူဖို့ နိုင်ငံတော် အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီကို ကျနော်တို့ တောင်းဆိုပါတယ်။"

ဖိုရမ်အေးရှားအဖွဲ့ လူ့အခွင့်အရေး ကာကွယ်မှုပရိုဂရမ်အရာရှိ မစ္စတာတွတ်တွမ် ကလည်း ၎င်းအမှုကို တရားဥပဒေအရ ဖော်ထုတ်အရေးယူရန် အာဏာပိုင်များအား တိုက်တွန်းပြောဆို သွားပါသည်။

"ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းက လုပ်တဲ့ ဒီလုပ်အပေါ် ကျနော်တို့ အပြင်းအထန် ရှုတ်ချပါတယ်။ ပြီးတော့ လူ့အခွင့်အရေး လှုပ်ရှားသူတွေကို အကာအကွယ်ပေးဖို့ မြန်မာအစိုးရမှာ တာဝန်ရှိပါတယ်။ မြန်မာအစိုးရဟာ ကုလသမဂ္ဂ လူ့အခွင့်အရေး ကြေညာစာတမ်းကို အသိအမှတ်ပြုထားသလို ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ တခုအနေနဲ့ ဒီ ကြေညာစာတမ်းပါ အချက်တွေကို လိုက်နာဖို့ တာဝန်ရှိပါတယ်။ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတခု အနေနဲ့ လူ့အခွင့်အရေးတွေကို လေးစားကာကွယ်ပေးရမှာပါ။ ဒီကိစ္စ အပေါ်မှာ အတော်ကို စိုးရိမ်ပူပန်မိပါတယ်။ ပြည်ထောင်စု ကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးအသင်း ဆိုတာဟာ နအဖ က ကျောထောက်နောက်ခံ လုပ်ထားတဲ့အဖွဲ့အစည်း တခုဖြစ်ပါတယ်။ ရဲတပ်ဖွဲ့အနေနဲ့ ဒီဖြစ်ရပ်မှာ ကျူးလွန်သူတွေကို စုံစမ်းဖော်ထုတ်ပေးပြီး တရားဥပဒေ ရှေ့မှောက်ရောက်ရှိအောင် ဆောင်ရွက်ဖို့ တိုက်တွန်းပါတယ်။"

This is a serious attack against local grass-roots human rights defenders in Burma and if the Union Solidarity and Development Association was involved in this attack and if the local secretary of the USDA did coordinate these attacks as some reports suggest, then this is something that Human Rights Watch condemns and we call on the State Peace and Development Council to investigate this incident and punish those involved in it. This is a very serious and brutal attack against two unarmed civilians that were in the area actually giving training on human rights awareness and this is a disgusting and brutal attack. ဒေးဗစ် လူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့ မြန်မာနိုင်ငံဆိုင်ရာအကြံပေး မစ္စတာဒေးဗစ် လူ့အခွင့်အရေးထွန်းကားလာစေဖို့ သင်တန်းပေးနေကြတဲ့ လက်နက်မပါ အရပ်သားနှစ်ယောက်အပေါ် ဒီတိုက်ခိုက်မှုဟာ အရမ်းရက်စက်ပြီး စိုးရိမ်ဖွယ်အခြေအနေပါ။ သတင်းတွေမှာ ဖော်ပြသလို တကယ်ပဲ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးအသင်းဟာ ဒီဖြစ်ရပ်မှာ ပတ်သက်တယ် ဒေသခံလူ့အခွင့်အရေးကာကွယ်မြှင့်တင်သူတွေကို ကြံ့ခိုင်ရေးအတွင်းရေးမှူးကိုယ်တိုင် တိုက်ခိုက်မှုကို ဦးဆောင်ခဲ့တယ်ဆိုရင်တော့

အရမ်းကို စိုးရိမ်ဖွယ်စရာဖြစ်ပါတယ်။ ကျနော်တို့လူ့အခွင့်အရေးလေ့လာစောင့်ကြည့်တဲ့အဖွဲ့အနေနဲ့ ဒီလုပ်ရပ်ကို ကန့်ကွက်ရှုတ်ချပါတယ်။ ဒီဖြစ်ရပ်ကို စုံစမ်းဖော်ထုတ်ပေးဖို့နဲ့ ပါဝင်ပတ်သက်သူတွေကို အပြစ်ပေးအရေးယူဖို့ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ဖွံ့ဖြိုးရေးကောင်စီကို ကျနော်တို့ တောင်းဆိုပါတယ်။ ဖိုရမ်အေးရှား ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းက လုပ်တဲ့ ဒီလုပ်အပေါ် ကျနော်တို့ အပြင်းအထန်ရှုတ်ချပါတယ်။ ပြီးတော့ လူ့အခွင့်အရေးလှုပ်ရှားသူတွေကို အကာအကွယ်ပေးဖို့ မြန်မာအစိုးရမှာ တာဝန်ရှိပါတယ်။ မြန်မာ အစိုးရဟာ ကုလသမဂ္ဂ လူ့အခွင့်အရေးကြေညာစာတမ်းကို အသိအမှတ်ပြုထားသလို ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတခုအနေနဲ့ ဒီကြေညာစာတမ်းပါအချက်တွေကို လိုက်နာဖို့ တာဝန်ရှိပါတယ်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတခုအနေနဲ့ လူ့အခွင့်အရေးတွေကို ကာကွယ်ပေးရမှာပါ။ ဒီဖြစ်ရပ်ကိုကြည့်ရင် ဒုတိယဒီပဲယင်းဖြစ်ရပ်ဖြစ်တယ်လို့ ယူဆနိုင်မလား၊ ဟုတ်ကဲ့ ကျနော်တို့လူ့အခွင့်အရေးအဖွဲ့အစည်းတခုအနေနဲ့ ပြောနိုင်တာက ကျနော်တို့ ဒီကိစ္စ အပေါ်မှာ အတော်ကို စိုးရိမ်ပူပန်မိပါတယ်။ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးအသင်းဆိုတာဟာ နအဖ က ကျောထောက်နောက်ခံလုပ်ထားတဲ့အဖွဲ့ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ရဲတပ်ဖွဲ့အ နေနဲ့ ဒီဖြစ်ရပ်မှာ ကျူးလွန်သူတွေကို စုံစမ်းဖော်ထုတ်ပေးပြီး တရားဥပဒေရှေ့မှောက်ရောက်ရှိအောင် ဆောင် ရွက်ဖို့ တိုက်တွန်းပါတယ်။ တရားရင်ဆိုင် We really condemn the action by the USDA, and the Burmese government has the obligations . . . to protect human rights activists. As it is recognised in the UN declaration of rights . . . And the Burmese government, as a member of the UN, has the obligation to abide by that declaration. So it states that a member state of the UN has to protect the rights of those that are defending human rights. Q: Is there anything you would like to say about the fact that these things happen again and again? We didn't get a chance to look into the case really. Actually we haven't . . . I just read through it but . . . Q: Would you agree that this incident is like a second Depayin attack? Yes. And we, as a human rights organisation, can say that we are really worried about the issues and the USDA is the organ that is being sponsored by the SPDC and we really encourage the issue to be recognised by the police, who have to investigate the case and then bring the perpetrators to justice.

**အစသို့**

---

## ဟသ်ာတ၌ အဖွဲ့ဝင်များ ရိုက်နှက်ခံခဲ့ရခြင်းအပေါ် **HRDB** အဖွဲ့ ကြေညာချက် ထုတ်ပြန်

*၂၁ ၊ ဧပြီ ၊ ၂၀၀၇*

ယခုနောက်ဆုံး ရရှိတဲသည့် သတင်းများအရ ယခုရိုက်နှက်မှု ဖြစ်စဉ်အသေးစိပ်ကို လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများအဖွဲ့က ကြေညာချက်တရပ် ထုတ်ပြန် ထားကြောင်း သိရပါသည်။ ကြေညာချက်နှင့် ပတ်သက်ပြီး ၄င်းဒီအဖွဲ့ကို မေးကြည့်အခါ အဖွဲ့ခေါင်းဆောင် ဦးမြင့်အေးကိုယ်တိုင်က ယခုလို ဖတ်ကြားပေးထားပါသည်။

"ကျွန်ုပ်တို့၏ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများ (HRDB) သည် (၂၀၀၂) ခုနှစ်မှ သတင်း၍ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးများ ထွန်းကား ပြန့်ပွားလာစေရန် ဖွဲ့စည်းခဲ့ပါသည်။ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း လူ့အခွင့်အရေး အသိတရားများ မြင့်မားလာစေရန်နှင့် လူ့အခွင့်အရေး အခြေခံ အချက်များကို ကျင့်သုံးရပ်တည်စေရန် ရည်ရွယ်ချက်ဖြင့် ကျွန်ုပ်တို့သည် နိုင်ငံအဝှမ်းတွင် ကုလသမဂ္ဂ လူ့အခွင့်အရေး ကြေညာစာတမ်းများ ဖြန့်ဝေခြင်း၊ လူ့အခွင့်အရေး ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်းနှင့် လူ့အခွင့်အရေး ချိုးဖောက်ခံရသော ပြည်သူများဘက်မှ ရပ်တည်ပေးခြင်းများ ပြုလုပ်ခဲ့ပါသည်။"

လူ့အခွင့်ရေးအဖွဲ့ စတင်ပေါ်ပေါက်လာပုံ အကြောင်းပါဝင်သည် နိဒါန်းပိုင်း ဖြစ်ပါသည်။ ဒုတိယ အပိုဒ်မှာတော့ ဟသ်ာတတွင် ဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်ကို ယခုလို အသေးစိပ် ရှင်းပြထားပါသည်။

"(၂၀၀၇) ခုနှစ် ဧပြီလ (၁၇) ရက်နေ့တွင် လူ့အခွင့်အရေး ကာကွယ်မြှင့်တင် သူများမှ ဦးမြင့်အေး၊ ကိုမောင်မောင်လေး၊ ကိုတင်မောင်ဦးနှင့် ကိုယဉ်ကြည်တို့သည် ရောဝတီတိုင်း ဟသ်ာတမြို့နယ်ရှိ အင်ပူကျေးရွာနှင့် အုတ်ပုံကျေးရွာတို့တွင်

လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ပါသည်။ ထိုနောက် ဧပြီလ (၁၈) ရက်နေ့ နေ့လည် (၁၂) နာရီ (၄၅) ခန့်တွင် အုတ်ပုံကျေးရွာမှ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများ ပြန်လည်ထွက်ခွာစဉ် ဟင်္သာတမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အတွင်းရေးမှူးဖြစ်သူ ဦးညွှန့်ဦး ခေါင်းဆောင်သော လူတရာခန့်မှ ဝိုင်းဝန်းရိုက်နှက်ခဲ့ကြပါသည်။ ယခုအချိန်တွင် ကျွန်ုပ်တို့ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများ အဖွဲ့မှ ကိုမြင့်နိုင်နှင့် ကိုမောင်မောင်လေးတို့မှာ ရန်ကုန် ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောဌာနတွင် ဒဏ်ရာ ပြင်းထန်စွာ ရရှိ၍ ဆေးကုသ ခံယူလျက် ရှိပါသည်။”

ဟင်္သာတမြို့နယ်အတွင်း ရိုက်နှက်ခံရမှုမှတွင် အာဏာပိုင်များ ကိုယ်တိုင်ပါဝင်နေသည့် အကြောင်း ဦးမြင့်အေးပြောသွားခြင်းပါ။ ကြေညာချက်ရဲ့ နိဂုံးပိုင်းတွင် ဒီဖြစ်စဉ် အမှုမှန် ပေါ်ပေါက်သည်အထိ ကြိုးပမ်းသွားမည်ဟု ဦးမြင့်အေးမှ ယခုလို ပြောကြားထားပါသည်။

“အထက်ပါ ကိစ္စနှင့် ပတ်သက်၍ ကျွန်ုပ်တို့ လူ့အခွင့်အရေး ကာကွယ်မြှင်တင်သူများ အဖွဲ့မှ ပြောကြားလိုသည်မှာ အခင်းဖြစ်ပွားသည့် အချိန်တွင် ဟင်္သာတမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဌနှင့်အတူ မြို့နယ်ရဲတပ်ဖွဲ့မှ ရဲအရာရှိများ၊ ရဲသတင်းတပ်ဖွဲ့မှ တာဝန်ရှိသူများ ရှိနေပါသည်။ ယခုဖြစ်ရပ်သည် အာဏာပိုင်များ အနေဖြင့် လူ့အခွင့်အရေးအား ပြောင်ပြောင်တင်းတင်း ချိုးဖောက်သည်ဟု ကျွန်ုပ်တို့ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများ (HRDB) မှ ယူဆသည်။ ကျွန်ုပ်တို့၏ တာဝန်ဖြစ်သော မြန်မာနိုင်ငံရှိ ပြည်သူများ၏ လူ့အခွင့်အရေး အသိတရားများ ရရှိစေရန် ကြိုးပမ်းဆောင်ရွက်နေစဉ် ယခုကဲ့သို့ ဥပဒေမဲ့ ရိုက်နှက်ခံခဲ့ရခြင်းအပေါ် သက်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များအပေါ် ပြင်းထန်စွာ ပြစ်တင်ရှုတ်ချလိုက်သည်။ ဆက်လက်၍ ကျွန်ုပ်တို့ အနေဖြင့် ဤရာဇဝတ်မှုတွင် ပါဝင် ပတ်သက်ခဲ့သူများကို ဥပဒေအတိုင်း တရားစွဲဆိုသွားမည်။ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများ (HRDB)”

**အစသို့**

---

## ဟင်္သာတ၌ လူ့အခွင့်အရေးလှုပ်ရှားသူများ အကြမ်းဖက်မှု ဖော်ထုတ်ရန် AI မှပြောဆို

*၂၁ ၊ ဧပြီ ၊ ၂၀၀၇*

နန်းခမ်းကယောက် ရောဝတီတိုင်း ဟင်္သာတမြို့မှာ လူ့အခွင့်အရေး လှုပ်ရှားသူများအပေါ် အကြမ်းဖက် ရိုက်နှက်ခဲ့သူများကို ချက်ခြင်း စုံစမ်းဖော်ထုတ်ပေးရန် AMNESTY INTERNATIONAL နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့မှ မြန်မာစစ်အစိုးရအား မနေ့က တောင်းဆိုလိုက်ပါသည်။ ပြီးခဲ့သည့် (၁၈) ရက်နေ့တွင် ဟသင်္ာတမြို့ကို စည်းရုံးရေဆင်းခဲ့သည့် ဦးမြင့်အေး ဦးဆောင်သည့် လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးအဖွဲ့ကို ဒေသခံအာဏာပိုင်များမှ ပြည်ထောင်စုကြံ့ခိုင်ဖွံ့ဖြိုးရေး အဖွဲ့မှ အကြမ်းဖက် တိုက်ခိုက်ခဲ့ပြီး၊ ကိုမောင်မောင်လေးနှင့် ကိုမြင့်နိုင် တို့ (၂) ဦး ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိသွားသည့်အပေါ် ကြေညာချက် ထုတ်ပြန်တောင်းဆို လိုက်ခြင်းဖြစ်ပါသည်။ အမှုမှန် ပေါ်ပေါက်ရေးအတွက် မြန်မာအစိုးရအနေနှင့် လွတ်လပ်မှန်ကန်သည့် စုံစမ်းမှုလုပ်ပြီး၊ တာဝန်ရှိသူ အာဏာပိုင်များကိုလည်း တရားဥပဒေနှင့်အညီ ဖော်ထုတ် အရေးယူပေးရန် AMNESTY INTERNATIONAL နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့မှ နအဖကို တောင်းဆိုထားပါသည်။

**အစသို့**

---

## ကမာရွှတ်ရှိ နိုင်ငံရေးအကျဉ်းသား တဦးနေအိမ်သို့ ရဲမှ ဝင်ရောက် စစ်ဆေး

*၂၂ ၊ ဧပြီ ၊ ၂၀၀၇*

နိုင်ငံရေးအကျဉ်းသား မိသားစုတေထံသို့ စိတ်ဓါတ်ခွန်အား ပေးရန်အတွက် (၈၈) ကျောင်းသားများ သွားရောက်ခဲ့သည့် ကမာရွှတ်မြို့နယ်မှ နိုင်ငံရေးအကျဉ်းသား ကိုဗညား၏ နေအိမ်ကို အာဏာပိုင်ရဲများ ဝင်ရောက် စစ်ဆေးခဲ့ကြောင်း သိရပါသည်။ ယနေ့ မနက်ပိုင်းတွင် ဆဋ္ဌမပတ်မြောက် အဖြူရောင် တနင်္ဂနွေ လှုပ်ရှားမှုအဖြစ် (၈၈) မျိုးဆက် ကျောင်းသားများ သရက်ထောင်တွင် ထောင်နှစ်ရှည် ကျခံနေရသည့် ကိုဗညား၏ မိသားစုနေအိမ်ရှိရာ ကမာရွှတ်မြို့နယ်ကို သွားရောက်ခဲ့ကြပါသည်။ (၈၈) မျိုးဆက် ကျောင်းသားများ ပြန်သွားချိန်တွင် အာဏာပိုင်ရဲများမှ ဝင်ရောက် စစ်ဆေးခဲ့ကြောင်းကို ကိုဗညား၏ ညီမဖြစ်သူ မအေးမိစံမှ ယခုလို ပြောပြပါသည်။

“ကိုမင်းကိုနိုင်တို့၊ ကိုကိုကြီးတို့ လာသွားပြီးတော့ (၁၅) မိနစ်လောက်နေတော့ ကမာရွက်ရဲစခန်းက ဒုရဲအုပ်လှသောင်းနဲ့ နယ်ထိန်းလှဝင်းတို့ကတော့ လာမေး သွားတာ ပေါ့နော်။ အကို့အကြောင်း အသေးစိတ်ကို မေးပါတယ်။ ကျမတို့ကို ထောက်ပံ့ကြေးတွေများ လာပေးသွားလားဆိုပြီးတော့ လာမေးကြတယ်။ ဘာထောက်ပံ့ကြေးမှ ပေးတာမဟုတ်ပါဘူး။ ကိုမင်းကိုနိုင်တို့၊ ကိုကိုကြီးတို့အဖွဲ့ အားလုံးကနေ လာရောက် အားပေးခြင်း ဖြစ်ပါတယ်ဆိုတဲ့ အကြောင်းကိုပဲ ပြောလိုက်ပါတယ်။ ကျမတို့ မိသားစု နာမည်စာရင်းတွေကို မေးတယ်၊ ကိုကိုက ဘယ်လိုကိစ္စနဲ့ အကျဉ်းကျခဲ့တာလဲဆိုတဲ့ ကိစ္စကိုမေးပါတယ်။ နိုင်ငံရေးလုပ်လို့ ကျတာပဲလို့ တခြား ဘာလုပ်တာမှ မဟုတ်တာလို့။ နိုင်ငံရေး လုပ်လို့ပဲလို့ ပြောလိုက်ပါတယ်။ အဲဒီလိုမျိုး မေးတာကို စိတ်ထဲမှာတော့ ဘဝင် မကျပါဘူး။”

မအေးမိစံ ပြောဆိုသွားခြင်းပါ။ ယနေ့ ဆဋ္ဌမပတ်မြောက် အဖြူရောင် တနင်္ဂနွေ လှုပ်ရှားမှုတွင် (၈၈) ကျောင်းသားများနှင့်အတူ လှုပ်ရှားမှုကို စိတ်ပါဝင်စားသူများ စုစုပေါင်း (၈၀) ခန့် ရှိတယ်လို့ သိရပါသည်။ ထို့အပြင် ဟာသလူရွှင်တော် ကိုဇာဂနာဖခင် စာရေးဆရာကြီး နန်းညွန့်ဆွေနှင့် စာရေးဆရာမ စမ်းစမ်းနွဲ့ (သာယာဝတီ) လဲ အကျဉ်းကျ မိသားစုဝင်များထံသို့ တယ်လီဖုန်းနှင့် လှမ်းပြီး အားပေးခဲ့ကြောင်း သိရပါသည်။ ၎င်းအကြောင်း အပြည့်အစုံကိုတော့ သတင်းကဏ္ဍနောက်ပိုင်း တွင် တင်ဆက်မဲ့ တနင်္ဂနွေ အဖြူရောင်ရေလှိုင်း အစီအစဉ်တွင် စောင့်မျှော်နားဆင် နိုင်ပါသည်။

**အစသို့**

---

## ဒုတိယအကြိမ်မြောက် ကုန်ဈေးနှုန်း ကျဆင်းရေး ဆန္ဒပြပွဲတွင် လူ (၇) ဦး ဖမ်းဆီးခံရ

*၂၂ ၊ ဧပြီ ၊ ၂၀၀၇*

ကုန်ဈေးနှုန်း ကျဆင်းရေးအတွက် ဒုတိယအကြိမ် ဆန္ဒပြပွဲတခု ယနေ့ ရန်ကုန်မြို့တွင် ဖြစ်ပွားခဲ့ပြီး အနည်းဆုံး (၇) ဦးကို အာဏာပိုင်များ ဖမ်းဆီးလိုက်ကြောင်း သိရပါသည်။ ယနေ့ မနက် (၉) နာရီခန့်တွင် သဃ်န်းကျွန်း စံပြဈေးရှေ့သို့ လူငယ် (၁၀) ကျော် ရောက်ရှိလာပြီး ယခုလို ဆန္ဒပြကြခြင်း ဖြစ်ကြောင်း ၎င်းဆန္ဒပြပွဲကို အစအဆုံး စောင့်ကြည့် နေသူတဦးမှ ဒီဗွီဘီကို ပြောကြားခဲ့ပါသည်။ ဖမ်းဆီးမှု၏ ထူးခြားသည်မှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဓါတ်ပုံကိုင်ထားသူအား အရင်ဆုံး ဖမ်းဆီးပြီး ရိုက်နှက်ခဲ့ခြင်း ဖြစ်သည်ဟု မျက်မြင်သက်သေမှ ပြောပါသည်။

“လူ (၂) ယောက်ပေါ့နော်။ သူတို့က စံပြဈေး မှတ်တိုင်မှာ ဆင်းတယ်။ သူတို့မှာ ဗိုလ်ချုပ်ပုံတွေပါတယ်။ ဗိုလ်ချုပ်ပုံဆိုတာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့ပုံ ပုံနှစ်ပုံပေါ့နော်။ ပါတဲ့လူနှစ်ယောက်ကို အတင်းအဓမ္မ ဖမ်းပြီးတော့ ဆန်ရောင်းဝယ်ရေး တိုက်ခန်းထဲကို ထည့်လိုက်တယ်။ အဲဒီမှာ တော်တော် ရုတ်ရုတ်ဖြစ်သွားတယ်။ လူတွေလဲ တော်တော်များပါတယ်။ အဲဒါဖြစ်ပြီး (၁၅) မိနစ်လောက်မှာပဲ လူ (၆) ယောက်က ထွက်ပြီးတော့ အော်ကြဟစ်ကြတယ်၊ ဆန္ဒပြကြတယ်ပေါ့။ (၆) ယောက် ပြနေတဲ့ အချိန်အတွင်းမှာပဲ ကိုထင်ကျော် ဝင်လာတယ်။ အဲဒီ စံပြဈေးလမ်းမကြီး တည့်တည့်အတိုင်းပဲ ဆန္ဒပြပြီးတော့ ချီတက်သွားကြတယ်။ သူတို့က ကုန်ဈေးနှုန်း ကျဆင်းရေးကိုပဲ အရဆကာသအဲကထား အော်ကြပါတယ်။ ကုန်ဈေးနှုန်း ကျဆင်းရေး၊ အမျိုးကောင်း သားသမီးများ မပျက်စီးရေး၊ ပင်စင်စားများ လစာခံစားခွင့်ရှိရေး အဲဒီလို သိမ်ကြီးဈေးရှေ့ ဆန္ဒပြခဲ့သလိုပဲ အချက် (၁၇) ချက် အရာတွေပဲ တောင်းဆိုပါတယ်။ သူတို့ နှစ်မှတ်တိုင်လောက် အလွန်မှာပဲ ချီတက်သွားတဲ့ (၇) ယောက်ကို SB တွေနဲ့ အားလုံးက ဝိုင်းဖမ်းကြတယ်။ အကုန်လုံးက အော်ရင်းဟစ်ရင်းနဲ့ပဲ အဖမ်းခံရပါတယ်။ နည်းနည်း ရုန်းရင်းဆန်ခတ် ဖြစ်တာကတော့ ဖြစ်ပါတယ်။ တော်တော်လေးလူတွေ များလာတာကိုး။ အယောက် (၄၀) လောက် ရှိတယ်။ SB လဲ (၂၀၀) လောက်ရှိတယ်။ နောက်ပြီးတော့ ရဲကား (၆) စီးရောက်လာတယ်။”

ယနေ့ မနက် (၉) နာရီ ကျော်ကျော်လေးတွင် ရန်ကုန်မြို့ သဃ်န်းကျွန်း စံပြဈေးရှေ့တွင် ဖြစ်ပွားခဲ့သည့် ဆန္ဒပြပွဲနှင့် ပတ်သက်ပြီး မျက်မြင်တွေ့ရှိသူတဦး ပြောပြသွားခြင်း ဖြစ်ပါသည်။ ဆန္ဒပြချိန် (၁၅) မိနစ်ခန့် ကြာပြီး ဘေးမှ ကြည့်ရှုအားပေးသည့် ပရိသတ် (၄၀၀/၅၀၀) အထိ ဖြစ်သွားကြောင်း ၎င်းမှပြောပါသည်။ အဖမ်းခံရသူ (၇) ဦးစလုံး၏ အမည်ကို မသိရသေးသော်လည်း ၎င်းလူအများစုသည် လွန်ခဲ့သည့် ဖေဖော်ဝါရီ (၂၂) ရက်နေ့တွင် သိမ်ကြီးဈေးရှေ့ ဆန္ဒပြခဲ့သူ ကိုထင်ကျော်နှင့် အဖွဲ့ဝင်များ ဖြစ်သည်ဟု သိရပါသည်။ သိထားရသလောက် အမည်များမှာ ကိုထင်ကျော်၊ ကိုသိန်းအောင်မြင့်၊ ကိုရဲဇော် (ခေါ်) ဖိုးတုတ်၊ ကိုမင်းလွင်၊ ကိုမြင့်စိန်နှင့် အခြား အမည်မသိ (၂) ဦးတို့ ဖြစ်ပါသည်။ ဒီဖမ်းဆီးမှုကို အရှေ့ပိုင်းခရိုင် ရဲမှူးမျိုးသန့်ဆိုသူမှ တာဝန်ယူ ကိုင်တွယ်ခြင်းဖြစ်ပြီး ကိုယ်ထိလက်ရောက် ရိုက်နှက်သူများမှာ ရဲတပ်ကြပ်ဇော်ခင်နှင့် စွမ်းအားရှင် ခေါင်းဆောင် ဘဲခေါင်းတို့ ဖြစ်ကြောင်း ဆန္ဒပြပွဲကို ဖြစ်စဉ်တခုလုံးကို စောင့်ကြည့်နေသူ အခြား လူငယ်တဦးမှ ပြောပြခဲ့ပါသည်။ ဒါပေမဲ့ သူတို့ (၇) ဦးကို ရဲကားနှင့် ဖမ်းဆီးသွားခြင်း မဟုတ်ဘဲ အနက်ရောင် ဆလွန်းကား ကားနံပါတ် (ပ/၃၇၄၉) နှင့် ဖမ်းသွားခြင်း ဖြစ်သည်ဟု ၎င်းလူငယ်မှ ပြောပါသည်။ ၎င်းတို့ (၇)

ဦး ယခု ဘယ်ရောက်နေသလဲ ဆိုတာ ဘယ်သူမှ မသိနိုင်သေးသော်လည်းအရင်တခါ ဖမ်းစဉ်တုန်းကလို အောင်သပြေ စစ်ကြောရေးစခန်းသို့ ခေါ်သွားခြင်းဖြစ်ရန် များသည်ဟု ၄င်းတို့၏ ဌူပ်ဖော်ကိုင်ဖက်များမှ ယူဆနေပါသည်။ တကယ်တော့ ကိုထင်ကျော် ဦးဆောင်သည့် ၄င်းဆန္ဒပြအဖွဲ့သည် ရက် (၅၀) အတွင်း ဆန္ဒထပ်မပြပါ။ အာဏာပိုင်တွေဖက်ကလည်း ၄င်းကာလအတွင်း တိုးတက်မှု တစုံတရာ ရရှိအောင် ဆောင်ရွက်ပေးပါ့မည်ဟု နှစ်ဦးနှစ်ဖက် သဘောတူညီချက်နှင့် စောင့်ကြည့် နေခြင်း ဖြစ်ပါသည်။ သို့သော် ရက် (၅၀) ကျော်ပြီး အခု (၂) လကြာသည်အထိ ဘာမှ တိုးတက်မလာသည့် အပြင် မီးတွေပိုပြတ်၊ အခွန်တွေ ပိုတိုးကောက် လာနေခြင်းကြောင့် မခံမရပ်နိုင်ဖြစ်ပြီး ယခုလို ဒုတိယအကြိမ် ထပ်မံ ဆန္ဒပြရခြင်း ဖြစ်ကြောင်း ကိုထင်ကျော်တို့၏ လုပ်ဖော်ကိုင်ဖက် တဦးဖြစ်သူ အဆိုပါပုဂ္ဂိုလ်မှ ယခုလို ဆက်ပြောခဲ့ပါသည်။

“ရက်ပေါင်း (၅၀) အတွင်းမှာ ဘာမှ မလုပ်ရဘူးလို့ သူတို့နဲ့ ကျနော်တို့နဲ့ ပြောထားပါတယ်။ ရက်ပေါင်း (၅၀) ကို ကျနော်တို့ဘက်ကလဲ စောင့်ကြည့်ပါတယ်။ ရက်ပေါင်း (၅၀) အတွင်းမှာ သူတို့က ဘာအရိပ်လက္ခဏာလဲ မပြဘူး။ ကုန်ဈေးနှုန်းတွေ မကျဘူး၊ လျှပ်စစ်မီးတွေ အပြည့်အ၀ မရဘူး၊ အခြားအခြားသော (၁၇) ချက်နဲ့ ဆိုင်တဲ့ဟာတွေက တခုမှ ဖြစ်မလာဘူး။ ဒီတိုင်း ရှိမြဲပဲ ရှိနေတဲ့ အတွက် ကျနော်တို့ လုပ်ရမယ့် အလုပ်အတွက် ကျနော် ဆက်လုပ်ပါတယ်။”

ယနေ့ မနက် (၉) နာရီတွင် သဃ်န်းကျွန်းဈေးရှေ့၌ ဖြစ်ပွားခဲ့သည့်ဆန္ဒပြအတွင်း အနည်းဆုံး လူ (၇) ဦး ဖမ်းဆီး ခံလိုက်ရသည့်အကြောင်း စုစည်းတင်ပြချက် ဖြစ်ပါသည်။

**အစသို့**

---

## ရန်ကုန်၌ ကုန်ဈေးနှုန်း ကျဆင်းရေး ဆန္ဒပြပွဲသတင်း နအဖ သတင်းစာတွင်ဖော်ပြ

*၂၃ ၊ ဧပြီ ၊ ၂၀၀၇*

ကုန်ဈေးနှုန်း ကျဆင်းရေး ဒုတိယကြိမ် ရန်ကုန်မြို့တွင် ဆန္ဒပြခဲ့သည့် သတင်းကို မနေ့မှ ထုတ်လွှင့်ခဲ့ပြီး ဖြစ်ပါသည်။ ယနေ့ နအဖ သတင်းစာများတွင်လဲ ဆန္ဒပြခဲ့သူ (၈) ဦးကို ဖမ်းဆီးထားသည်ဟုဖော်ပြလိုက်ပါသည်။ သို့ပေမဲ့ ဆန္ဒပြသူများသည် တိုင်းပြည် မတည်ငြိမ်အောင် လုပ်သူများ ဖြစ်ကြောင်း ပြောဆိုလိုက်ပြီး ၄င်းဆန္ဒပြခြင်းကို မလိုလားသည့် ပြည်သူများမှဝိုင်းဝန်း ဖမ်းဆီးလိုက်ခြင်းဟု သတင်းတွင် ဖော်ပြထားပါသည်။ နအဖ သတင်းစာမှ ယခုလို ဖော်ပြလိုက်သည့်အပေါ် ဆန္ဒပြခေါင်းဆောင် ကိုထင်ကျော်နှင့်အတူ ဖေဖော်ဝါရီလအတွင်း အဖမ်းခံခဲ့ရဖူးသည့် ကိုမြင့်ဆွေကို ဒီဗွီဘီ သတင်းထောက် ကိုမောင်တူးမှ ယခုလို ဆက်သွယ်မေးမြန်း ထားပါသည်။ ပထမဆုံး မေးခွန်းမှာ ကိုထင်ကျော်တို့ နောက်ဆုံး အခြေအနေနှင့် သတင်းစာပါ အချက်များအပေါ် ဘယ်လို မြင်သလဲ ဆိုတာပဲ ဖြစ်ပါသည်။

“ဖမ်းထားတဲ့ အခု သူတို့ ဖော်ပြတဲ့ (၈) ဦးစလုံးကို အခြေအနေမှန်ကို မသိရတဲ့ သေးတဲ့အတွက် (၁) စိတ်ပူတယ်ပေါ့။ တောင်ဒဂုံဘက် တနည်းအားဖြင့် ရွာသာကြီးဘက်ပေါ့ သဃ်န်းကျွန်းဈေးကနေ ကြည့်မယ်ဆိုရင် အရှေ့မြောက် အရပ်ကို ခေါ်သွားတာပေါ့။ အဲဒီ အခြေအနေလောက်ပဲ ကျနော်တို့လဲ သိရတယ်။ နောက်တခုက ကျနော်တို့က နိုင်ငံရေး ကြွေးကြော်တာတွေ မပါဘူး။ ဒီ ကုန်ဈေးနှုန်း ကျဆင်းရေးကိုပဲ ကိုထင်ကျော်လဲ တစိုက်မတ်မတ် ဒါကိုပဲ တောင်းဆိုမယ်လို့ အတိအလင်းလဲ ပြောတယ်၊ လုပ်မဲ့ရက်တောင်မှ အတိအကျ အာဏာပိုင်များကို အကြောင်းကြား ပြီးတော့မှ လုပ်တာ။ ကိုထင်ကျော်က အဲဒီလောက်အထိ ရိုးရိုးသားသားပြောပြီး ဆောင်ရွက်တယ်။ အဲဒီမှာ ဖမ်းပုံဖမ်းနည်းက ပြည်သူများက မလိုလားလို့ ဝိုင်းဝန်းဖမ်းဆီးတယ်ဆိုတဲ့ အခြေအနေမျိုး ဖော်ပြတာကတော့ ပြည်သူ့အကျိုးအတွက် လုပ်တယ်၊ အမှန်တကယ်လဲ ပြည်သူတွေ ခံစားနေရတဲ့ အပေါ်မှာ ဒီလို ဝိုင်းဝန်းဖမ်းဆီးတယ်ဆိုတဲ့ ဒါမျိုးကတော့ မဖြစ်သင့်ဘူးပေါ့။ ဒီစကားလုံးတွေက မသုံးသင့်တဲ့ စကားလုံးတွေပါ။”

ဒီဗွီဘီ ။ ။ ဟုတ်ကဲ့ တနည်းအားဖြင့်လဲ ဆန္ဒပြပွဲသတင်းကို သတင်းစာက ဖော်ပြပေးလိုက်တာလို့ ယူဆလို့ ရတယ်ပေါ့။

“ဟုတ်ပါတယ်။ ဒီတခေါက်မှာတော့ သူတို့က ကြွေးကြော်သံတွေ (၅) ခု လောက်တောင် ထည့်ပေးထားသေးတယ်လေ။ ကုန်ဈေးနှုန်း ကျဆင်းရေး၊ လျှပ်စစ်မီး (၂၄) နာရီ အပြည့်အ၀ ရရှိရေး၊ အလုပ်လက်မဲ့ ပပျောက်ရေး၊ အမျိုးကောင်း သားသမီးများ မပျက်စီးရေးနဲ့ ကုန်သွယ်ခွင့် လွတ်လပ်မှု အဲဒီလို အချက်လေးတွေ ထည့်ပေးလိုက်တယ်။ ပိုတောင် ရှင်းရှင်းလင်းလင်း တွေ့ရမြင်ရ၊ ကြားရတာပေါ့။ ကိုထင်ကျော်ကိုယ်တိုင်ကလဲ ဒီ (၁၇) ချက်ကို ရက်ပေါင်း (၅၀) အတွင်းမှာ ကျနော်စောင့်မယ်။ ရက်ပေါင်း (၅၀) ကျော်တာနဲ့ ကျနော် အလုပ်လုပ်မယ်။ တနည်းအားဖြင့် ကိုထင်ကျော်က ဘယ်လောက်ထိ ရိုးလဲဆိုရင် ဘုန်းကြီးဝတ်တဲ့ အချိန်မှာ ကျနော့်ကိုယ်ကျနော် သရဏဂုံတင်တာပေါ့။ သူ့မှာ တော်တော်လေး ခံစားမှုကလဲ ပြင်းထန်တာပေါ့။ ဒီလောက်ထိ လူထုတွေ ဒုက္ခဆင်းရဲ

ခံရတာကို သူကိုယ်တိုင် လုပ်ကိုလုပ်မယ်၊ လုပ်မှလဲ ဖြစ်တော့မယ်ဆိုပြီး သံရမိဋ္ဌာန်ကို ဆုံးဖြတ်ချက် ချပြီးသား ဖြစ်တယ်တဲ့ ကိုထင်ကျော် တယောက်ပါပဲ။”

ဒီဗွီဘီ ။ ။ စစ်အစိုးရဘက်က လူကြီးတွေလဲ လျှပ်စစ်မီးတွေရအောင် ဆည်တွေ ဖွင့်နေတာပဲ၊ လုပ်နေတာပဲ၊ လျှပ်စစ်မီး မလာတာကလဲ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ကြုံရတဲ့ ပြဿနာပဲ မထူးပါဘူး။ မပြသင့်ဘူးလို့ ပြန်ပြောနေတယ်။ သူတို့ဘက်က ဒီလို ပြန်ပြောနေရုံနဲ့ မြန်မာပြည်ရဲ့ ကုန်ဈေးနှုန်း ပြဿနာကြီးတွေနဲ့ အထွေထွေ အကြပ်အတည်းတွေက ကျော်လွှားနိုင်မလား၊ ခင်ဗျားတို့ ဆန္ဒပြတဲ့သူတွေ အနေနဲ့ ဘယ်လို ပြောချင်လဲ။

“ပြောချင်တာကတော့ ဆည်တွေပေ့ါ၊ ရေအားလျှပ်စစ် စီမံကိန်းတွေလုပ်လုပ်ပေ့ါ ဒါပေမဲ့ ခက်တာက ဘယ်လိုလဲဆိုတော့ ကျနော်တို့ တိုင်းပြည်မှာက ပြောင်းလဲတာကို ယေဘုယျအားဖြင့် တိုးတက်တယ်လို့ ထင်နေကြလား မသိဘူးပေ့ါနော်။ ကျနော် ဆိုလိုတဲ့သဘောက တိုးတက်မှုပါတဲ့ ပြောင်းလဲမှု ဖြစ်စေချင်တာပဲ။ ဥပမာ ကလေးတယောက်က (၅) နှစ်ပြည့်ပြီ ကျောင်းနေမယ်၊ စာသင်မယ်ဆိုရင် သူ့ဘ၀က တိုးတက်သော ပြောင်းလဲမှုဖြစ်မယ်။ (၅) နှစ်ပြည့်တယ် ကျောင်းမနေရဘူးဆိုရင် အသက်က ကြီးကြီးလာမယ်၊ ဒါပေမဲ့ ကျောင်းမနေနိုင်တဲ့ အတွက်ကြောင့် သူ့မှာ တိုးတက်မှုပါတဲ့ ပြောင်းလဲမှု မဟုတ်တော့ဘူး။ ကျနော်တို့ တိုင်းပြည်က ယေဘုယျအားဖြင့် ပြောင်းလဲတဲ့ သဘောတော့ ရှိပါတယ်။ ဒါပေမဲ့ တိုးတက်သော ပြောင်းလဲမှုသာ ကျနော်တို့က ဖြစ်စေချင်တယ်၊ နောက်တခုက တည်ငြိမ်တဲ့ အခြေအနေလား၊ အေးဆေးတဲ့ အခြေအနေလား။ ယေဘုယျအားဖြင့် တည်ငြိမ်တဲ့ အခြေအနေပဲ ဖြစ်တယ်။ တည်ငြိမ်တယ်ဆိုတာ အကြောက်တရားတခု အောက်မှာ ဖြစ်တယ်ပေ့ါ။ အေးဆေးတယ်ဆိုတာက စိတ်ရောကိုယ်ပါ အုပ်ချုပ်တဲ့လူရော၊ ပြည်သူရော အဆင်ပြေတဲ့ အခြေအနေမျိုးထိ ဖြစ်စေချင်တယ်။ နောက်တခုက ပြဿနာတခုကို ဖြေရှင်းတာကို ကျနော်တို့ လိုချင်တယ်။ ပြဿနာကို ဖုံးကွယ်တယ်၊ လှည့်စားတဲ့ အခြေအနေမျိုးတွေကို ကျနော်တို့ မဖြစ်စေချင်တော့ပါဘူး။ ပြောင်းလဲတာနဲ့ တိုးတက်တာနဲ့ မတူဘူးဆိုတဲ့ သဘာ၀။ ကလေးတယောက်က သူ့မှာ တီဘီဖြစ်နေတယ်ဆိုပါတော့ တီဘီရဲ့ ဤမနအောနည္အ ပေ့ါ။ ဥပမာ အေကေတီဖိုး၊ အိတ်ဆောနစ်တို့ ဒီလို ဆေးတွေနဲ့ ကုသရမဲ့အစား တီဘီကို တီဘီလို့ မမြင်တော့ဘဲနဲ့ ချောင်းဆိုတယ်၊ နှာစေးချောင်းဆိုးရုံ သက်သက်ပဲ အအေးပတ်လို့ ချောင်းဆိုတယ် ဆိုတဲ့ အမြင်မျိုးနဲ့ လျက်ဆားလောက်နဲ့ ကုနေရင်တော့ မရနိုင်ဘူးပေ့ါ။”

ကုန်ဈေးနှုန်း ကျဆင်းရေး ဒုတိယအကြိမ် ဆန္ဒပြခဲ့ကြသည့် ကိုထင်ကျော်နှင့် အတူ ပထမအကြိမ် ဆန္ဒပြအပြီး ဖမ်းဆီးခံခဲ့ရသူ ကိုမြင့်ဆွေနှင့် ဆက်သွယ် မေးမြန်းချက် ဖြစ်ပါသည်။

**အစသို့**

---

## ဟသ်ာတ အကြမ်းဖက်မှု အာဏာပိုင်များမှ စီစဉ်လုပ်ဆောင်ဟု ကိုယ်တိုင်ခံရသူမှ ပြောဆို

၂၄ ၊ ဧပြီ ၊ ၂၀၀၇

လူ့အခွင့်အရေး ကာကွယ်မြှင့်တင်များအား ဝိုင်းဝန်းရိုက်နှက်ရန် ဟသ်ာတမြို့နယ် ကြံ့ဖွံ့အတွင်းရေးမှူး ညာသံပေး ခိုင်းစေခဲ့သည့် ဖြစ်သည်ဟုကိုယ်တိုင် အရိုက်ခံရပြီး ယနေ့မှ ဆေးရုံကဆင်းလာသည့်မောင်မောင်လေးမှ ယနေ့ အတည်ပြု ပြောဆို လိုက်ပါသည်။ မနေ့ကထုတ်သည့် နအဖသတင်းစာများတွင် ဖော်ပြရေးသားချက်များသည် မြန်မာပြည် လူ့အဖွဲ့အစည်းကို အကြမ်းဖက်မှုဆီ ဦးတည်စေသည်ဟုဟသ်ာတမြို့တွင် အရိုက်ခံရပြီး ယနေ့တွင် ဒဏ်ရာနှင့် ယနေ့ ရန်ကုန်ဆေးရုံမှ ဆင်းလာသည့်လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူ ကိုမောင်မောင်လေးမှ ပြောဆိုပါသည်။

“အဲဒီ ဖြစ်စဉ်ကြီးကို ကြည့်မယ်ဆိုရင်တော့ ကောက်ချက်ကြီးက ထင်ရှားရှားကြီး မြင်ရတယ်လေ။ ပထမ သူတို့က အကြမ်းဖက်တဲ့ အကျင့်စရိုက်တွေကို ဇွတ်သွတ်သွင်းလိုက်တယ်။ သွတ်သွင်းပြီးတဲ့နောက်မှာ ဒါကို နိုင်ငံပိုင် သတင်းစာ ကနေပြီးတော့ ကိုယ်ရပ်ရွာ ကိုယ်ဒေသကိုလာရင် အဲဒီလို တုန့်ပြန်ကြပါဆိုပြီး ဒါကို တိုက်တွန်း နှိုးဆော်လိုက်တယ်။ အကြမ်းဖက်ဖို့ ကိစ္စတရပ်ကို။”

ဧါ၀နအဖပိုင် သတင်းစာများတွင် ဟသ်ာတမြို့နယ် အုတ်ပုံကျေးရွာတွင် ရိုက်နှက်မှု ဖြစ်ပွားခြင်းသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ထိပါးမှာ စိုးသည့်အတွက် ဒေသခံ အုတ်ပုံရွာသားများမှ ရိုက်နှက်တယ်ဆိုပြီး ဖော်ပြထားပါသည်။ ထို့အပြင် မိမိတို့ အနေနှင့်လဲ မိမိတို့ နယ်မြေဒေသသို့ အလားတူ ဝင်ရောက်ပြီး တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်နှင့် ဆူပူမှု ဖြစ်ပွားအောင် ဖန်တီးလာပါက ထိုအဖျက်အမှောက် သမားများကို အုတ်ပုံရွာသူရွာသားများကဲ့သို့ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဆိုပြီး ရေးသားထားသည့် အပေါ် တုန့်ပြန်ခဲ့ခြင်းပါ။ ဒီရိုက်နှက်မှုကို ကြံ့ခိုင်ဖွံ့ဖြိုးရေး အတွင်းရေးမှူး ဦးညွန့်ဦးမှ ဦးဆောင်လုပ်ခဲ့သည်ဟု ကိုမောင်မောင်လေးမှ ပြောဆိုပါသည်။

“အဲဒီမှာ ညအိပ်ရောက်နေတဲ့ ကြံ့ခိုင်ရေး အတွင်းရေးမှူး ဦးညွန့်ဦး ပေါ့နော်၊ အဲဒီမှာ ညအိပ်ရောက်နေတယ်။ အခင်းဖြစ်ပွားတဲ့ အခါမှာ အုတ်ပုံကျေးရွာမှာ လူ့အခွင့်အရေး ဆွေးနွေးပွဲ လုပ်တယ်။ လုပ်ပြီး မြို့ကွင်းကျေးရွာကို ထွက်တဲ့အထွက်မှာ အုတ်ပုံကျေးရွာထဲမှာပဲ ကြံ့ခိုင်ရေး အတွင်းရေးမှူးကနေ စကားပြောစက်နဲ့ ကိုင်ပြီးတော့ ကျနော်တို့ ဆိုင်ကယ် ထွက်လာတဲ့ အခါမှာ လာပြီ၊ လာပြီဆိုပြီးတော့ တနေရာကို ဆက်သွယ်ရေးစက်နဲ့ သတင်းပို့နေတာကို ကျနော်တို့ ကြားရတယ်။ အဲဒီအချိန်မှာ ကျနော်နောက်ကနေ ပါလာတဲ့ ကိုမြင့်နိုင်ကနေ သူ့ကို မှနခသမိ လုပ်တဲ့ အနေနဲ့ ရဆကသအႏၵတ်ပုံမှတ်တမ်း ရိုက်တယ်ပေါ့။ အဲဒီအချိန်မှာ သူတို့က ရဆကသအႏၵတ်ပုံရိုက်တယ်၊ ရဆကသအႏၵတ်ပုံရိုက်တယ် ဆိုပြီးတော့ တနေရာကို သတင်းပို့ပါတယ်။ အဲဒီ အချိန်မှာပဲ ကျနော်တို့ ဆိုင်ကယ်က သူတို့ အရှေ့ကို ဖြတ်ကျော်သွားတယ်ပေါ့။ ဖြတ်ကျော်ပြီးတော့ ကျနော် ထင်ပါတယ်၊ တနေရာရာကနေ သူ့ကို ညွှန်ကြားချက် တခု ပေးလိုက်တယ် ထင်တယ်။ ဆိုင်ကယ် အရှေ့ရောက်သွားတဲ့ အချိန်မှာ သူက ရိုက်ဟေ့၊ ရိုက်ဟေ့၊ သတ်ဟေ့ဆိုပြီး သူက အော်လိုက်တယ်။ အော်လိုက်ပြီး ကျနော်က နောက်လှည့်ကြည့်တဲ့အခါမှာ နေရာအသီးသီးမှာ ပုန်းအောင်းနေတဲ့ သူတို့ ကြိုတင်ခေါ်ထားတဲ့ တုတ်ကိုင်ထားတဲ့လူ (၃၀) လောက်ရယ်၊ လောက်လေးတွေနဲ့ အော်ဟစ်တဲ့လူတွေနဲ့ လူ (၁၀၀) လောက်ရှိမယ်။ ထွက်လာပြီး ကျနော်တို့နောက်ကို ပြေးလိုက်လာတယ်။ အဲဒီမှာ လမ်းက လယ်ကန်သင်းရိုးလမ်း၊ လယ်ကန်သင်းရိုးဆိုတာ ချိုင့်တွေ၊ ကျင်းတွေ၊ လှိုင်းတွေရှိတယ် ဆိုင်ကယ်က လဲကျသွားတယ်။ သူတို့က မီလာတယ်။ အဲဒါနဲ့ လယ်ကွင်းထဲကို ကျနော်တို့နှစ်ယောက် ဖြတ်ပြေးလိုက်တယ်။ ဖြတ်ပြေးလိုက်တဲ့ အချိန်မှာ ကျနော်တို့ ရိုက်ဖို့ စောင့်နေတဲ့ လူအုပ်ကြီးက အုပ်စုနှစ်စု ခွဲပြီးတော့ ကျနော်တို့နှစ်ယောက်ကို တယောက်စီ ခွဲပြီးတော့ လိုက်ရိုက်တော့တာပါပဲ။ ဒါ ဖြစ်စဉ် အကျဉ်းပေါ့လေ။”

သတင်းစာတွင်ဖော်ပြချက်သည် ထိပ်လန့်စရာ ကောင်းသည့် အကြောင်း လူ့အခွင့်အရေး ကာကွယ်ရေး မြှင့်တင်သူ ဦးမြင့်အေးကလည်း ယခုလို ပြောပါသည်။

“အဲဒီ ရိုက်တယ်နှက်တယ်ဆိုတဲ့ ကိစ္စက မည်သို့ပင် ဖြစ်စေကာမူ ဒါ ဥပဒေ ပြင်ပက ကိစ္စဆိုတော့လေ အဲဒီ ဥပဒေပြင်ပက ကိစ္စကို အစိုးရပိုင် သတင်းစာ သတင်းထုတ်ပြန်ရေး အဖွဲ့ကနေ ဥပဒေပြင်ပက ကိစ္စတွေ ရိုက်ကြပါ၊ နှက်ကြပါ လှုံ့ဆော်နေတာကတော့ မြန်မာပြည်အတွက် ထိပ်လန့် ခြောက်ခြားစရာ ကောင်းတဲ့ အခြေနေ တခုပါပဲ။”

**အစသို့**

---

## သိမ်ကြီးဈေးအနီး၌ ဦးအုန်းသန်း ဒုတိယအကြိမ် တကိုယ်တော် ဆန္ဒပြသဖြင့် ဖမ်းဆီးခံရ

*၂၅၊ ဧပြီ၊၂၀၀၇*

တစ်ကိုယ်တော် ဆန္ဒပြသည့် ဖမ်းဆီးထောင်ကျပြီး မကြာခင်ကမှ ပြန်လွတ်လာသည့် ဦးအုန်းသန်းကို ယနေ့ ရန်ကုန်မြို့တော်တွင် ဆန္ဒပြမှုကြောင့် အာဏာပိုင်များမှ ဖမ်းဆီးသွားခဲ့သည်ဟု သိရပါသည်။ ဦးအုန်းသန်းသည် ပြည်သူ့ကြွေးကြော်သံဆိုသည့် ဆိုင်းဘုတ်တခုကို ကိုင်ဆောင်ပြီး သိမ်ကြီးဈေးရှေ့တွင် တကိုယ်တော် ဆန္ဒပြခဲ့ခြင်း ဖြစ်ကြောင်း သိရပါသည်။ အသက် (၆၁) နှစ်အရွယ်ရှိ ပြီဖြစ်သည့် ဦးအုန်းသန်းတယောက် ယနေ့ ညနေ (၃) နာရီလောက်တွင် ရန်ကုန်မြို့ သိမ်ကြီးဈေးအနီးမှာ တကိုယ်တော် ဆန္ဒပြခဲ့ခြင်း ဖြစ်ပါသည်။ ဆန္ဒပြသူ နိုင်ငံရေးအကျဉ်းသားဟောင်း ဦးအုန်းသန်းကိုမှုဆန္ဒပြနေတုန်း မိနစ်ပိုင်း အတွင်းမှာပင် အာဏာပိုင်များမှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် အကြောင်းကိုတော့ မျက်မြင်တွေ့ခဲ့သည့် ရန်ကုန်မြို့ခံတဦးမှ ယခုလို ပြောပြပါသည်။

“ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေး သိမ်တောင်ရပ် အရှေ့ဘက်ခြမ်း (၂၆) လမ်း ထိပ်မှာပါ။ (၃) နာရီထိုးဖို့ (၁၀) မိနစ်အလိုမှာပါ။ အချိန်ကတော့ သူ (၅) မိနစ်ပဲ ရလိုက်တယ်။ သူ စာရွက်ကြီး စထောင်လိုက်တဲ့ အချိန်မှာပဲ အာဏာပိုင် အဖွဲ့အစည်းက အယောက် (၃၀) လောက် ဝိုင်းလာတယ်လေ။ တချို့ ပြည်သူတွေလဲ ကြည့်နေကြတာပေါ့။ ဝိုင်းလာပြီး သူတို့ ဗီဒီယိုမှတ်တမ်း ဓါတ်ပုံတွေ ယူပြီးတော့၊ အဲဒီလို ယူနေတဲ့ အချိန်မှာပဲ အရပ်ဝတ်နဲ့ ရဲ (၃) ယောက်က ဝင်လာပြီး သူ့ကိုခါးက အတင်းဖက်ပြီး ဆွဲခေါ်သွားတယ်။ အတင်းအဓမ္မကြီး ဆွဲသွားတဲ့ အခါကျတော့ ဦးအုန်းသန်းက ပုဆိုးကျွတ်သွားတယ်။ လက်တဖက်ကလဲ နောက်ပြန်လိမ်ပြီးတော့ ကိုင်ထားတယ်၊ တဖက်ကတော့ သူ ပုဆိုးစလေး ကိုင်ပြီးတော့ ပန်းဘဲတန်း မဝတရုံးထဲကို သူ့ကို ဆွဲခေါ်သွားတာ တွေ့လိုက်ပါတယ်။”

ဦးအုန်းသန်းသည် ရန်ကုန်မြို့ ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ် ရုံးရှေ့မှာ (၂၀၀၄) ခုနှစ်တုန်းက ပထမဆုံးအကြိမ် တကိုယ်တော် ဆန္ဒပြခဲ့ခြင်းကြောင့် ဖမ်းဆီးခံခဲ့ရပြီး ထောင်ဒဏ် (၂) နှစ် ကျခံခဲ့ရသူ ဖြစ်သလို၊ ပြီးခဲ့သည့် ဖေဖော်ဝါရီလက ကုန်ဈေးနှုန်း ကျဆင်းရေး တောင်းဆိုသည့်ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သည့်အတွက် ဖမ်းဆီးခံခဲ့ရဖူးသူလဲ ဖြစ်ပါသည်။ ဦးအုန်းသန်း၏ ဆန္ဒပြပိုစတာမှာ ပြည်သူ့ကြွေးကြော်သံဟု ခေါင်းစဉ်တပ်ထားပြီး အချက် (၆) ချက်ပါရှိကြောင်း အဆိုပါ မျက်မြင်ကပင် ယခုလို ဆက်လက် ပြောပြပါသည်။

“သူက ဘာတွေ ရေးထားလဲဆိုတော့ ယနေ့ ပြည်သူ့ကြွေးကြော်သံတဲ့ ခေါင်းစဉ်က (၁) ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံဘဝမှ လွတ်မြောက်ရေး – တို့အရေး၊ တို့အရေး ဆိုတဲ့ စာသားရေးထားတယ်။ (၂) ပြည်သူ့ကိုယ်စားပြု အစိုးရ ထူထောင်ရေး၊ (၃) ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့် ရရှိရေး၊ (၄)အာဏာရှင်စနစ် မှန်သမျှ ဖယ်ရှားရေး၊ (၅) ကုလသမဂ္ဂ ကြီးကြပ်မှု ကော်မရှင် ဖိတ်ခေါ်ရေး၊ (၆) ဒီမိုကရေစီ လှုပ်ရှားမှု အောင်ရမည်။ ဆိုပြီး ရေးထားပါတယ်။”

တချိန်တည်းတွင်ပင် ယနေ့ ညနေပိုင်းလောက်က ဆူးလေဘုရား အနီးတွင် ကြံ့ခိုင်ဖွံ့ဖြိုးရေး အဖွဲ့ဝင်တွေ အယောက် (၈၀) ခန့် အရပ်ဝတ်နှင့် စုရုံးနေသည်ကို တွေ့ခဲ့ရကြောင်းကိုလည်း အဆိုပါ မျက်မြင်သက်သေကပင် ယခုလို ဆက်လက် ပြောပြပါသည်။

“ပြန်လာတော့လဲ မြင်ခဲ့ပါတယ်။ ဆူးလေဘုရားနားမှာ ကြံ့ခိုင် ဖွံ့ဖြိုးရေးတို့၊ အရန်မီးသတ်တို့ ရိုးရိုးအဝတ်အစားတွေနဲ့ပဲ သူတို့ သင်္ကေတက ကော်လံမှာ အပြာရောင် လက်မပြားလောက် တပ်ထားတယ်။ သူတို့က ပထမ မြို့တော်ခန်းမနားမှာ ပြမယ်ဆိုတာ သတင်းရပုံရတယ်။ ဒါကြောင့်မို့လို့ အဲဒီ လူတွေက အနားမှာ အယောက် (၈၀/၁၀၀) လောက် သူတို့ ချထားတာ ရှိတယ်။”

ဦးအုန်းသန်း ယခုလို ဖမ်းဆီးခံရသည့်ကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာ ပန်းဘဲတန်းမြို့နယ် မဝတရုံးကို အကြိမ်ကြိမ် ဆက်သွယ်ခဲ့သော်လည်း မေးမြန်းခွင့်မရခဲ့ပါ။ ပန်းဘဲတန်း မြို့နယ်မှူးရုံး တာဝန်ကျ အရာရှိမှအခုလို ဖြေဆိုပါသည်။

“သတင်းက စိစစ်တုန်းရှိသေးတယ်။ နောက်မှ ကျနော် ပြောမယ်နော်။”

ယခုလို ရန်ကုန်မြို့ အပါအဝင် နိုင်ငံတဝှမ်းတွင် တက်ကြွလှုပ်ရှားသူများ ဆန္ဒပြ တောင်းဆိုမှုများ လုပ်ဆောင်လာနေသည့်ကိစ္စနှင့် ပတ်သက်၍စစ်အစိုးရ အာဏာပိုင်များက သည်းခံမှာမဟုတ်ဘဲ အရေးယူသွားမည့်အကြောင်း မကြာသေးခင်ကပင် သတင်းစာများတွင် အကျယ်တဝံ့ ရေးသား ခြိမ်းခြောက်ခဲ့ပါသည်။

**အစသို့**

---

## ဟင်္သာတ၌ အာဏာပိုင်များမှ အကြမ်းဖက် ဝိုင်းဝန်းရိုက်နှက်ခံခဲ့ရသူတဦး ဆေးရုံမှဆင်း

*၂၅ ၊ ၀၄၊ ၂၀၀၇*

ဧရာဝတီတိုင်း ဟင်္သာတမြို့ အုတ်ပုံကျေးရွာတွင်အုပ်စုလိုက် ဝိုင်းရိုက်ခံရသည့် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူ ကိုမြင့်နိုင်ဟာ ယနေ့ နေ့လည်တွင်ရန်ကုန်ဆေးရုံကြီးက ဆင်းလာပြီဟုသိရပါသည်။ ဟင်္သာတမြို့နယ် အုတ်ပုံမှာ ရိုက်နှက်ခံရတဲ့ ဒေသခံ ကိုမြင့်နိုင်မှ ၄င်းတို့ ရိုက်နှက်ခံရတုန်းက အနားမှာ ရပ်ရှိသည့် ရဲတပ်ဖွဲ့ဝင်များထံသို့ အကူအညီ သွားတောင်းရာတွင် မပေးသည့်အပြင် ဒု–ရဲအုပ်သန်းထိုက် ကိုယ်တိုင်က လေးခွနှင့် သူ့ကို ပစ်ခတ်တယ်လို့ ပြောဆိုပါသည်။

“ဥပဒေ ဘက်တော်သားတွေဆီကို အားကိုးတကြီးနဲ့ ပြေးတဲ့အခါမှာ ဒု–ရဲအုပ် သန်းထိုက်ကနေ သူကိုယ်တိုင် သူ့ရဲ့ လွယ်အိတ်ထဲမှာပါလာတဲ့ လေးခွနဲ့ ကျနော့်ကို ချိန်ပြီးတော့ ပစ်တဲ့အခါမှာ ကျနော့် နောက်ကို ပြန်လှည့်လို့ နှစ်လှမ်းသုံးလှမ်းလောက် အကွာမှာပဲ လူအုပ်ကြီးက ကျနော်ဆီလာပြီးတော့ ဝိုင်းရိုက်တယ်။”

ယအခုလ (၁၈) ရက်နေ့တွင် ရိုက်နှက်ခံရပုံကို ကိုမြင့်နိုင်မှ ယခုလို ပြောပြပါသည်။

“ကျနော် (၁၂) နာရီ (၄၀) လောက်မှာ ကျနော်ရယ်၊ ကိုမောင်မောင်လေးရယ်၊ ကိုသောင်းစိန်ရယ် (၃) ယောက်ကနေ ဆိုင်ကယ်စီးပြီးတော့ ထွက်လာတယ်။ အဲဒီလို ထွက်လာတဲ့ အချိန်မှာ အုတ်ပုံရဲ့ လမ်းထိပ်လဲ ရောက်လဲရောက်ရော၊ ကြံ့ဖွံ့က ကိုညွန့်ဦးက စက်ကိုကိုင်ပြီး အမိန့်ပေးနေတဲ့ အသံကြားတယ်၊ မြင့်နိုင်တို့ ထွက်လာပြီ၊ ထွက်လာပြီဆိုပြီး အသံပေးနေတာ ကြားတယ်။ အဲဒီအချိန်မှာ ကျနော့်ကို ကိုညွန့်ဦးကနေ မြင့်နိုင်ဆိုတာသူပဲ ရိုက်ကွာ၊ ရိုက်ကွာ ဆိုပြီးတော့ အမိန့်ပေးတယ်၊ သူကိုယ်တိုင်လဲ ကျနော့်ကို ရိုက်လိုက်တယ်။ ကျနော်ရဲ့ ညာဘက် ဂုတ်ပိုးကို ထိသွားတယ်။ ထိတဲ့အချိန်မှာ သူကနေ မြင့်နိုင်ကို အသေသတ်ကွာ၊ အသေသတ်ဆိုပြီး အဲဒီလို ပြောပြီးတော့ အမိန့်ပေးလိုက်တဲ့ အချိန်မှာ လူအယောက် (၅၀) လောက်ကနေ တုတ်တွေ၊ လေးခွတွေနဲ့ ကျနော့်တို့ နောက်ကို လိုက်လာတယ်၊ လိုက်လာပြီးတော့ လူအုပ်ကြီးက ကျနော်တို့ကို ဝိုင်းရိုက်တယ်။ အဲဒီမှာ ကျနော် သေသွားပြီ၊ သေသွားပြီလို့ ပြောတယ်၊ အဲဒီအချိန်မှာ ကျနော်က သတိလစ်ချင်ဟန် ဆောင်နေတယ်။ အဲဒီလို ဖြစ်တဲ့အခါမှာ ကျနော့်ရဲ့ ကျောပေါ်ကို လူတယောက်က တက်ပြီးတော့ ခုန်ကြည့်တယ်၊ ဗိုက်တွေကို ကန်ကြည့်တယ်၊ ဟိုဘက်ဒီဘက် ကန်တယ်။ နောက်ပိုင်းကျနော် လှုပ်ရှားမှု မရှိဘူး၊ အဲဒီ အချိန်မှာ ရွာသားတွေကလဲ ထွက်လာတယ်၊ နောက် ဟင်္သာတကို ပြန်ပင့်မယ် ဘုန်းကြီးကားကလဲ ရောက်လာတဲ့ အခါမှာ ကျနော်ကို ရိုက်တဲ့ကြံ့ဖွံ့အဖွဲ့ဝင် တော်တော်များများက ထွက်ပြေးသွားတယ်။ ကိုညွန့်ဦးရယ်၊ ကညင်အုပ်စု အုတ်ပုံကျေးရွာမှာ စည်းရုံးရေးမှူးဖြစ်တဲ့ ကိုဌေးဝင်းရယ် သူတို့ ဦးဆောင်ပြီးတော့ ကျနော်တို့ ရိုက်ဖို့ အမိန့်ပေးတာပေါ့။”

၄င်းဖြစ်ပွားသည့်နေရာတွင် လမ်းသုံးခွရှိပြီး ဘယ်လမ်းခွဲ ထွက်ထွက် ရိုက်နှက်မည့်သူများမှစောင့်ဆိုင်းနေသည့်အကြောင်း ဆက်ပြောပါသည်။

"လမ်း သုံးလမ်း ရှိတယ်၊ ဒီဘက်ကနေ တလုတ်ထော်ဘက်ကို သွားတဲ့ လမ်းတလမ်းမှာ တချို့က စောင့်နေကြတယ်၊ နောက် တညင်ဂုဘက်ကို ထွက်မဲ့လမ်းမှာ တချို့က စောင့်နေကြတယ်၊ ကျနော်တို့ ထွက်တဲ့ လယ်အုပ်စုကို ထွက်တဲ့လမ်းမှာလဲ တချို့က စောင့်နေကြတယ်။ လယ်အုပ်စုဘက်ကို ထွက်တဲ့လမ်းကနေ ထွက်လဲထွက်လိုက်ရော အဲဒီမှာ လူ (၅၀) လောက်က ထွက်လာကြတာ။ ဒီမှာ ဖြစ်ပြီလဲ ဆိုရော ကိုညွန့်ဦးကလဲ စက်နဲ့ အကုန်လုံး လှမ်းအကြောင်းကြားတဲ့ အခါမှာ (၁၀၀) လောက် ဖြစ်လာတာ။ သူတို့ကို မဝတတို့၊ စခန်းမှူးတို့၊ SB တို့ရဲ့ ညွှန်ကြားချက်အရ ရိုက်ခိုင်းလိုက်တဲ့အတွက် ဒီကောင်တွေက ရဲရဲဝံ့ဝံ့နဲ့ ရိုက်တဲ့ ပုံစံမျိုးပါ။"

လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူ ဖြစ်ကြသည့် ကိုမြင့်နိုင်နှင့် ကိုမောင်မောင်လေးတို့ နှစ်ဦးသည် အုပ်စုလိုက် ဝိုင်းရိုက်ခံရပြီးသည့်နောက် ဟသ်ာတဆေးရုံမှ ရန်ကုန်ဆေးရုံကို လွှဲပြောင်းရောက်လာခြင်း ဖြစ်ပါသည်။ ကိုမြင့်နိုင်မှ ဦးခေါင်းတွင် (၇) ချက် ချုပ်ခဲ့ရသည့်အပြင် ကျန်ခန္ဓာကိုယ်အစိတ်အပိုင်းများတွင် ဒဏ်ရာများရရှိခဲ့သည်။ ကိုမောင်မောင်လေးမှာ ခြေထောက်တွင် ပြတ်ရှ ဒဏ်ရာရရှိပြီး တစ်ကိုယ်လုံးမှာ ဖူးရောင်ဒဏ်ရာရရှိခဲ့ပါသည်။ ၄င်းတို့မှ ပါရှိသော ကင်မရာ၊ အသံဖမ်းစက် နှင့် ငွေများအယူခံ ရပုံကိုလည်း ယခုလိုဆက်ပြောပါသည်။

" ကျွန်တော်တို့ ရိုက်လဲတဲ့အခါမှာ ကျွန်တော်က သွေးအိုင်ထဲမှာလဲကျသွားတယ်။ ကိုကျော်ကျော်တို့ကနေ ကျွန်တော့်ခန္ဓာကိုယ် မှာရှိတဲ့ အိတ်တွေကိုရှာပြီးတော့ ကျွန်တော်မှာရှိတဲ့ ငွေ (၇) သောင်းနဲ့ ဒစ်ဂျီတယ် ကင်မရာတစ်လုံးရယ်၊ နာရီရယ်၊ အသံဖမ်းစက်ရယ်၊ အကုန်ရှာပြီးတော့ယူသွားတယ်။

၄င်းအနေနှင့် သေလောက်သည့်ဒဏ်ရာရခဲ့သော်လည်း လူအခွင့်အရေးကာကွယ်မြှင့်တင်ရေးလုပ်ငန်းကိုမှု ဆက်လုပ်သွားမည်ဟု ဆက်ပြောခဲ့ပါသည်။

**အစသို့**

---

## စိန်စီသောညအခွေနှင့် စပ်လျဉ်း၍ ဖမ်းဆီးခံရသူနှစ်ဦး ထောင်ဒဏ် (၂) နှစ်ချမှတ်

*၂၅၊ ၀၄၊ ၂၀၀၇*

ဗိုလ်ချုပ်မှူးကြီး သန်းရွှေသမီး မင်္ဂလာဆောင်နှင့် လူထုအခက်အခဲမျှောအား ယှဉ်ပြီး မီးမောင်းထိုး တင်ဆက်ထားသည့် စိန်စီသောည ဗီဒီယိုအခွေ လက်ဝယ်တွေ့ရှိမှုနှင့်ဖမ်းဆီးထားသည့် ညောင်တုန်းမြို့မှ ကိုတင်ဌေးနှင့် ကိုသန်းထွန်းတို့ နှစ်ဦးကို ယနေ့ ညောင်တုန်းမြို့နယ် တရားရုံးမှ ထောင်ဒဏ်စီရင်ချက် ချမှတ်လိုက်ကြောင်းသိရှိရပါသည်။ ၄င်းအခြေအနေနှင့် ပတ်သက်ပြီး ကိုတင်ဌေး၏ ရှေ့နေ ဦးခင်မောင်ရှိန်မှ ယခုလို ပြောပြပါသည်။

"(၅၀၅/ခ) နဲ့ (၁) တရားခံ ကိုသန်းထွန်းကို အလုပ်ကြမ်းနဲ့ ထောင်ဒဏ် (၂) နှစ်၊ (၂) တရားခံ ကိုတင်ဌေးကို အလုပ်ကြမ်းနဲ့ ထောင်ဒဏ် (၂) နှစ် ချပါတယ်။ ကိုသန်းထွန်းက ဗီဒီယိုခွေအက် (၃၂/ခ) နဲ့က (၂) နှစ်၊ နောက်တခါ (၃၆) နဲ့က (၆) လ၊ ဗီဒီယိုအက်နဲ့က (၂) နှစ်ခွဲ ကျပါတယ်။ တပေါင်းထဲ မဟုတ်ဘဲနဲ့ သီးခြားဆီ ဖြစ်နေတယ်။"

၄င်းတို့နှစ်ဦးကို တရားရုံးမှ ထောင်ချလိုက်သည့်အပေါ် ကိုတင်ဌေး၏ဇနီး မမာမာလွင်မှ ယခုလို ဝေဖန်ပြောကြား ထားပါသည်။

"ဦးသိန်းဇံ၏ အမှုကိစ္စ လွတ်မြောက်ခြင်းကို ကြည့်လို့ရင် ကိုတင်ဌေးကိုလဲ သာသာထိုးထိုးနဲ့ လွတ်မြောက်နိုင်မယ်လို့ ကျမတို့ တွက်ဆထားတာပေါ့နော်။ ဥပဒေ လမ်းကြောင်းအရလဲ သူ့မှာသက်သေ ဘာမှ သက်သေခိုင်လုံခြင်း မရှိဘူး၊ လက်ဝယ်ထားရှိမှုလဲ မရှိဘူး၊ သံသယနဲ့ စွဲထားတဲ့ကိစ္စမှာ အခုလို ပုဒ်မစွဲလိုက်ပြီး တခါထဲ စီရင်ချက် ချလိုက်တယ်ဆိုတော့ ဒါကတော့ ကျမတို့စိတ်ထင် တရားနည်းလမ်း မကျဘူးလို့ ထင်ပါတယ်။"

ဦးသန်းထွန်း၏သားဖြစ်သူ မောင်အောင်အောင်ကလည်း ဖခင်ဖြစ်သူ မတရား ထောင်ချ ခံလိုက်ရသည့်အပေါ် ယခုလို ပြောဆိုပါသည်။

"ကျနော့်အဖေ ဦးသန်းထွန်းက ဥပဒေမဲ့စွာ တရားဝင် ထောင် (၄) နှစ်ခွဲ ချလိုက်တာနဲ့ ပတ်သက်ပြီး ကျနော့်ရဲ့ ခံစားချက်ကို ပြောပါရစေ။ ကျနော့်အဖေဟာ ချဲဒိုင်တယောက် မဟုတ်ပါဘူး၊ အရက်ရောင်းစားတဲ့သူ တယောက်လဲ မဟုတ်ပါဘူး၊ မကောင်းတဲ့ မိန်းမပျက်နဲ့ စားသောက်ဆိုင် ဖွင့်နေတဲ့ ဒုစရိုက်သမားတယောက်လဲ မဟုတ်ပါဘူး။ ကျနော်တို့မြို့မှာ ချဲဒိုင်တွေ၊ နှစ်လုံးဒိုင်တွေ တရားမဝင် အရက်ဆိုင်တွေ မိန်းမပျက်တွေနဲ့ စားသောက်ဆိုင် ဖွင့်နေတဲ့သူတွေ တရားမဝင် ဆီရောင်းတဲ့သူတွေ ရှိပါတယ်။ အဲဒီ ဒုစရိုက်သမားတွေက နယ်မြေထောက်လှမ်းရေးတွေ၊ ရဲတပ်ဖွဲ့တွေကို လိုင်းကြေးပေးပြီး တရားမဝင် ပေါ်ပေါ်တင်တင် ရပ်တည်နေကြပါတယ်။ ဒုစရိုက်သမားတွေကို

လုံးဝ အရေးမယူဘဲ အပြစ်မရှိတဲ့ ကျနော့်အဖေ အခု မတရား အရေးယူခဲ့တဲ့ ညောင်တုန်းမြို့က စစ်အာဏာပိုင်တွေနဲ့ လက်ရှိစစ်အစိုးရကို လုံးဝ မကျေနပ်ကြောင်း ကျနော် ပြောကြားချင်ပါတယ်။”

ယနေ့ ညောင်တုန်းတရားရုံးကို (၈၈) မျိုးဆက် ကျောင်းသားများနှင့် အင်္ဂါဘုရားဖူး အဖွဲ့များကလည်း သွားရောက် အားပေးခဲ့ကြကြောင်းသိရှိရပါသည်။ သို့ပေမဲ့ သူတို့ကို တရားရုံးထဲ ဝင်ခွင့်မပေးဘဲ အပြင်မှာပင် သုံးနာရီကျော်ကြာ မတ်တပ်ရပ်ပြီး စောင့်ခဲ့ကြရကြောင်းသိရှိရပါသည်။

**အစသို့**

---

## ကုန်ဈေးနှုန်းကျရေး ဆန္ဒပြခဲ့သူ ကိုထင်ကျော်နှင့်အဖွဲ့ကို လွှတ်ပေးရန် အိမ်ရှင်မများ တောင်းဆို

*၂၅ ၊ ၀၄၊ ၂၀၀၇*

ကုန်ဈေးနှုန်း ကျဆင်းရေး တောင်းဆိုဆန္ဒပြမှုနှင့်ဖမ်းဆီးခဲ့သည့် ကိုထင်ကျော်တို့ အဖွဲ့ကို အမြန်ဆုံး ပြန်လွှတ်ပေးရန် အိမ်ရှင်မများမှ ယနေ့ တောင်းဆိုလိုက်ကြပါသည်။ ပထမအကြိမ် သိမ်ကြီးဈေးရှေ့ ဆန္ဒပြစဉ်က ပါဝင်ခဲ့သည့် ဒေါ်မေဝင်းနှင့် ဒေါ်စန်းစန်းမြင့် ဦးဆောင်သည့် အိမ်ရှင်မများမှ ယနေ့ နေ့စွဲနှင့်ကြေညာချက်ထုတ်ပြန် တောင်းဆိုလိုက်ခြင်း ဖြစ်ပါသည်။ ယနေ့ထုတ် ကြေညာချက်မူရင်းကို ဒေါ်မေဝင်းမှ ယခုလို ဖတ်ကြားပြပါသည်။

“အိမ်ရှင်မများ၏ ကြေညာချက် ဧပြီ (၂၅) ရက်။ (၁) (၂၅၊ ၀၄၊ ၂၀၀၇) ရက်နေ့ Weekly Eleven စာမျက်နှာ (၆) အိမ်ရှင်မများ အနေဖြင့် လစာငွေ တိုးမြှင့်ပြီးတော့ နှစ်ပတ်လည်အချိန်တွင် ကုန်ဈေးနှုန်းများ တိုးမြင့်လာ၍ ဝင်ငွေနဲ့ထွက်ငွေ မမျှတတော့ကြောင်း ကျောင်းဆရာမ တဦး၏ အင်တာဗျူးကို ကိုးကားပြီး ရေးသားနေသည် ဖြစ်ပါသည်။ (၂) (၂၂၊ ၀၄၊ ၂၀၀၇) ရက်နေ့ စံပြဈေး၌ မောင်ထင်ကျော်ပါ (၈) ဦးသည် ကုန်ဈေးနှုန်း ကြီးမြင့်မှု အပါအဝင် အချက် (၁၇) ချက်ကို တင်ပြခြင်းဖြစ်ရာ နိုင်ငံတော် အကြီးအကဲများက ပြည်သူ့ဆန္ဒထုတ်ဖော် တိုင်တန်းခွင့်ရှိသည်ဟု တရားဝင် ပြောကြားချက်ကို ဖော်ထုတ်ကြခြင်း ဖြစ်ပါသည်။ ပြည်သူနှင့် အိမ်ရှင်မများ၏ကိုယ်စား အမှန်တရားကို ဖော်ထုတ်ခဲ့သော မောင်ထင်ကျော်တို့ အဖွဲ့အား အမြန်ဆုံး ပြန်လည်လွှတ်ပေးရန်နှင့် ပြည်သူ့ကိုယ်စားပြု တောင်းဆိုချက်များကိုလဲ အမြန်ဆုံး အကောင်အထည် ဖော်ပေးရန် နိုင်ငံတော် အကြီးအကဲများအား ကျမတို့ အိမ်ရှင်မများမှ တောင်းဆိုမှု ပြုလုပ်လိုက်ပါသည်။”

အိမ်ရှင်မများဆိုသည့် အဖွဲ့အစည်းတခု မဟုတ်သေးကြောင်းကိုလည်း – – –

“မဖွဲ့ပါဘူး၊ ကျမတို့ (၂၂) ရက်နေ့က ပေါ်ပေါက်ခဲ့တဲ့ ဆန္ဒပြမှုက ပေါ်ပေါက်လာသော အိမ်ရှင်မများပါ။ ပါဝင်လာမဲ့ အိမ်ရှင်မများ ရှိခဲ့မယ်ဆိုရင်လဲ အိမ်ရှင်မတွေရဲ့ အဖွဲ့အစည်း တခုပေါ့နော်၊ အခု လောလောဆယ်မှာတော့ အဖွဲ့အစည်း မဖွဲ့သေးပါဘူး။ ကျမတို့ကို ဖမ်းဆီးထိန်းသိမ်းသွားတယ်၊ (၂၄) ရက်မှာ နိုင်ငံတော် အကြီးအကဲများကို ကျမတင်ပြခဲ့တဲ့ အခါကျတော့ သူတို့ ပြန်လွှတ်ပေးတဲ့ (၂၇) ရက်နေ့မှာ ကျနော်တို့ နိုင်ငံတော်ဟာ ကိုယ်ကျိုး လုပ်နေတာ မဟုတ်ပါဘူး၊ ဒေါ်မေဝင်းတို့ရဲ့ တောင်းဆိုမှုတွေကို မနေ့အမြန် ဆောင်ရွက်ပေးပါမယ်လို့ သူတို့ ပြောခဲ့တဲ့ ကတိ။ ဒီ ကတိကိုကျမတို့ စောင့်ခဲ့တာ ရက်ပေါင်း (၆၀) ကျော်ပါပြီ။ အခု (၆၀) ကျော်တဲ့အထိ ကုန်ဈေးနှုန်းဒဏ်က ခံရတာ ပိုလို့တောင် ဆိုးလာနေတာပါ။ ဆူပူသောင်းကျန်းတယ်ဆိုပြီး ဒီလို အပြောခံနေရတာ ကျမတို့က နောက်ထပ်တခါ ထွက်ပြီးတော့ ငြိမ်းချမ်းစွာ တောင်းဆိုရင်လဲ ကျမတို့က သူပုန်ဖြစ်မှာပဲ။ သူတို့ပြောပုံအရဆိုရင် အဲဒီတော့ ကျမတို့က စာနဲ့ပေနဲ့ ကြေညာချက် ထုတ်ပြီးတော့ သူတို့ဆီကို တရားဝင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီကို အိတ်ဖွင့်စာ ပေးမှာပါ။ ကျမ ဒေါ်မေဝင်းအနေနဲ့။”

ယနေ့ ထုတ်ပြန်ချက်ကို လာမည့် (၂၇) ရက်နေ့တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသသို့ပေးပို့မယ်လို့ ဒေါ်မေဝင်းမှ ဆက်ပြောပါသည်။ ၄င်းမှ ယခုလို ပြောဆိုနေသော်လည်း အစိုးရ သတင်းစာများတွင်မူ ကိုထင်ကျော်တို့ ဆန္ဒပြခြင်းကို မနှစ်သက်သည့် အနီးနားရှိ ပြည်သူများမှ ဝိုင်းဝန်းဖမ်းဆီး ပေးခဲ့ခြင်းဟု ဖော်ပြထားပါသည်။ သို့သော်ကိုထင်ကျော်တို့ ဆန္ဒပြစဉ် စောင့်ကြည့်ခဲ့သူ စံပြဈေးမှ ဈေးသည် ဒေါ်မြင့်မှ – – – –

“သူတို့ဟာသူတို့ ဖမ်းတာ။ လုပ်သားပြည်သူတွေကနေ ဝိုင်းပြီးတော့ လက်ခုပ်၊ လက်ဝါးတီးပြီးတော့ အားတောင်အား ပေးပါတယ်။ ရေဖူးတွေ ချပေးတဲ့လူနဲ့၊ လက်ခုပ်လက်ဝါး တီးပြီးတော့ အားရတဲ့လူနဲ့ ဒီသတင်းစာထဲမှာ ပြောတာတွေက လုံးဝ မဟုတ်ဘူး။ သူတို့ကိုယ်တိုင် ဝိုင်းဖမ်းတာ။ လူတွေရဲ့ အခက်အခဲ၊ တကယ်လဲ မီးကလဲ သူတို့ပြောသလိုပဲ မလာဘူး၊ စားဝတ်နေရေး ကုန်ဈေးနှုန်းကလဲ (၂၀၀၀) ရှိလဲ မလောက်ဘူး၊ (၃၀၀၀) ရှိလဲ မလောက်ဘူး၊ ရေတစည်ကို (၂၀၀)၊ မီးမလာတဲ့ အခါ ဖယောင်းတိုင်ဖိုးနဲ့၊ ဖြစ်နေတဲ့ လူတွေအတွက်ကို ဒီကိုလာပြီး သူတို့ရဲ့ကိုယ်စား ပြောပေးတော့ ပြည်သူလူထုက အရမ်းပဲ ဝမ်းသာပါတယ်။ ဝိုင်းဖမ်းပေးတယ်ဆိုတာ

ထင်ယောင်ထင်မှားဖြစ်အောင် လုပ်တာ။ သူတို့လိုရာ သူတို့ဆွဲပြီးတော့ ကုန်ဈေးနှုန်း ကြီးတာတို့၊ မီးမလာတာတို့ ဆန္ဒမပြဘဲနဲ့ အမေရိကန်တို့ ဆန္ဒပြရင်တော့ သူတို့က လက်ခံမှာလေ။”

ယနေ့ ကြေညာချက်ထုတ်ခဲ့သူ ဒေါ်မေဝင်းကို တတိုင်းပြည်လုံးမှ အိမ်ရှင်မများထံ ဘာများ ပြောလိုပါသလဲ မေးမြန်းရာတွင် အခုလို ပြောဆိုသွားပါသည်။

“ယနေ့ အရှိန်အဟုန် မြင့်ပြီးတော့ ကုန်ဈေးနှုန်း ဒဏ်ကို အလူးအလဲ ခံနေရတာကို ကျမတို့ အိမ်ရှင်မတွေ အနေနဲ့က ဒီလိုမျိုး ခံစားမှုတွေကို ရင်ဆိုင်ရင်းနဲ့ပဲ အသက်တွေ အသေခံသွားကြမလား၊ ကိုယ့်ဆန္ဒတရားတွေကို ဖော်ထုတ်တောင်းဆို ကြမှာလားလို့ ကျမ တင်ပြချင်ပါတယ်။”

**အစသို့**

---

## အရိုက်ခံရသူ ကိုမြင့်နိုင်ကို အုတ်ပုံရယက ဥက္ကဋ္ဌမှ ပြန်လည်တရားစွဲဆို

*၂၆ ၊ ၀၄၊ ၂၀၀၇*

ဟသ်ာတမြို့နယ် အုတ်ပုံကျေးရွာ အကြမ်းဖက်မှုအတွင်းတွင် ဝိုင်းဝန်းရိုက်နှက်သူများအား အာဏာပိုင်များမှအရေးယူခြင်း မရှိသေးသည့်အပြင် ရိုက်နှက်မှုထဲတွင် ပါဝင်သည့် အုတ်ပုံကျေးရွာ ရယကဥက္ကဋ္ဌ ဦးအောင်သန်းမှ အရိုက်ခံရသူ ကိုမြင့်နိုင်အား တရားစွဲလိုက်ကြောင်း သိရပါသည်။ ဟသ်ာတမြို့နယ် အုတ်ပုံကျေးရွာတွင် ရိုက်နှက်ခံခဲ့ရသည့် ကိုမြင့်နိုင်ကို ကျေးရွာ ဥက္ကဋ္ဌဦး အောင်သန်းမှ တရားစွဲဆိုလိုက်သည်ဟု သိရပြီး အမှုကို လာမည့်မေလ (၂) ရက်နေ့တွင် စစ်ဆေးရန် တရားရုံးမှ ဆင့်ခေါ်လိုက်ကြောင်း ကိုမြင့်နိုင်မှ ပြောပြပါသည်။

“ကျနော့်ကို မနေ့က နေ့လည်မှာ ကျနော်အိမ်ကို သမ္မန်စာ လာကပ်တယ်လို့ ပြောတယ်။ အဲဒီ သမ္မန်စာ မှာ ပါတဲ့ အကြောင်းအရာကတော့ (၅၀၅/ခ) နဲ့ ရယကဥက္ကဋ္ဌဖြစ်တဲ့ တည်ငြိမ်အုပ်စု အုတ်ပုံကျေးရွာက ဥက္ကဋ္ဌအောင်သန်းကနေ (၅၀၅/ခ) နဲ့ ပြန်လည် တရားစွဲတယ်လို့ ကြားတယ်။ နိုင်ငံတော် ဆူပူလှုံ့ဆော်မှုပေါ့။ ကျနော်ကတော့ အဲဒီလို နားလည်ထားတယ်။ ကျန်တဲ့ဟာတွေ ဘာလဲဆိုတာတော့ မသိဘူး။ အဲဒါ (၂၊ ၀၅၊ ၂၀၀၇) ရုံးချိန်းကို မပျက်မကွက် လာဖို့ပေါ့၊ အဲဒီလို ပြောသံတယ်။”

ပုဒ်မ (၅၀၅/ခ) ဆိုသည်မှာနိုင်ငံတော် အကြီးအကဲများအား အကြည်ညို ပျက်အောင် လုပ်မှု၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေး ထိခိုက်အောင် ဖန်တီးမှုနှင့်သက်ဆိုင်သည့် ပုဒ်မ ဖြစ်ပါသည်။ ယခု တရားစွဲဆိုခဲ့သည့် ကျေးရွာရယကဥက္ကဋ္ဌ ကိုအောင်သန်းသည် လူ့အခွင့်အရေး ကာကွယ်မြှင့်သူများဖြစ်သည့် ကိုမြင့်နိုင်နှင့် ကိုမောင်မောင်လေး တို့နှစ်ဦးကို ရိုက်နှက်မှုတွင် ပူးပေါင်းကျူးလွန်သူ တဦးဖြစ်သည်။ ၎င်းဖြစ်ရပ်တွင် ကြံ့ဖွံ့အတွင်းရေးမှူး ဦးညွန့်ဦး၊ ရဲတပ်ဖွဲ့ဝင်များစသည့် ဒေသအာဏာပိုင်များ ပါဝင်သည်ဟု ရိုက်နှက်ခံရသူများမှ အခိုင်အမာ ပြောဆိုပြီး အမှုဖွင့်ခဲ့ကြသော်လည်း ၎င်းအချက်များအား တလုပ်ထော် ရဲစခန်းမှ တိုင်ချက်တွင် ထည့်မရေးပေးခဲ့ပါ။ အစိုးရပိုင် သတင်းစာများမှ လူ့အခွင့်အရေး မြှင့်တင်သူအုပ်စုသည် တည်ငြိမ် အေးချမ်းမှု ပျက်ပြားအောင် လုပ်ခြင်းကြောင့် အုတ်ပုံကျေးရွာသူ ကျေးရွာသားများမှ ဝိုင်းဝန်းရိုက်နှက်တာပါလို့ ရေးသားခဲ့ပြီးသည့်နောက် ကိုမြင့်နိုင် တရားစွဲခံခဲ့ရခြင်း ဖြစ်ပါသည်။ အစိုးရ  သတင်းစာပါ အုတ်ပုံရွာသားများက ရိုက်နှက်တယ်ဆိုသည့် ကိစ္စသည် မဟုတ်ကြောင်းအမည်မဖော်လိုသည့် အုတ်ပုံရွာသားတဦးမှ ယခုလို ပြောပြပါသည်။

“ကျနော်တို့ အစစ်အမှန် ပြောဆိုချင်တာကတော့ သူတို့ နယ်ထိန်းသန်းထိုက်၊ ရယက အဲဒီလို ဟာမျိုးတွေကနေပြီးတော့ မြေစားပေးပြီးတော့မှ တခြား ရွာသူရွာသားတွေ ကြံ့ခိုင်ရေးတွေ တခြားဘေးရွာကနေ ခေါ်ဆောင်လာပြီးတော့ အုတ်ပုံရွာသားတွေပါဆိုပြီး သူတို့က ရိုက်ခြင်းဖြစ်တယ်။ အဲဒီလို ရိုက်လိုက်က်တဲ့ အပေါ်မှာလဲပဲ ကျနော်တို့ အုတ်ပုံကျေးရွာသူ ကျေးရွာသားတွေက ဦးမြင့်နိုင်တို့၊ ဦးမောင်မောင်လေးတို့ကို ကယ်တင်လို့လဲပဲ အသက်ရှင်သွားတာ။ ကျနော်တို့ ကျေးရွာသူကျေးရွာသားတွေကလဲပဲ ဦးမြင့်နိုင်တို့၊ ဦးမောင်မောင်လေးတို့ ရိုက်တာကို ဘယ်ကောင်တွေလဲကွ၊ ဘယ်သူတွေလဲ အဲဒါ ရှင်းရှင်း ပြောရရင် ကျနော်တို့ ကျေးရွာသူကျေးရွာသားတွေ ဝိုင်းဝန်းပြီးတော့ ကယ်တင်လိုက်လို့လဲ ဦးမြင့်နိုင်နဲ့ ဦးမောင်မောင်လေးက သက်ရှင်သန်ရခြင်း ဖြစ်ပါတယ်။ ဒီသတင်းအချက်အလက်တွေကို ဖော်ပြခြင်းကလဲ သူတို့က တဖက်စကားကို ယုံပြီးတော့မှ အာဏာပိုင်တွေကနေ ကျူးလွန်ဖောက်ဖျက်တဲ့ ဥပဒေကို ဖုံးကွယ်ချင်လို့သာလျင် ကျနော်တို့ အုတ်ပုံ ကျေးရွာသူ ကျေးရွာသားတွေကို သူတို့က အသုံးချခြင်းဖြစ်တယ်။”

၎င်းတို့ကို ရိုက်နှက်သူများအပေါ် အရေးမယူသေးကြောင်း ကြားသိရသော်လည်း ၎င်းအပေါ် စွဲထားသည် အမှုကိုတော့ ရင်ဆိုင်သွားမည်ဟု ကိုမြင့်နိုင်မှ ယခုလို ပြောပြသွားခဲ့ပါသည်။

“ကျနော်ကတော့ ဘယ်လိုရှိလဲဆိုတော့ ဥပဒေ အပြင်လူ သဘောနဲ့ ပြောမယ်ဆိုရင် လူစိမ်းတယောက်နဲ့တော့ ဘယ်ခံချင်မလဲ။ ဒါပေမဲ့ ကျနော်က ဥပဒေ ဘောင်ထဲက ပြည်သူလူထုတွေကို လူ့အခွင့်အရေးအကြောင်းတွေ နားလည်အောင် စိတ်ရှည်လက်ရှည်နဲ့ ပြောပြရမဲ့ HRDB တွေ ဖြစ်တဲ့အခါမျိုးကြောင့် ကျနော်တို့က HRDB လမ်းကြောင်း အမြင်နဲ့ပဲ ကြည့်လို့ရတယ်လေ။ ကျနော်တို့က သူတို့ အနေနဲ့ ဘယ်လိုပဲ ဥပဒေမဲ့စွာ ဆောင်ရွက်ပေမဲ့ ကျနော်တို့ကတော့ ဥပဒေရှိရှိနဲ့ ဥပဒေဘောင်ထဲကနေ ခုခံကာကွယ်ပြီးတော့ ဖြေရှင်းသွားမယ်ဆိုတာကို ကျနော့်ဘက်က ဒါကို ပြောရတယ်။”

---

## ဟသ်ာတခွဲ ရိုက်နှက်ခံရသူ အပါအဝင် ရွာသား (၆) ဦးကို ကြံ့ဖွံ့မှ တရားစွဲဆို

၂၇ ၊ ဧပြီ ၊ ၂၀၀၇

ဟသ်ာတမြို့နယ် အုတ်ပုံကျေးရွာတွင် ယခုလ (၁၈) ရက်နေ့မှ ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေး လှုပ်ရှားသူများ ရိုက်နှက်ခံရမှုနှင့် ပတ်သက်ပြီး အရိုက်ခံရသူကို ရိုက်နှက်သူမှ တရားစွဲဆိုလိုက်သည်ဟု သိရပါသည်။ ရိုက်နှက်ရာတွင် ပါဝင်သူဟုအများက ပြောဆိုနေသည့် အုတ်ပုံကျေးရွာ ရယက ဥက္ကဋ္ဌ ဦးအောင်သန်းမှ ရိုက်နှက်ခံရသူများဖြစ်သည့် ကိုမြင့်နိုင်နှင့် အုတ်ပုံရွာသား (၅) ဦး၊ စုစုပေါင်း (၆) ဦးကို တရားရုံးသို့လာရန် ယခုလို ဆင့်ခေါ်လိုက်ခြင်း ဖြစ်ကြောင်းကိုမြင့်နိုင်မှ ဒီဗွီဘီကို ပြောကြားခဲ့ပါသည်။ ၄င်းအမှုကို လာမည့်မေလ (၂) ရက်နေ့မှတွင် စစ်ဆေးရန် ဆင့်ခေါ်ထားပြီး ပုဒ်မ (၅၀၅/ခ) နိုင်ငံတော်အား အကြည်ညိုပျက်အောင် လုပ်ဆောင်မှု၊ ပုဒ်မ (၅၀၅/ဂ) လူစုလူဝေးနှင့် ဆူပူမှုဖြစ်အောင် လှုံ့ဆော်မှုများဖြင့် စွပ်စွဲထားခြင်းဖြစ်ပါသည်။ ၄င်းအမှုအတွက် သမ္မန်စာ အပို့ခံထားရသူများက ကိုယ်တိုင် အရိုက်ခံရပြီး မနေ့မှ ဆေးရုံကဆင်းလာသူ ကိုမြင့်နိုင်၊ ၄င်းအား ဆေးရုံတင်နိုင်အောင် ကူညီပေးခဲ့သူများဖြစ်သည့် အုတ်ပုံရွာမှ ကိုဝင်း၊ ကိုမြစိန်၊ ကိုလှရှိန်၊ ကိုမြင့်နှင့် တလုတ်ထော်ရွာမှ ကိုကျော်လွင်တို့ ဖြစ်ပါသည်။ အုတ်ပုံကျေးရွာတွင် ဖြစ်ပွားခဲ့သည့်ရိုက်နှက်မှုကို ဟသ်ာတမြို့နယ် ကြံ့ဖွံ့ အတွင်းရေးမှူး ဦးညွန့်ဦးကိုယ်တိုင် ဦးစီးစီစဉ်ခဲ့ခြင်းဟု ရိုက်ခံရသူများဖက်မှ ပြောဆိုထားပါသည်။ ဒါပေမဲ့ ကြံ့ဖွံ့ဘက်မှ ရိုက်နှက်သူသည် ရွာသားများသာ ဖြစ်သည်ဟုစစ်အစိုးရပိုင်သတင်းမှ ငြင်းဆိုထားပါသည်။ ၄င်းရိုက်နှက်မှုအတွင်း ကိုမြင့်နိုင်နှင့်ကိုမောင်မောင်လေးတို့ အပြင်းအထန် ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံတင်ခဲ့ရပါသည်။ ကုလသမဂ္ဂက ထုတ်ဝေထားသည့် နိုင်ငံတကာ လူ့အခွင့်အရေး ကြေညာချက်ကို လက်ဆင့်ကမ်း ဖြန့်ဝေသူများအား စစ်အစိုးမှ အာဏာပိုင်များထံမှ ယခုလိုမျိုး ရိုက်နှက်သည်ဆိုသည့် သတင်းသည် ကမ္ဘာ့တလွှားသို့ ချက်ချင်းပျံ့နှံ့သွားပြီး နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့များ၊ အစိုးရများ ကန့်ကွက်ခဲ့ကြပါသည်။ ဟောင်ကောင်အခြေစိုက် အာရှလူ့အခွင့်အရေး အဖွဲ့နှင့် လန်ဒန်အခြေစိုက် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့များမှ ချက်ချင်းကန့်ကွက်ပြီး၊ မနေ့က ကုလသမဂ္ဂ လူ့အခွင့်အရေး အရာရှိများနှင့် အမေရိကန်အစိုးရများမှ အပြင်းထန် ကန့်ကွက်ခဲ့ခြင်းဖြစ်ပါသည်။ ရိုက်နှက်မှု ကျူးလွန်သူများအား အမြန်ဆုံး အရေးယူပေးရန် နအဖဆီ တောင်းဆိုလိုက်ပါသည်။ ယခုလိုမျိုး နိုင်ငံတကာမှ တောင်းဆိုနေသည့် ကြားမှ ပြစ်မှုကျူးလွန်သည့် ရိုက်နှက်သူများအား ဘာမှ အရေးယူခြင်းမရှိသည့် အရိုက်ခံရသူများကိုသာ စွဲချက် တင်ရန် ပြင်ဆင်နေတာ ဖြစ်သည်ဟုသိရပါသည်။

**အစသို့**

---

## အောင်သပြေစခန်းဆီ အပို့ခံခဲ့ရသူ သဃ်န်းကျွန်း စံပြဈေးရှေ့ ဆန္ဒပြသူများ အခြေအနေ

၂၇ ၊ ဧပြီ ၊ ၂၀၀၇

ကြံ့ဖွံ့မှဖမ်းဆီးပြီး အောင်သပြေစခန်းဆီ အပို့ခံလိုက်ရသူ သဃ်န်းကျွန်း စံပြဈေးရှေ့က ဆန္ဒပြအဖွဲ့ဝင် (၇) ဦး၏ အခြေအနေကို တင်ပြလိုပါသည်။ ၄င်းတို့အား ပြီးခဲ့သည့် တနင်္ဂနွေနေ့တွင် စတင်ဖမ်းဆီးပြီး ယခု သတင်းတပတ်နီးပါး ကြာသည်အထိ မိသားစုထံမှ ဘာမျှအကြောင်းကြားခြင်း မရှိသေးဟုဖမ်းဆီးခံတဦးဖြစ်သူ ကိုသိန်းအောင်မြင့်၏ အစ်ကို ကိုစိုးမြင့်ထိန်မှ ဒီဗွီဘီကို ပြောကြားခဲ့ပါသည်။

“လောလောဆယ် အချိန်မှာတော့ သက်ဆိုင်ရာက တာဝန်ရှိသော ပုဂ္ဂိုလ်များက ကျနော်တို့ မိသားစုကို တစုံတရာ ဘာမှလာပြီးတော့ ဆက်သွယ်ခြင်း၊ အကြောင်းကြားသေးခြင်းတော့ မရှိသေးပါဘူး။ ဘယ်လို မျှော်လင့်ထားလဲ ဆိုတော့ ကျနော်က ကိုသိန်းအောင်မြင့်ရဲ့ အစ်ကိုတယောက် အနေနဲ့ သူတို့ ပထမအကြိမ် အဖမ်းရတုန်းက တပတ်ကြာတယ်။ (၆) ညနဲ့ တရက်ဆိုတော့ တပတ်ကြာတယ်။ တပတ်ကြာပြီးတော့ ပြန်လွှတ်ပေးလိုက်တယ်။ အဲဒီတုန်းက သက်ဆိုင်ရာကတော့ လိုက်စုံစမ်းတဲ့အခါ ကောင်းကောင်းမွန်မွန် ရှိတယ်ဆိုတဲ့အကြောင်း အဲဒီလောက် ကလေးတော့ သိရှိခဲ့ရပါတယ်။ အခုဟာကတော့ ဘာမှ ကျနော်တို့ သိရှိခြင်း မရှိသေးပါဘူး။”

ကိုသိန်းအောင်မြင့်နှင့်အတူ ဖမ်းဆီးခံနေရသူ (၇) ဦး၏ ဤမည်များမှာ မြောက်ဥက္ကလာပမှ ကိုထင်ကျော်၊ လှိုင်သာယာမှ ကိုသန်းဇော်မြင့်၊ တောင်ဒဂုံမှ ကိုလေးလွင်၊ ကိုမြင့်စိန်နဲ့ ကိုတင်မောင်ကြည်တို့ ဖြစ်ပါသည်။ ၄င်းတို့အားလုံးသည်အသက် (၂၅) နှစ်မှ (၄၀) ကြား လူငယ်များဖြစ်ပြီး၊ စီးပွားရေး ကြပ်တည်းလွန်းခြင်းကြောင့် မခံမရပ်နိုင်ဖြစ်ပြီး၊ ယခုလို ဆန္ဒပြကြခြင်း ဖြစ်သည်ဟု ကိုစိုးမြင့်ထိန်နှင့်အတူ ဖမ်းဆီးခံ မိသားစုများအား သွားရောက်အားပေးခဲ့သူ အမျိုးသားရေး ဦးဝင်းနိုင်မှ ယခုလို ပြောပါသည်။

"ဒီလူတွေ ဘာကြောင့် ဆန္ဒပြရတယ်ဆိုတဲ့ဟာကို ကျနော် အဲဒီမှာ ကွက်ကွက်ကွင်းကွင်း မြင်လိုက်တော့ သဘောပေါက်သွားတယ်။ ဘာကြောင့်လဲလို့ဆိုရင် သူတို့ နေရတဲ့အိမ်က မရှိသေစကားဗျာ အိမ်သာသာလေးပဲ ရှိတယ်။ နိမ့်ထားတယ်၊ ထရံကာထားတယ်၊ ဝါးခင်းထားတယ်၊ အခန်းမရှိဘူး၊ ခုနိမိုးကလဲ ကြယ်မြင်၊ လမြင် မဟုတ်ဘူး၊ စကြဝဠာတခုလုံး မြင်နိုင်တယ်။ ဘေးကအကာ ဆိုတာကလဲ လေဒလဟောတိုက်လို့ အဲယားကွန်းတောင် မလိုဘူးလို့ ကျနော်တို့ ပြောလို့ရတယ်။ ခက်တာက လေပူချည်းပဲ ကွင်းပြင်က ဖြတ်တိုက်လာတော့ အဲယားကွန်းလိုတော့ မဟုတ်ဘူးပေ့ါ။ အဲဒီတော့ ကလေးတွေ၊ သားသမီးတွေ တချို့ဆို (၃) ယောက်၊ (၄) ယောက်၊ ဝင်ငွေလဲ မရှိဘူး၊ ယောကျ်ားလုပ်တဲ့သူတွေက ဆိုက်ကားနင်းတယ်၊ အမလုပ်တဲ့ သူက ပန်းရောင်းမယ်၊ စသဖြင့် အဲဒီလိုနဲ့ ရှာဖွေပြီးတော့ လုပ်ကြတယ်၊ ကိုင်ကြတဲ့ဟာမှာ ဒီ မလောက်မင၊ မဝတဝ စားရတဲ့ ဘဝကိုရောက်တဲ့အတွက် ထွက်ပြီးတော့ သူတို့ ဆန္ဒပြကြတယ်ဆိုတာ သဘောပေါက်လာလို့ ကျနော် ရင်နာလာတာပါ။ သူတို့ရဲ့ ဘဝကို ကျနော် သိပ်ကို ကိုယ်ချင်းစာမိတယ်။ တချို့ဆိုရင် ကျနော့်ကို ဘယ်လောက်အထိ သူတို့ ပြောပြလဲဆို မနက်စာကို ညစာနဲ့ ပေါင်းပြီးတော့ ညနေ (၃) နာရီလောက်မှ သူတို့ စားတယ်တဲ့။ (၃) နာရီလောက်မှ စားတဲ့အခါကျတော့ ညလဲမစားတော့ဘူး။ တနပ်ထဲနဲ့ ပြီးသွားတယ်။ အဲဒီလိုမျိုး အငတ်ခံရတဲ့ ဒါတွေကို လူကြီးတွေကို ကျနော်က သိမြင်စေချင်တယ်။ ဖြစ်နိုင်ရင် ကျနော်ကိုယ်တိုင် ခေါ်ပြီတော့ နိုင်ငံတော် အကြီးအကဲတွေကို ခေါ်ပြီးတော့ လိုက်တောင် ပြချင်တယ်။"

၄င်းတို့ (၇) ဦးကို ကြံ့ဖွံ့နှင့် ရဲတပ်ဖွဲ့များမှ ရိုက်နှက် ဖမ်းဆီးခြင်းဖြစ်ပြီး၊ စစ်ဘက်လုံခြုံရေး၊ အထူးစစ်ဆေးရေးစခန်းတွင် (၅) ရက်ကြာ စစ်ဆေးပြီးတဲ့နောက် ဒီကနေ့တွင် အောင်သပြေ စခန်းဆီပို့လိုက်ပြီဟု အခြား သတင်းရပ်ကွက် တခုမှ ဒီဗွီဘီကို ပြောကြားခဲ့ပါသည်။

**အစသို့**

---

## အဖွဲ့ချုပ် ဒု–ဥက္ကဋ္ဌဦးတင်ဦး၏ အယူခံလွှာ စစ်အစိုးရ ဝန်ကြီးအဖွဲ့ထံ တင်သွင်း

*၂၈ / ၀၄/ ၂၀၀၇*

(၂၀၀၇) ခုနှစ် မေလ (၃၀) ရက်နေ့ကတည်း အကျဉ်းချုပ်၊ အကျယ်ချုပ် အမျိုးမျိုးနှင့် ဖမ်းဆီးခံနေရသူ အဖွဲ့ချုပ် ဒု–ဥက္ကဌ ဦးတင်ဦးအတွက် အဖွဲ့ချုပ်ရှေ့နေများမှ အယူခံလွှာ တင်သွင်းလိုက်ကြောင်း သိရပါသည်။ မနေ့က ပြုလုပ်သည့် အဖွဲ့ချုပ် ခေါင်းဆောင်များ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ စစ်အစိုးရဝန်ကြီး အဖွဲ့ထံသို့ ယခုလို တင်သွင်းလိုက်ခြင်း ဖြစ်သည်ဟု အဖွဲ့ချုပ် ဥပဒေအထောက်ကူပြုအဖွဲ့မှ ရှေ့နေဦးဉာဏ်ဝင်းက ယခုလို ပြောပြထားပါသည်။

"ဝန်ကြီးအဖွဲ့ကို ကျနော်တို့ အယူခံကို မနေ့က တင်လိုက်ပါတယ်။ တင်တဲ့နေရာမှာ ဒီဟာကို ကျနော်တို မတင်ခင် တိုးချဲ့တဲ့ အမိန့် မိတ္တူရရှိရေး ကြိုးစားပြီးတော့ စာတွေဘာတွေ ပို့ပါတယ်။ သို့သော် အဲဒီအမိန့် မိတ္တူလဲ မရပါဘူး။ မရပေမဲ့ ကျနော်တို့က ဥပဒေမှာပါတဲ့ အယူခံ အခွင့်အရေးကို ကိုင်ပြီးတော့ ဦးတင်ဦးအတွက် အယူခံကို မနေ့က တင်ပါတယ်။ အယူခံဆိုတာ သူ့အခု တိုးချဲ့တဲ့အမိန့်တို့၊ စပြီးတော့ အကျယ်ချုပ်ထားတဲ့ အမိန့် ဒီအမိန့် မှန်သမျှဟာ အယူခံခွင့် ရှိတယ်လို့ အဲဒီ ဥပဒေမှာ အဲဒီဥပဒေဆိုတာ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ ဘေးအန္တရာယမှ ကာကွယ်သည့် ဥပဒေပုဒ်မ (၂၀) မှာ သူက အတိအလင်း ပြဌာန်းထားတယ်။ အဲဒီ ပုဒ်မ (၂၀) အရ ကျနော်တို့က အယူခံ တင်သွင်းခဲ့တာ ဖြစ်ပါတယ်။ အရင်တုန်းကလဲ ကျနော်တို့ တင်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် အတွက်လဲ တင်တယ်၊ ဦးတင်ဦးအတွက်လဲ တင်တယ်၊ ဒီ ဥပဒေမှာ အဲဒီလို အတိအကျ ပြဌာန်းထားပေမယ့်လို့ သက်ဆိုင်ရာ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေက ကျနော်တို့ကို မတုန့်ပြန်ပါဘူး။ အဲဒီလို မတုန့်ပြန် ပေမယ်လို့ ကျနော်တို့မှာ ဥပဒေမှာ အထိုက်တဲ့ အခွင့်အရေး ဖြစ်တဲ့ အခု အယူခံကို ထပ်တင်ရတာပါ။"

အကျဉ်းချုပ်၊ အကျယ်ချုပ် အမျိုးမျိုးနှင့် ဖမ်းဆီးခံနေရသည်မှာ (၄) နှစ်ပြည့်ရန် တလသာ လိုသည့် အဖွဲ့ချုပ် ဒု–ဥက္ကဌဦးတင်ဦးအတွက် အယူခံတင်သွင်းမှုအကြောင်း ရှေ့နေ ဦးဉာဏ်ဝင်း ပြောပြသွားခြင်း ဖြစ်ပါသည်။ အသက် (၈၀) ရှိနေပြီဖြစ်သည့် ဦးတင်ဦးကို ဒီပဲယင်းအရေးအခင်း ဖြစ်ပွားသည့် မေလ (၃၀) ရက်နေ့ ညမှာကတည်းက ဖမ်းဆီးပြီး စစ်ကြောရေးစခန်း အဆင့်ဆင့်ကနေ ကလေးထောင်သို့ ပို့ဆောင်ခဲ့ပါသည်။ ၄င်းတွင် တနှစ်နီးပါးကြာပြီး ရန်ကုန်ရှိ နေအိမ်သို့

ပြောင်းရွှေ့အပြီး အကျယ်ချုပ်နဲ့ ဖမ်းဆီးထားသည်မှာ ယခုချိန်ထိပင် ဖြစ်ပါသည်။ ၎င်းကိုပြီးခဲ့သည့် ဖေဖော်ဝါရီလ (၁၃) ရက်နေ့တွင် ပုဒ်မ (၁၀/ခ) နှင့် အကျယ်ချုပ်တနှစ် ထပ်တိုးခဲ့ခြင်းဖြစ်ပြီး အဲဒီလို ထပ်ခါ ထပ်ခါ စည်းကမ်းမဲ့ ထောင်သက်တိုးနေမှု အပေါ် အဖွဲ့ချုပ်ဘက်မှ ယခုလိုမျိုး ဥပဒေကြောင်းအရ စိမ်ခေါ်လိုက်ခြင်း ဖြစ်ကြောင်း ဦးဉာဏ်ဝင်းမှ ထပ်ဖြည့်ပြောကြား ခဲ့ပါသည်။

**အစသို့**

---

## အကျဉ်းသားများအား ထောက်ပံ့နေသည့် ဘာသာရေးအဖွဲ့ဝင်တဦးကို ဖမ်းဆီးရန်ကြိုးစား

*၂၉ ၊ မေ ၊ ၂၀၀၇*

နအဖ အကျဉ်းထောင်တွေထဲတွင် အကျဉ်းသားများနှင့် ရဲဘက်စခန်းများမှ အကျဉ်းသား ရဲဘက်များကို ဘာသာရေးအရ စာနာထောက်ပံ့ ကူညီနေသည့် ချင်း ခရစ်ယာန် ဘာသာရေးအဖွဲ့ တည်ထောင်ခဲ့သူ တဦးကို နအဖ အာဏာပိုင်များ ဖမ်းဆီးရန် ကြိုးစားခဲ့သည့်အတွက် မြန်မာပြည်မှ ထွက်ပြေးတိမ်းရှောင်လာခဲ့ရကြောင်း သိရပါသည်။ ပြီးခဲ့တဲ့ မတ်လ (၄) ရက်နေ့တွင် ဖာသာဒေါက်တာဂျိုးဇက် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် သာသနာပြု သွားရောက်နေစဉ်အတွင်း ရန်ကုန် ဗဟန်းမြို့နယ်အတွင်း ဖွင့်လှစ်ထားသည့် The Prison Charity Foundation (PCF) အကျဉ်းသားများအား ကြင်နာစောင့်ရှောက်ရေး အဖွဲ့ကို ရယက၊ မယက အပါအဝင် စုံစမ်းစစ်ဆေးရေး အဖွဲ့ဝင်များမှ လာရောက်စစ်ဆေးပြီး ရုံးခန်းကို ဆက်လက် လုပ်ကိုင်ခွင့် မပေးဘဲ ဖျက်သိမ်းလိုက်သည်ဟု သိရပါသည်။ ထို့အပြင် ဖာသာဒေါက်တာ ဂျိုးဇက်ယ၏ ဇနီးသည်နှင့် သမီးဖြစ်သူကိုလဲ အာဏာပိုင်များမှ ခေါ်ယူမေးမြန်းသည့်အကြောင့် ဖာသာ ဒေါက်တာဂျိုးဇက် အနေနှင့် မြန်မာပြည်ကို ပြန်ရန် မဖြစ်နိုင်တော့ဘဲ မလေးရှားနိုင်ငံတွင် ဒုက္ခသည်အဖြစ် ခံယူလိုက်ရသည်ဟု သိရပါသည်။ ၎င်းကိစ္စနှင့် ပတ်သက်ပြီး ဖာသာဒေါက်တာဂျိုးဇက်ကို ဆက်သွယ်မေးမြန်းခဲ့ရာတွင် ၎င်းမှ ယခုလို ပြောပြခဲ့ပါသည်။

"ကျနော် မတ်လ (၂) ရက်နေ့ ဘန်ကောက် ခရီးသွားတယ်။ (၄) ရက်နေ့ကျမှ ကျနော့် အမျိုးသမီးနဲ့ သမီးငယ် အဖမ်းခံရတယ်။ အဖမ်းခံရပြီးနောက်မှာ အဲဒီည မတ်လ (၄) ရက်နေ့ည (၇) နာရီကနေ (၁၀) နာရီ အတွင်းမှာ ရုံးကို ဖျက်သိမ်းလိုက်တယ်။ ဆိုလိုတာ ငှားထားတဲ့ အိမ်ကို ပစ္စည်းတွေ အကုန်လုံး သိမ်းကြုံးပြီးတော့ မြူနီစီပယ်က လုံးဝ ခွင့်မပြုဘူး ဆိုပြီးတော့မှ စာရွက်စာတမ်းအပါ အားလုံး သိမ်းကြုံးပြီးတော့မှ ထောက်လှမ်းရေး အမျိုးသမီးတွေရော၊ အမျိုးသားတွေရော (၈) ယောက်လောက် လာတယ် ဆိုပြီး သတင်းပို့လာတယ်။ အဲဒါနဲ့ ကျနော်လဲ မိသားစုဝင်တွေ ဇနီးသည်နဲ့ သမီးငယ် ဒုက္ခရောက်နေတယ်၊ ပြန်လာမှ ဖြစ်မလားလို့ ဆိုတဲ့ဟာကို အကြံတောင်းတဲ့အခါမှာ ဒီနိုင်ငံမှာ ဘာမှ လုပ်မရတော့ဘူး။ ဒီ ဘာသာရေးကို ဒီလို လုပ်ပြီးတော့။ ကျနော်တယောက်ထဲ မဟုတ်ဘဲနဲ့ အားလုံး မိသားစုတွေပါ ဒုက္ခရောက်ပါတယ် ဆိုပြီးတော့မှ အီးမေးလ်ဝင်လာတဲ့ အခါမှာ ပြောလို့ ပြန်လို့ မရတော့ဘူး။ မပြန်ရဲတော့ဘူး။ အဲဒီအခါမှာ ဘန်ကောက်ကနေ ကျနော်ဆက်ပြီးတော့ ခရီးနှင်လာတာ ဖြစ်တယ်။"

(၁၉၉၂) ခုနှစ်တုန်းမှ ဟားခါးမြို့ ရဲဘက်စခန်းတွင် သေဆုံးသွားသည့် အကျဉ်းသား (၃) ဦးကို သွားရောက်ကူညီ သင်္ဂြိုလ်ရာမှ ၎င်းအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး နောက်ပိုင်းတွင် အကျဉ်းထောင်နှင့် ရဲဘက်စခန်းများအား အဖွဲ့လိုက် သွားရောက်ပြီး ထမင်းကျွေး လှူဒါန်းခြင်း၊ အဝတ်အစား ပေးကမ်းထောက်ပံ့ခြင်း၊ ဘာသာရေး တရားဟောခြင်း၊ ဘာသာရေး စာအုပ်များ ထောက်ပံ့သည်ကို ထောင်အာဏာပိုင်များနှင့် ဘာသာရေးအရ နားလည်မှုယူပြီး အစဉ်တစိုက် ကူညီလုပ်ကိုင်ခဲ့သည်ဟု သိရပါသည်။ သို့ပေမဲ့ (၁၉၉၉) ခုနှစ်တွင် စစ်ထောက်လှမ်းရေးများမှာ ယခုလို လုပ်ဆောင်ချက်များနှင့် ပတ်သက်ပြီး အဖွဲ့ရဲ့ အမည်မှာပါသည့် အကျဉ်းသား (Prison) ဆိုသည့် စကားလုံးကို ပြောင်းလဲပြင်ဆင်ပေးဖို့ရန်နှင့် အမျိုးမျိုးပြောဆို ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့သည်ဟုသိရပါသည်။ ၎င်းအခြေအနေ အသေးစိတ်ကိုမူ ဖာသာဒေါက်တာဂျိုးဇက်မှ ယခုလို ပြောပြခဲ့ပါသည်။

"အဲဒီ Prison ကို အင်းစိန် အကျဉ်းထောင်ကြီးသည် Prison ဆိုပြီးတော့မှ ပါတယ်။ ကျနော်တို့လဲ Prison ဖြစ်တယ်။ အင်းစိန်ထောင်မှာ သွားရောက် တရားဟောပြီးတော့မှ မဟုတ်ဘဲ ထောင်သားတွေကို ထမင်းကျွေးဖို့ ဆိုပြီးတော့မှ ကျနော်တို့ အကူအညီ တောင်းတဲ့အခါမှာကျတော့ ထမင်းသက်သက်ပဲ ကျွေးခွင့်ပေးတယ်။ တရားဟောဖို့ မပြောနဲ့ ဆုတခုပဲ တောင်းပါလို့ ပြောလိုက်တော့။ ပြောချင်တာက အဲဒါနဲ့ ပတ်သက်လို့ ကျနော်တို့ ခရီးစဉ်ကို ဆက်လာတယ်။ အဲဒီလို ဆက်လာတဲ့ အခါမှာကျတော့ Prison ဆိုတဲ့ တခုကို ဖျက်ပါဆိုပြီးတော့မှ ထောက်လှမ်းရေးက လာပြီးတော့မှ ကျနော့်ကို အကြံလာပေးပါတယ်။ အဲဒီတော့ ကျနော်ကတော့ ဘုရားသခင်ကတော့ ဒီ Prison ကို ရူပါရုံအားဖြင့် ဖော်ပြထားတယ်ဆိုတယ် ဆိုတဲ့အခါမှာ ကျနော် ဒီဟာကို လွယ်လွယ်နဲ့ ဖျက်လို့ မရဘူးလို့ တခါ ငြင်းလိုက်တယ်။ နောက်တခါ လာပြီးတော့မှ သူ မဟုတ်ဘဲနဲ့ တခြားလူပေါ့။

အဲဒီလိုပဲ လာတယ်လေ။ ခင်ဗျားတို့ ဘယ်သူ ဘယ်ဝါပဲဖြစ်ဖြစ် ဒါကိုတော့ ကျနော် လက်မခံနိုင်ဘူးလို့ ဘာဖြစ်လို့လဲဆိုတော့၊ ဒါကို အစိုးရအနေနဲ့လဲ ဘာမှ ကျနော်တို့အနေနဲ့ အနှောင့်အယှက် မပေးဘူး။ အစိုးရ အနေနဲ့ ကျနော်တို့ကို မယုံသင်္ကာ ဖြစ်စရာအကြောင်း မရှိပါဘူး။ ဒီ Prison ကိစ္စလေးနဲ့ ဘာမှ နိုင်ငံရေး အဖွဲ့အစည်းလဲ မဟုတ်ပါဘူးလို့၊ ကျနော်တို့ ကျမ်းစာလာတဲ့ အတိုင်းပဲ ဒီ Prison ကတော့ Prison ပဲလို့၊ အဲဒါကြောင့် ကျနော် မဖျက်ပါရစေနဲ့လို့ ပြောတဲ့အခါမှာ ဒါနဲ့ ပတ်သက်လို့ နောက်ပိုင်းမှာ သက်ဆိုင်ရာ ရယကကို ကျနော်တို့ကို ခြိမ်းခြောက်လာပြီးတော့ တောင်းဆိုလာတယ်။"

နောက်ပိုင်းမှာတွင် အာဏာပိုင်တွေဘက်မှ ဝတ်ပြုဆုတောင်းခြင်း၊ ဓမ္မတေးသီချင်းဆိုခြင်း ကိစ္စများကို လူစုလူဝေး မလုပ်ရန် ခံဝန်လက်မှတ်များ ထိုးခိုင်းပြီး အာဏာပိုင်များမှ အဖွဲ့ကို အပြီးပိုင် ဖျက်သိမ်းလိုက်ခြင်း ဖြစ်ပါသည်။ **(PCF)** အကျဉ်းသားများအား ကြင်နာစောင့်ရှောက်ရေးအဖွဲ့သည် ဘာသာရေး အဖွဲ့ဝင် (၄၅၀) အထိရှိပြီး၊ ဘာသာရေး သက်သက်ကို လုပ်ဆောင်ခဲ့ခြင်း အဖွဲ့ဖြစ်ပါသည်။ အဖွဲ့မှ ခရစ်ဘာသာကို သွင်းပေး စောင့်ရှောက်ပေးခဲ့သည့် အကျဉ်းသားရဲဘက် (၂) သောင်း (၅) ထောင်ခန့် ရှိခဲ့သည်ဟု သိရပါသည်။ ယခုလို ထိထိရောက်ရောက် လုပ်ဆောင်လာခဲ့ပြီးနောက် ဖာသာ ဒေါက်တာဂျိုးဇက်သည် နအဖ အာဏာပိုင်များ၏ ဖမ်းဆီးမှုကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး မလေးရှားနိုင်ငံမှ ဒုက္ခသည်အဖြစ် ခိုလှုံနေထိုင်နေရကြောင်း သိရပါသည်။

**အစသို့**